# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

[ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေး ကို(၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၁.၉၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဦးစောအုန်း၊ မွန်(၉)၊ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ဦးမနားနိုင်၊ ချင်း(၁၀)၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်၊ တပ်မတော်။

ယခုတင်ပြတဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ (၁၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားသောမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာအမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်အတွင်းရှိ ရှားတော၊ ရွာသစ်၊ မယ်စဲ့၊ မော်ချီးတို့တွင် ပြည်သူများ ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လွိုင်ကော်မြို့နယ်၊ ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များ မှ ဓာတ်အားခွဲရုံတည်ဆောက်ပြီး ဓာတ်အားဖြန့်ဝေပေးမှုအစီအစဉ် မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုသောမေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ်အတွင်းရှိ ရှားတော၊ ရွာသစ်၊ မယ်စဲ့ နှင့် မော်ချီးတို့တွင် ပြည်သူများ ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လွိုင်ကော်မြို့နယ်၊ ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ် တို့တွင် ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ဓာတ်အားဖြန့်ဝေပေးမှု အစီအစဉ် မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ် အတွင်းရှိ ရှားတော၊ ရွာသစ်၊ မယ်စဲ့၊ မော်ချီးတို့တွင် ပြည်သူများ ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းမြို့နယ်များမှာဓာတ်အားခွဲရုံ တည်ဆောက်ပြီးဓာတ်အားဖြန့်ဝေပေးမှုအစီအစဉ်မည်သည့်အချိန်တွင်စတင်အကောင်အထည်ဖော် ဆောင်ရွက် ပေးမည်ဆိုသောမေးခွန်း သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မယ်စဲ့ မြို့နယ်မှာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မီးစက်ဖြင့် တစ်ရက်လျှင် (၂)နာရီခွဲ ဖြန့်ဝေ ပေးလျက်ရှိပါတယ်။ တိုးတက်လာသောလူဦးရေနဲ့ မကြာမီဖွင့်လှစ်တော့မယ့်နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုဖြစ်တာကြောင့် မြို့နယ်ရဲ့လိုအပ်ချက်အရ လက်ရှိမီးစက်နဲ့ လုံလောက်မှု မရှိတော့ပါ။ အိမ်တိုင်းမှာ မီးလင်းရုံမျှမဟုတ်ဘဲ တိုးတက်ပြောင်းလဲလာပြီဖြစ်တဲ့အတွက် လက်ရှိ မီးစက်နှင့် ဝန်နှင့်အား မမျှတော့ပါ။ မီးစက်မှာ မနိုင်သောဖြန့်ဖြူးမှုအားကို လည်ပတ်နေရသည့်အတွက်

မကြာခဏ စက်ချို့ယွင်းမှုကို ပြင်ဆင်နေရပါတယ်။ ၁၉-၄-၂၀၁၂ ရက်နေ့မှ ယနေ့အထိ မီးမရရှိဘဲ စက်ချို့ယွင်းမှုကို ပြင်ဆင်နေရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ဆိုတဲ့နေရာမှာ ကျွန်တော် ဒီမေးခွန်းကို တင်သည့်နေ့ကို ဆိုလိုခြင်းသာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနမှလည်း မီးစက်ဖြင့် ဓာတ်အားဖြန့်ဝေပေးမှုကြောင့် လစဉ်မီတာ တစ်ယူနစ်လျှင် (၃၂၅)ကျပ်နှုန်း ဆုံးရှုံးရတယ်လို့ သိရှိရတဲ့အပြင် မကြာခဏ စက်ချို့ယွင်းမှု ပြင်ဆင်စရိတ်ကလည်း များပြားပြီး ငွေလည်းကုန်၊ ပြည်သူအတွက်လည်း အကျိုးမရှိ ဖြစ်ရပါတယ်။ ဒါကြောင့် ကယားပြည်နယ်အတွင်းရှိ ရှားတောမြို့နယ်၊ ရွာသစ်မြို့နယ်ခွဲ၊ မယ်စဲ့မြို့နယ်၊ မော်ချီးတိုက်နယ်များရှိ ကျေးလက်များပါမကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာ နိုင်ရေးအတွက် မြို့နယ်များ၏ လိုအပ်ချက်အရ ပြည်သူများ ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး ဝန်ကြီးဌာန အရှုံးမပေါ်စေနိုင်ရေးအတွက် လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်းမြို့နယ်များတွင်၃၃/၁၁ ကေဗွီ၊ ၂ ကေဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်းရှားတော(၂၅)မိုင်၊ ရွာသစ်(၂၂)မိုင်၊ မယ်စဲ့(၂၅)မိုင်၊ မော်ချီး(၂၀)မိုင် တည်ဆောက်၍ ဓာတ်အားဖြန့်ဝေပေးမည့် အစီအစဉ် မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည် ဆိုသည်ကို သိရှိလိုပါသဖြင့် ကျွန်တော် ဦးနှင်းဝေ အမှတ်(၁၂) မယ်စဲ့မဲဆန္ဒနယ် ကယားပြည်နယ်မှ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လုပ်ငန်းသုံးမီတာနှင့် အိမ်သုံးမီတာ သုံးစွဲခြင်းအပေါ် မည်သည့် စည်းကမ်းဥပဒေဖြင့် ကောက်ခံနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လုပ်ငန်းသုံးမီတာနှင့် အိမ်သုံးမီတာ သုံးစွဲခြင်းအပေါ် မည်သည့် စည်းကမ်းဥပဒေဖြင့် ကောက်ခံနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉ ။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်သိလို၍ မေးမြန်းလိုတာကတော့မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှအိမ်သုံးမီတာသုံးစွဲခြင်းနှင့်လုပ်ငန်းသုံးမီတာ သုံးစွဲခြင်းတို့အပေါ်မှာ မည်သည့်စည်းကမ်းဥပဒေဖြင့် ကောက်ခံနေကြောင်းကို သိရှိလို၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အိမ်သုံးမီတာအတွက် တစ်ယူနစ်လျှင်(၃၅)ကျပ်နှုန်း၊ လုပ်ငန်းသုံးမီတာအတွက် တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်း၊ ပါဝါမီတာအသေးအတွက် တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်း၊ ကိုယ်ပိုင် ထရန်စဖော်မာအတွက် တစ်ယူနစ်လျှင် (၇၅)ကျပ်နှုန်း၊ အစုအဖွဲ့ပိုင် ထရန်စဖော်မာအတွက် တစ်ယူနစ်လျှင် (၇၅)ကျပ်နှုန်းတို့ဖြင့် ကောက်ခံနေကြောင်း လေ့လာသိရှိရပါတယ်။

သို့ပါသော်လည်း အိမ်သုံးမီတာဖြင့် အသုံးပြုနေသော အိမ်အချို့မှာ အမိုးရိပ်တစ်ခုတည်းအောက် အိမ်အတွင်းမှာဖြစ်စေ၊ အမိုးရိပ် တစ်ဆက်တစ်စပ်တည်းမှာ အဖီဆွဲ၍ဖြစ်စေ၊ မိမိတို့တစ်ပိုင်တစ်နိုင် မိသားစုစားဝတ် နေရေးအလို့ငှာ အိမ်သုံးမီတာမှ Lighting မီးကိုသာ အသုံးပြု၍ အိမ်ဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချခြင်း၊ ကွမ်းယာဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချခြင်းတို့ကို ပြုလုပ်လျက်ရှိပါတယ်။ ထိုသို့ အိမ်သုံးမီတာမှ မီးထွန်းရန်အတွက် Lighting မီးကိုသာ အသုံးပြုနေတဲ့ ဈေးဆိုင်ငယ်များ ပူးတွဲပါရှိတဲ့ အိမ်အချို့ကိုမူ အိမ်သုံးမီတာခနှုန်းထား (၃၅)ကျပ်နှုန်းဖြင့် မကောက်ခံဘဲ လုပ်ငန်းသုံးမီတာခနှုန်းထား (၇၅)ကျပ်နှုန်းဖြင့် ကောက်ခံနေမှုများလည်း ရှိနေပါတယ်။ ဒီလို ကောက်ခံတဲ့နေရာမှာလည်း တပြေးညီမဟုတ်ဘဲနဲ့ အလျဉ်းသင့်သလို ကောက်ခံနေတာကိုလည်း တွေ့ရှိရပါတယ်။ အလျဉ်းသင့်သလို ကောက်ခံနေတယ်

ဆိုတဲ့နေရာမှာ အိမ်ဆိုင်ရှိသူ အချင်းချင်း၊ ကွမ်းယာဆိုင်၊ ဆိုင်ငယ်ရှိသူအချင်းချင်း တချို့ဆိုင်များကို (၇၅)ကျပ်နှုန်း နဲ့ ကောက်ခံပြီးတော့၊ တချို့ဆိုင်များကို (၃၅)ကျပ်နှုန်းနဲ့ကောက်ခြင်းကို ဆိုလိုတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ဒီမိုကရေစီပန်းတိုင်ဆီကိုချီတက်လျှောက်လှမ်းနေတဲ့ အစိုးရသစ်အနေနဲ့ သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှု (Good Governance) ဖြစ်ဖို့အတွက် Rule of Law တရားဥပဒေစိုးမိုးမှုနဲ့၊ Transparency ပွင့်လင်းမြင်သာမှုဟာ အလွန်အရေးပါပြီးတော့ အခြေခံကျတဲ့ အကြောင်းတရားနှစ်ရပ်လို့လည်း ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ ဒီလိုအိမ်သုံးမီတာနဲ့ လုပ်ငန်းသုံးမီတာခများကို စည်းကမ်းဥပဒေ ခွဲခြားသတ်မှတ်ခြင်းမရှိဘဲနဲ့ အလျဉ်းသင့်သလို ရောထွေးယှက်တင်ကောက်ခံနေခြင်းအပေါ်မှာ ပြည်သူလူထုအနေနဲ့ အစိုးရအပေါ်မှာ ပွင့်လင်းမြင်သာမှု အားနည်းမှုကြောင့် သန့်ရှင်းမှု အားနည်းတယ်လို့ ယုံမှားသံသယ ဖြစ်လာနိုင်ပါတယ်။

ဒီအပြင် အလျဉ်းသင့်သလို စည်းကမ်းတကျ ကောက်ခံခြင်းမရှိတဲ့အတွက် Corruption ဆိုတဲ့ လာဘ်စားမှုမျိုးများလည်း ပေါ်ပေါက်လာနိုင်သလို ဥပဒေစိုးမိုးမှုပါ အားနည်းတယ်လို့ ထင်မြင်ယူဆလာနိုင်စရာ အကြောင်းလည်း ရှိပါတယ်။ ဒီအပြင် နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်များ ကိုလည်း ပြည့်ပြည့်ဝဝရရှိနိုင်ခြင်း မရှိဘူးလို့လည်း သုံးသပ်မိပါတယ်။ သို့ပါ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လုပ်ငန်းသုံးမီတာနှင့် အိမ်သုံးမီတာ သုံးစွဲခြင်းတို့အပေါ်မှာ မည်သို့သော စည်းကမ်းဥပဒေနှင့် ခွဲခြားကောက်ခံနေခြင်းနှင့်အလျဉ်းသင့်သလို ရောထွေးကောက်ခံနေမှုအပေါ် စိစစ်လမ်းညွှန်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ အစိုးရနှင့် ပြည်သူ၏ အကျိုးရှေးရှု၍ အပြုသဘောဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းဘူးမြို့နယ်၊ စကုမြို့၌ လျှပ်စစ်ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်သူဦး က မင်းဘူးမြို့နယ် စကုမြို့၌ လျှပ်စစ်ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သူဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက မင်းဘူး(စကု)မြို့နယ်ရှိ စကုမြို့၌ လျှပ်စစ်ဓာတ်အားခွဲရုံရာစ်ရုံအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စကုမြို့သည် မင်းဘူးမြို့နယ်အတွင်းမှာတည်ရှိပြီး မင်းဘူးမြို့နှင့် (၁၀)မိုင်ကွာဝေးသော မြို့တစ်မြို့ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေနဲ့ မန်းဓာတ်အားခွဲရုံမှတစ်ဆင့် စကုမြို့ဘက်အပိုင်းတွင် အောင်ပင်လယ်ရေတင်တွင် ၁၀၀ ကေဗွီအေ Transformer၊ ကြီးပင်ကန်ရွာတွင် ၁၀၀ ကေဗွီအေ ၊ ဝါစက်ရုံတွင် ၃၁၅ ကေဗွီအေ၊ ခ.လ.ရ(၁၀)တွင် ၁၆၀ ကေဗွီအေ၊ ကျောင်းရွာတွင် ၃၁၅ ကေဗွီအေ၊ စကုရုံးဝန်းအတွင်းတွင် ၅၀၀ ကေဗွီအေ၊ အောင်ချမ်းသာရပ်ကွက်တွင် ၃၁၅ ကေဗွီအေ၊ ဘုရားလှရပ်ကွက်တွင် ၃၀၀ ကေဗွီအေ နဲ့ လက်ခုပ်ပင်၊ ပင်လယ်သက်၊ ကျွဲတဲကျေးရွာ၊ ဇရပ်ကြီးကျေးရွာများတွင် ၁၀၀ ကေဗွီအေ၊ ကျောက်စံကျေးရွာတွင် ၂၅၀ ကေဗွီအေ နဲ့ ကျောက်စံရေတင်တွင် ၃၁၅ ကေဗွီအေ တို့ကို တပ်ဆင်သုံးစွဲကြပြီး အလမ္ပါယ်ကျေးရွာတွင်လည်း ၃၁၅ ကေဗွီအေ ကို တည်ဆောက်ခွင့်ပြုထားသည်ကိုလည်း သိရှိရပါတယ်။

လျှပ်စစ်သုံးစွဲမှု အနေအထားအရကြည့်မယ်ဆိုလို့ရှိရင် နေရာ(၁၅)နေရာ၏ သုံးစွဲမှုပမာဏနှင့် ဓာတ်အားခွဲရုံမှပေးနိုင်မှုပမာဏတို့ဟာ ကန့်သတ်ချက် ပြည့်လုနီးပါးဖြစ်နေပြီး၊ ရေရှည် သုံးစွဲမှုအတွက်ပင် အခက်အခဲ ဖြစ်နိုင်သည်ကိုလည်း သိရှိရပါတယ်။ မိမိမဲဆန္ဒနယ်မြေအတွင်းရှိ မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ဘက်အပိုင်းတွင် မင်းရွာကျေးရွာ၊ လျှော်ဖြူတောကျေးရွာ၊ ပေကုန်း ကျေးရွာ၊ ရွှေလောင်းကျေးရွာ၊ ရေပုပ်ကျေးရွာ၊ ကုလားပါးကျေးရွာနဲ့ တောဘိုကုန်းကျေးရွာတို့မှာလည်း ကျေးလက်မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားများကိုလည်း သုံးစွဲလိုကြပါတယ်။ မန်းဓာတ်အားခွဲရုံမှ ဓာတ်အားပေးနိုင်မှုပမာဏမှာလည်း ပြည့်နေပြီ

ဖြစ်ပါသဖြင့် ထပ်မံခာတ်အား သုံးစွဲလိုပါက စကုမြို့တွင် ခာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရမည် ဖြစ်ပါကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

စကုမြို့တွင် ခာတ်အားခွဲရုံ တည်ဆောက်လိုက်တဲ့အခါမှာ လက်ရှိသုံးစွဲနေသော နေရာ(၁၅)နေရာ၏ ရှေ့အနာဂါတ်တွင် ပိုမိုသုံးစွဲလာမည့် အခြေအနေအတွက် ကြိုတင်စီမံထားရာ ရောက်ရှိသကဲ့သို့ ထပ်မံသုံးစွဲနေသော နေရာများမှာလည်း အဆင်သင့်ဖြစ်နေမှာ ဖြစ်ပါတယ်။ မကွေးမြို့ မကြီးကန်ခွဲရုံမှ ပွင့်ဖြူမြို့သို့ သွယ်တန်းထားသော ၃၃ ကေဗွီခာတ်အားလိုင်းသည် စကုမြို့အရှေ့ဘက် (၁)မိုင်ခန့်အကွာမှ ဖြတ်သန်းသွယ်တန်းထားတာ ဖြစ်ပါတယ်။ သို့ပါ၍ စကုမြို့ဘက်အပိုင်းရှိ လျှပ်စစ်ခာတ်အားသုံးစွဲမှု ရေရှည်လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ထပ်မံ သုံးစွဲလိုသော ကျေးရွာများအား ခာတ်အားဖြန့်ဝေနိုင်ရန် စကုမြို့၌ လျှပ်စစ်ခာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၇။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် ကယားပြည်နယ် အမှတ်(၁၂) မယ်စဲ့မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ၏ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကယားပြည်နယ် ရှားတောမြို့နယ်တွင် မီးသုံးသူ (၁၈၂)ဦး ရှိပြီး၊ ၁၀၀ ကေဗွီ မီးစက်ဖြင့် တစ်လလျှင် ဆီ (၄၁၅)ဂါလန်အကုန်အကျခံပြီးတော့မှ ညနေ (၆)နာရီမှ(၈)နာရီအထိ တစ်ရက်(၂)နာရီခာတ်အား

ပေးလျက် ရှိပါတယ်။ ရှားတောမြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လွိုင်ကော်-ရှားတော (၃၃) ကေဗွီ ဓာတ်အားလိုင်း (၄၅)မိုင် တည်ဆောက်ပေးရမှာဖြစ်ပြီး၊ ရှားတောမြို့မှာ ၃၃/၁၁ ကေဗွီ (၃) အမ်ဗွီအေ ဓာတ်အား ခွဲရုံတစ်ခု တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

အဆိုပါဓာတ်အားလိုင်းနှင့် ခွဲရုံတို့ကို ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ရွာသစ်မြို့အတွက် မီးသုံးသူ (၁၉၉)ဦးရှိပြီးတော့ ၁၀၀ ကေဗွီအေမီးစက်နဲ့ တစ်လမှာ ဆီ (၄၀၅)ဂါလန် အကုန်အကျခံပြီး ညနေ (၆)နာရီမှ (၈)နာရီအထိ လောလောဆယ် တစ်ရက်ကို(၂)နာရီ ဓာတ်အားပေးလျက် ရှိပါတယ်။ ရွာသစ်မြို့ကို ဓာတ်အားစနစ်က ဓာတ်အားပေး နိုင်ဖို့အတွက် ဘော်လခဲမြို့မှာ ၃၃/၁၁ ကေဗွီ(၁)အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ ဘော်လခဲမြို့မှ ရွာသစ်မြို့သို့ (၁၁) ကေဗွီ ဓာတ်အားလိုင်း (၂၂)မိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းနဲ့ဓာတ်အားခွဲရုံတို့ကို၂၀၁၃-၂၀၁၄ခုနှစ်၊ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသဖြင့် ဘဏ္ဍာငွေရရှိပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

မော်ချီးမြို့မှာ မီးသုံးသူ (၈၆၆)ဦးရှိပြီး ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် ဖားဆောင်းမြို့တွင် ၃၃/၁၁ ကေဗွီ (၁)အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ဖားဆောင်းမှ မော်ချီးသို့ (၁၁)ကေဗွီ ဓာတ်အားလိုင်း (၂၁)မိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ ခွဲရုံနဲ့ ဓာတ်အားလိုင်းများကို ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ မယ်စဲ့မြို့မှာ မီးသုံးသူဦးရေ(၁၃၇)ဦး ရှိပြီး (၅၀)ကီလိုဝပ် မီးစက်ဖြင့် တစ်လလျှင် ဆီ(၃၈၅)ဂါလံ သုံးစွဲ၍ တစ်ရက်လျှင် (၂)နာရီ ဓာတ်အားပေးလျက်ရှိပါတယ်။ မယ်စဲ့မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးရန်အတွက် ဖားဆောင်းမြို့တွင် ၃၃/၁၁ ကေဗွီ (၁)အမ်ဗွီအေ ခွဲရုံနှင့်ဖားဆောင်းမှ မယ်စဲ့သို့(၁၁)ကေဗွီ ဓာတ်အားလိုင်း(၂၅)မိုင် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းမှာ သံလွင်မြစ်ကျော် တာဝါတစ်စုံ ထည့်သွင်းတည်ဆောက် ရမှာဖြစ်လို့ လည်းကောင်း၊ လောပိတကနေ ဖားဆောင်းအထိ (၃၃)ကေဗွီ ဓာတ်အားလိုင်းက လက်ရှိ အခြေအနေမှာ (၇၇)မိုင်ရှည်လျားနေပြီ ဖြစ်ပါသဖြင့် ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်လာနိုင်၍ လည်းကောင်း၊မယ်စဲ့သို့ (၁၁)ကေဗွီ ဓာတ်အားလိုင်းဖြင့်

ဓာတ်အားပေးရန် မသင့်လျော်သည့် အတွက် လက်ရှိဒီဇယ်စက်ကို အင်အားတိုးမြှင့်၍သော်လည်းကောင်း၊ ဓာတ်အားပေးနိုင်ရေး နည်းလမ်းရှာဖွေ၍သော်လည်းကောင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်မှာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဟူ၍ ပါရှိပါတယ်။ မီတာခများကောက်ခံခြင်းကိစ္စနဲ့ပတ်သက်ပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်ခြင်း မဟုတ်ပါဘဲနဲ့ ရန်ကုန်တိုင်းဒေသကြီး မပါ အခြားတိုင်းနဲ့ပြည်နယ်များမှာ မီတာကောက်ခံခြင်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာတော့ မီတာကောက်ခံခြင်းကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ကောက်ခံ ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ အောက်ပါ နှုန်းထားများအတိုင်း ကောက်ခံလျက်ရှိပါတယ်။ (က)အစိုးရဌာန။ ရုံးသုံး၊ စက်မှုလက်မှု လုပ်ငန်းသုံး တစ်လုံးတစ်ခဲတည်း ယာယီနဲ့လမ်းမီးများကို တစ်ယူနစ်လျှင် (၃၅)ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါတယ်။(ခ) အများပြည်သူ။ အိမ်သုံး၊ အိမ်သုံးပါဝါနဲ့ လမ်းမီးများ တစ်ယူနစ်လျှင်(၃၅)ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါတယ်။ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲ တည်း စီးပွားရေး လုပ်ငန်းသုံးနဲ့ ယာယီမီးများကို တစ်ယူနစ်လျှင်(၇၅)ကျပ်နှုန်းဖြင့်ကောက်ခံလျက်ရှိပါတယ်။(ဂ) နိုင်ငံခြားငွေဖြင့် ဓာတ်အားသုံးစွဲသူများကိုတော့ တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ (၀.၁၂)ဒေါ်လာနှုန်းဖြင့် ကောက်ခံလျက်ရှိပါတယ်။

ထိုသို့ ကောက်ခံမည်ဖြစ်ကြောင်းကိုလည်း သတင်းစာ၊ ဂျာနယ် ကြေငြာများနှင့် ဓာတ်အားသုံးစွဲသူများသို့ ကြိုတင်အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ အိမ်သုံး ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို အိမ်တွင်းအလင်းရောင်အတွက် အသုံးပြုခြင်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်း အသုံးအဆောင်များ အသုံးပြုခြင်းတို့ကို ဆိုလိုပါတယ်။ မီတာတပ်ဆင်ပေးရာတွင် အလင်းရောင်အတွက်သာ သုံးစွဲပါက ရိုးရိုးတစ်သွင် မီတာ (Single Phase) မီတာကို လည်းကောင်း၊ အိမ်သုံး

လျှပ်စစ်ပစ္စည်း အသုံးအဆောင်များအတွက် ပါဝါမီတာခေါ် သုံးသွင်မီတာ (Three Phase) ပါဝါမီတာကိုလည်းကောင်း ခွင့်ပြုတပ်ဆင်ပေးလျက် ရှိပါတယ်။ အိမ်တွင်းဝါယာကြိုးသွယ်တန်း သည့် နည်းစနစ်အရလည်းကောင်း၊ အလင်းရောင်သုံးရန်အတွက် ဝါယာသွယ်တန်းမှု လျှပ်စစ် အသုံးအဆောင်များအသုံးပြုရန် ပါဝါလိုင်းဝါယာ သွယ်တန်းမှုတို့ကို သီးခြားစီခွဲခြားပြီး သွယ်တန်းရ ပါတယ်။

မီးခလုတ်ခုံ(Main Switch Box) နှင့် ဖြူ့စ်ခုံ(Fuse Box) များကိုလည်း သီးခြားစီ တပ်ဆင်ရပါတယ်။ လုပ်ငန်းသုံးဆိုသည်မှာ လျှပ်စစ်ဓာတ်အားဖြင့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုခြင်းကို ဆိုလိုပါတယ်။ မီတာတပ်ဆင်ပေးရာတွင်လည်းကောင်း အိမ်တွင်း စီးပွားရေး လုပ်ဆောင်ပါက တစ်သွင်(Single Phase) မီတာကိုလည်းကောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ဆောင်ပါက ပါဝါမီတာခေါ် သုံးသွင် (Three Phase) မီတာကိုလည်းကောင်း၊ အကြီးစားစီးပွားရေး လုပ်ဆောင်ပါက ကိုယ်ပိုင်ထရန်စဖော်မာများ၊ CT မီတာတို့ဖြင့် လည်းကောင်း ခွင့်ပြု တပ်ဆင်ပေးလျက် ရှိပါတယ်။

အထွေထွေအိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံးပါဝါ မီတာမှ တစ်ဆင့် သုံးစွဲခွင့် မရှိသော စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော လျှပ်စစ်ဥပဒေ ၁၉၈၄ ကို ပြင်ဆင်သည့်ဥပဒေတွင် လျှပ်စစ်ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်ဟု အတိအလင်း ဖော်ပြထားပါတယ်။

ပုဒ်မ ၃၀ မည်သူမဆို အောက်ပါတစ်ရပ်ရပ် ကို ပြုလုပ်လျှင် ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တရားစွဲဆိုခြင်း ခံရမည့်အပြင် ပျက်စီးဆုံးရှုံးသော လျှပ်စစ်ပစ္စည်းကိရိယာ၏ ကာလတန်ဖိုး သို့မဟုတ် ယင်းပြုလုပ်မှုကြောင့် ဖြစ်ပေါ်သော နစ်နာ ဆုံးရှုံးမှုအတွက် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည့် ငွေကြေး ကို သက်ဆိုင်ရာ နိုင်ငံပိုင် အဖွဲ့အစည်းသို့ လျော်ကြေးအဖြစ် ပေးဆောင်ရမည်။ (က) နိုင်ငံတော်ပိုင် လျှပ်စစ်ပစ္စည်း ကိရိယာများကို ဖျက်ဆီးခြင်း၊ (ခ)နိုင်ငံတော်ပိုင် လျှစ်စစ်ပစ္စည်း ကိရိယာများကို သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်း၏ ခွင့်ပြုချက် မရရှိဘဲ အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ (ဂ) လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်း၊ (ဃ) သက်ဆိုင်ရာ နိုင်ငံတော်ပိုင် အဖွဲ့အစည်း၏ ခွင့်ပြုချက် မရရှိဘဲလျှပ်စစ်ဓာတ်အားကို ဆင့်ပွားဆက်သွယ် အသုံးပြုခြင်း၊ (င)

အထွေထွေ အိမ်သုံးမီတာ သို့မဟုတ် အိမ်တွင်းသုံး ပါဝါမီတာမှတစ်ဆင့် သုံးခွင့်မရှိသော စီးပွားရေးလုပ်ငန်းအတွက်လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခြင်းလို့ ဖော်ပြထားပါတယ်။ (စ)ကတော့ စက်မှုလက်မှုသုံးပါဝါမီတာကို ခွင့်ပြုဝန်အားထက် ကျော်လွန်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ရယူ သုံးစွဲခြင်းလို့ ဖော်ပြခဲ့ပါတယ်။

ဒါအပြင် အထွေထွေအိမ်သုံးမီတာမှ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပါကလည်း တရားမဝင် ဓာတ်အားသုံးစွဲသည်ဟု သတ်မှတ်ပြီး ၂၀-၁၁-၂၀၀၉ ရက်စွဲပါ တရားမဝင် ဓာတ်အား သုံးစွဲမှုကို အရေးယူမည့် လုပ်ထုံးလုပ်နည်း ရုံးအမိန့်စာ အမှတ် ၅၀၄/၂၀၀၉ ဖြင့် အောက်ပါ အတိုင်းအရေးယူဆောင်ရွက်ရန် ညွှန်ကြားထားပါတယ်။ ၃(ဂ) အထွေထွေအိမ်သုံး မီတာ၊ အိမ်တွင်းသုံးပါဝါမီတာမှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ အပိုဒ်ခွဲ(၁) စီးပွားရေးလုပ်ငန်း ဓာတ်အားခ နှုန်းထား ပြောင်းလဲတောင်းခံရန်၊ အပိုဒ်(၂) လျော်ကြေးငွေ တွက်ချက်တောင်းခံရန် ၊ အိမ်သုံးမီတာအရ(၃၅)ကျပ်နှုန်းဖြင့် ဓာတ်အားခပေးသွင်းပြီးဖြစ်၍၊ စီးပွားရေးလုပ်ငန်း ဓာတ်အားခနှုန်းထား(၇၅)ကျပ်မှ ဓာတ်အားခ ပေးသွင်းပြီး ဖြစ်သော (၃၅)ကျပ်ကို သွင်းပြီးငွေဟု ညှိနှိုင်း၍ (၇၅)ကျပ်(၅၀)ရာခိုင်နှုန်းဖြစ်သော ထပ်မံတောင်းခံရမည့် (၃၇.၅)ကျပ်နှုန်းဖြင့် တွက်ချက်ရန် စီးပွားရေးလုပ်ငန်း သုံးဓာတ်အားခ (၇၅)ကျပ်တွင် အိမ်သုံးမီတာဖြင့် (၃၅)ကျပ် ပေးသွင်းပြီးဖြစ်၍ ကျန်ငွေ(၄၀)ကျပ်ကိုသာ ထပ်မံတောင်းခံရန် (ကက)မီတာ Tampered မဖြစ်ပါက စီးပွားရေးလုပ်ငန်း တပ်ဆင်ဝန်အားအပေါ် တွက်ချက်ရန်၊ (ခခ)မီတာ Tampered ဖြစ်ပါက စီးပွားရေးလုပ်ငန်း အပါအဝင် တပ်ဆင်ဝန်အားအပေါ် တွက်ချက်ရရှိသည့် တွက်ချက် လျော်ကြေး ငွေနှင့် သတ်မှတ်ဒဏ်ကြေးငွေ ကျပ်(၅၀၀၀၀)တို့ကို တောင်းခံရန်၊ အပိုဒ်ခွဲ (၃) မီတာလောင်ကျွမ်းပါက မီတာအမျိုးအစားအလိုက် အစားထိုးတပ်ဆင်ခ (Replacement Value)ကိုတောင်းခံရန်၊အပိုဒ်ခွဲ(၄)လျှပ်စစ်ဓာတ်အားကိုအလင်းရောင်အတွက် အနည်းငယ်သာ အသုံးပြုသော အသေးစားစီးပွားရေးလုပ်ငန်းများကို လက်ရှိတပ်ဆင်ထားသော အိမ်သုံး မီတာဖြင့် ဝန်အားနိုင်နင်းပါက လက်ရှိအိမ်သုံးမီတာဖြင့်ပင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပြီး ဓာတ်အား သုံးစွဲမှု အားလုံးကို (၇၅)ကျပ်နှုန်း စည်းကြပ်ကောက်ခံရန်၊ ဓာတ်အားသုံးစွဲသူမှ အိမ်သုံးနှင့် စီးပွားရေးလုပ်ငန်းသုံးကို ဓာတ်အားခနှုန်းထားခွဲ၍ ပေးဆောင်လိုပါက စီးပွားရေး လုပ်ငန်းအတွက် သီးခြားမီတာ(၁)လုံးကို သတ်မှတ်ကြေးငွေပေးသွင်း၍ တပ်ဆင်ပေးရန်၊ လက်ရှိတပ်ဆင်ထားသော အိမ်သုံး မီတာဖြင့် ဝန်အားနိုင်နင်းမှုမရှိသော စီးပွားရေးလုပ်ငန်းများ

အတွက် သတ်မှတ်ကြေးငွေ ပေးသွင်း ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သီးခြားလုပ်ငန်းသုံးမီတာ တပ်ဆင်စေရန်၊ အပိုဒ်ခွဲ(၆) အပိုဒ်(၅)ပါ လုပ်ငန်းများအတွက် နောင်တွင်ထပ်မံစစ်ဆေး တွေ့ရှိရပါက ရာသက်ပန် ဓာတ်အားဖြတ်တောက်မည်ဖြစ်ကြောင်း အသိပေးရန်နှင့် ထပ်မံမပြုလုပ်ရန်အတွက် ကတိဝန်ခံချက် ရယူရန်ဆိုပြီး ညွှန်ကြားထားပါကြောင်း ဖြေကြား အပ်ပါတယ်။နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူဦး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ စကုမြို့ကို မင်းဘူးမြို့ မန်းဓာတ်အား ပေးစက်ရုံမှ ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံမှ (၁၁)ကေဗွီအေ စကုဖီဒါဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး လက်ရှိတွင် ကျေးရွာ(၉)ရွာကို ဓာတ်အားပေး ထားပြီး ဖြစ်သော်လည်း ထပ်မံပြီး ဓာတ်အားသုံးစွဲလိုတဲ့ ကျေးရွာ(၇)ရွာရှိနေပါတယ်။ ထပ်မံဓာတ်အား သုံးစွဲလိုတဲ့ မင်းရွာ၊ လျှော်ဖြူတောရွာ၊ ရေပုတ်ရွာ၊ ပေကုန်းရွာ၊ ရွှေလောင်းရွာ၊ ကုလားပါးရွာနှင့် တောဘိုကုန်း ရွာ(၇)ရွာကို ဓာတ်အားပေးနိုင်ရေးအတွက် မင်းဘူး-ပွင့်ဖြူ (၃၃)ကေဗွီ ဓာတ်အားလိုင်းမှ Tap Off ပြုလုပ်၍ စကုမြို့သို့ ၃၃/၁၁ ကေဗွီ ၊ ဓာတ်အားလိုင်းသစ် ၁.၂ မိုင် တည်ဆောက်ပြီး စကုမြို့တွင် ၃၃/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ခု တည်ဆောက်ရပါမယ်။ အဆိုပါ ဓာတ်အား သုံးစွဲလိုသော ရွာ(၇)ရွာကို ဓာတ်အားပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပါကြောင်း ဖြေကြားရင်း ကျွန်တော်၏ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းတွေ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နယ်စပ်ကုန်သွယ်ရေးစခန်း (မူဆယ်နှင့် တာချီလိတ်)တို့နှင့် ကော့သောင်း တို့တွင် HIV/AIDS ဖြစ်ပွားမှု သုတေသနပြုချက် သို့မဟုတ် ကုသ/ကာကွယ်တားဆီး ပညာပေးမှုအခြေအနေတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေကနယ်စပ်ကုန်သွယ်ရေးစခန်း(မူဆယ်နှင့်တာချီလိတ်)တို့နှင့်ကော့သောင်းတို့တွင် HIV/AIDS ဖြစ်ပွားမှု သုတေသနပြုချက် သို့မဟုတ် ကုသ/ကာကွယ်တားဆီး ပညာပေးမှု အခြေအနေတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ ပါစေကြောင်း အစဉ်ထာဝရဆုမွန်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်ကြတဲ့ မူဆယ်၊ တာချီလိတ်နဲ့ ကော့သောင်းတို့တွင် HIV/AIDS ဖြစ်ပွားမှု သုတေသနပြုချက် သို့မဟုတ် ကုသမှု ကာကွယ်တားဆီး ပညာပေးမှုအခြေအနေတို့ကို သိရှိလိုကြောင်း မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ဘာကြောင့် မေးရသလဲဆိုတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးထဲက တိုင်းရင်းသားပုဂ္ဂိုလ်ကြီးတစ်ဦးက အဘနဲ့လည်းသက်ဆိုင်ပါတယ်၊ ဒီမေးခွန်းလေးကို မေးပေးပါလို့ တတိယပုံမှန်အစည်းအဝေးပြီးကာနီးလောက်မှာ စကား ပြောကြရင်းနဲ့ ပြောကြားလာပါတယ်။ ဒီမှာထားချက်ကိုပဲ ကျွန်တော် အာရုံပြုပြီးတော့ ဒီကိစ္စကို စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ Declearation of ASEAN Social and Culture Community ရဲ့ ကြေညာစာတမ်းမှာလည်းပဲ ဒီ HIV/ AIDS HIV virus ကြောင့် ဖြစ်ပေါ်လာတဲ့ AIDS ဖြစ်တဲ့ Acquired Immune Deficiency Disease ကို မေးဖို့အတွက် နှုန်းထားတွေ ကျဆင်းဖို့ကိုလည်းပဲ အာဆီယံရဲ့ ကျွန်တော်တို့ community မှာ သတ်မှတ်ထားတာရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီအကြောင်းအရာတွေနဲ့အတူ ဆက်လက်ပြီးတော့ ကျွန်တော် လေ့လာလိုက်တဲ့ အခါမှာ ၂၆-၅-၂၀၁၁ မှာ ဩစတြေးလျ ကနေပြီးတော့ Support Fund (Myanmar) အဖွဲ့ဟာ ရောက်ရှိလာပြီး ပြည်ထောင်စုဝန်ကြီးနဲ့ ဒီရောဂါများ ကုသဖို့အတွက် တစ်ကြိမ် ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ၁၀-၁၂-၂၀၁၁ ရောက်တဲ့အခါကျတော့ ကျွန်တော်တို့ ဘာတွေ့လိုက်ရလဲဆိုတော့ မြန်မာနိုင်ငံရဲ့ကျန်းမာရေးလုပ်ငန်းဟာ ပြည်သူတွေအတွက် နှံ့နှံ့စပ်စပ် ပိုက်စိပ်တိုက်ပြီးတဲ့ Coloraborative Activity ခေါ်တဲ့ စီမံကိန်းကို (၁၇)မြို့နယ်မှာ ချမှတ်ပြီး လုပ်ဆောင်နေပါတယ်။ ဒီလိုလုပ်ဆောင်နေပေမယ့် ကျွန်တော်တို့ ၁၀-၁၂-၂၀၁၁ နေ့မှာ ကျွန်တော်တွေ့လိုက်ရတာကတော့ High burden TB AIDS 41 countries ဆိုပြီးတော့ တွေ့ပါတယ်။ အဲဒီမှာ ဆိုလိုချင်တဲ့ အဓိပ္ပါယ်ကတော့ TB ဖြစ်ပွားမှုနှုန်း၊ AIDS ဖြစ်ပွားမှုနှုန်းဟာ ဒီ(၄၁)နိုင်ငံမှာ အလွန်များပြားနေတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ပါဝင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ဒီ TB နဲ့ AIDS တင် မဟုတ်ဘူး။ တစ်ခါ High TB ဆိုပြီးတော့လည်းပဲ 21 countries လောက်မှာ မြန်မာဟာ ပါတာ တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ MRD လို့ ခေါ်တဲ့ Multiple Resistance Drugs တွေ၊ ဒါတွေက ကျွန်တော်တို့ ၂၀၁၅ မှာ ဝင်လာမယ့် MDG ကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်နေတဲ့ကြားကနေ ဒါတွေ တွေ့ပါတယ်။

ဒါကြောင့် ပြည်သူတွေအတွက်လည်း အကျိုးရှိအောင် ကျွန်တော် ဒီမေးခွန်းဟာ မေးခြင်း ဖြစ်ပါတယ်။ MRD ကတော့ ဘာလဲဆိုတော့ Multiple Resistance Drugs တွေ ဒီ TB ဖြစ်တဲ့ ဝေဒနာရှင်တွေဟာ ကျွန်တော်တို့ ဆေးဝါးကို မှန်မှန်မသောက်တာ၊ ဆေးကို မှန်မှန် မကုတာ၊ ကြောက်တာရွံ့တာ အဲဒီလိုဖြစ်တဲ့အတွက် ဒီ Multiple Resistance Drugs ဆိုပြီးတော့ ဒါ MRD ရဲ့ problem မှာလည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံက (၂၇)နိုင်ငံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ ပါ ပါတယ်။ ခုန TB ကလည်း အဖြစ်များတဲ့အတွက် (၂၂) နိုင်ငံမှာ ကျွန်တော်တို့ မြန်မာ ပါ ပါတယ်။ ဒါက ၁၀-၁၂-၂၀၁၁ ရဲ့ ဟိုဒင်းပါ၊ နောက်ပိုင်းမှာလည်းပဲ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကပဲ စေလွှတ်လို့ လားတော့မသိဘူး။ UN Secretary General Special envoy for HIV and AIDS in Asia and Pacific ဆိုပြီးတော့ ပုဂ္ဂိုလ်ကြီးကလည်း ရောက်ရှိလာပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ၆ လပိုင်း ၁၆ ရက် မှာလည်းပဲ United Nations စီမံကိန်း ဝန်ဆောင်မှုအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ဝန်ကြီးချုပ်နဲ့ သွားရောက်ပြီးတော့

ရောဂါကြီး(၃)မျိုး၊ HIV/ AIDS နောက် TB၊ Malaria ငှက်ဖျား၊ အဲဒါတွေကို ကုသပေးဖို့ ဆိုပြီးတော့ ကမ်းလှမ်းလာတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသား တိုင်းရင်းသားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တိုက်တွန်းချက်အရလည်းကောင်း၊ ပြည်သူတွေ အတွက်လည်းပဲ HIV/ AIDS ဟာ ကာကွယ်ရင် ရနိုင်တယ်။ မကာကွယ်ဘူးဆိုရင်တော့ မိမိဘဝနိဂုံးချုပ်တာလည်းစေမယ်၊ မိမိနဲ့အတူ ဆက်နွယ်နေတဲ့ မိသားစု၊ ဇနီးမယား၊ သားသမီးတွေပါ ဒုက္ခပေးနိုင်တဲ့အတွက် ကျွန်တော် လေးစားစွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး အား ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မောင်တောမြို့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် က မောင်တောမြို့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ နှလုံးစိတ်ဝမ်းအေးချမ်းပါစေကြောင်း ဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မောင်တောမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မောင်တော ခရိုင်၊ မောင်တောမြို့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မောင်တောခရိုင်၊ မောင်တောမြို့ဟာ ရခိုင်ပြည်နယ်တွင် လူဦးရေ(၅)သိန်းကျော်ရှိတဲ့ မြို့နယ်တစ်မြို့ဖြစ်ပါတယ်။ မောင်တောမြို့မှာ အမှတ်(၂) လုံထိန်းတပ်ရင်းတစ်ခု၊ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး

ဌာနချုပ်တို့ ရှိပြီး ဤတပ်ရင်း တပ်ဖွဲ့များမှ မိသားစုတွေကလည်း မောင်တောပြည်သူ့ဆေးရုံကို အားထားရပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနေပြီ ဖြစ်ပြီးတော့ ပြည်နယ်/ပြည်မ၊ မြို့ပြနှင့် ကျေးရွာများရဲ့ ကျန်းမာရေး ကွာဟမှုကို နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးနေချိန်လည်း ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့တွင် ဘတ်ဂျက်ရန်ပုံငွေများကိုလည်း တိုးမြှင့်ခွင့်ပြုထား ထားပေးတာကို အားလုံး အသိပင်ဖြစ်ပါတယ်။

မောင်တောမြို့မှာ ၁၉၉၅ ခုနှစ် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ခရီးစဉ်တွင် မြို့ရဲ့ လိုအပ်ချက်အရ မောင်တောမြို့ ခုတင်(၂၅)ဆံ့ ဆေးရုံကို ခုတင်(၅၀) ဆေးရုံအဖြစ် တိုးမြှင့် ပေးခဲ့ ပါတယ်။ ဒါပေမဲ့ ဒီဆေးရုံအဆောက်အအုံ တိုးချဲ့ခြင်းမပြုဘဲ ခုတင်ကို (၂၅)ဆံ့ ဆေးရုံမှာ ထပ်ဖြည့်ပြီးတော့တိုးချဲ့ခြင်းသာဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အဆောက်အအုံ တိုးချဲ့ရန် ရန်ပုံငွေအနည်းငယ်ချထားပေးတာကိုလည်း ကျွန်တော် ကြားသိခဲ့ရပါတယ်။ မြန်မာနိုင်ငံ နယ်စပ်မြို့ အများအပြားတွင် ကျွန်တော် လေ့လာသလောက် ခုတင်(၁၀၀)ဆံ့ ဆေးရုံတွေကို တိုးမြှင့် ဖွင့်လှစ် ပေးထားကြောင်းကို ကျွန်တော် သိရပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံရဲ့ အနောက်ဖက်အစွန်ဆုံး ရခိုင်ပြည်နယ် လူဦးရေအများဆုံးဖြစ်တဲ့ မောင်တော ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀) ဆေးရုံကြီး အဖြစ်တိုးချဲ့ကာ လိုအပ်တဲ့ အဆောက်အအုံများ၊ အထူးကုဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများ၊ လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိကို မဲဆန္ဒရှင်များ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပုဂ္ဂလိကဆေးဘက်ပညာသင်ကျောင်းများကို မည်သည့်စံချိန်စံညွှန်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြု ထားခြင်း နှင့် ပုဂ္ဂလိကဆေးဝါးကျွမ်းကျင်သင်တန်းဆင်းများအားမည်ကဲ့သို့ထိန်းချုပ်သင့်သည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ပုဂ္ဂလိကဆေးဘက်ပညာ သင်တန်းကျောင်းများကို မည်သည့် စံချိန်စံညွှန်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြုထားခြင်းနှင့် ပုဂ္ဂလိကဆေးဝါးကျွမ်းကျင် သင်တန်းဆင်းများအား မည်ကဲ့သို့ ထိန်းချုပ်သင့်သည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်လို့ မေးခွန်းတစ်ရပ် မေးမြန်း လိုပါတယ်ခင်ဗျား။ မေးခွန်း ကတော့ ပုဂ္ဂလိက ဆေးဘက်ပညာသင်ကျောင်းများကို မည်ကဲ့သို့ စံချိန်စံညွှန်းနှင့်အညီ ဖွင့်လှစ်ခွင့်ပြုထားသလဲ ဆိုတဲ့ အချက်ရယ်၊ ဒီ ဆေးဘက်ပညာ သင်တန်းဆင်းတွေဟာ သင်တန်းဆင်းလက်မှတ်များကို ရပ်ကွက်ကျေးရွာတွေမှာ ချိတ်ဆွဲပြီး တော့ ကြက်ခြေနီတံဆိပ်တွေတပ်ပြီးတော့ ကျန်းမာရေးပြုစု စောင့်ရှောက်မှုတွေ လုပ်နေတာဟာ တရားဝင်ပါရဲ့လား။ သူတို့ကိုမည်သည့်နည်းနဲ့ ထိန်းချုပ်ဖို့ ရနိုင်မလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ TVများ၊ FM Radio များမှာ ပုဂ္ဂလိက ဆေးဘက်ပညာဆိုင်ရာသင်တန်းတွေ စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိပြီးတော့ သူနာပြုအကူသင်တန်းဆိုပြီးတော့(၃)လကနေ(၂)နှစ်အထိ အကြီးအကျယ် ဖွင့်လှစ်သင်ကြား လျက် ရှိကြောင်းတွေ့ရှိရပါတယ်။ ဒီ သင်တန်းဆင်းတွေဟာ သင်တန်းဆင်းပြီး နယ်ပြန်ရောက်တဲ့ အခါမှာ သင်တန်းဆင်းလက်မှတ်များကို မှန်ပေါင်အတွင်း ချိတ်ဆွဲပြီးတော့ ကြက်ခြေနီ တံဆိပ်တွေရှေ့မှာ အိမ်ရှေ့မှာတပ်ပြီးတော့ ဆေးဝါးကုသမှုတွေ စတင်လုပ်ဆောင်ပါတယ်။ ဝေးလံခေါင်သီတဲ့ အရပ်တွေဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးဝန်ထမ်း အရောက်အပေါက် နည်းတဲ့ အရပ်တွေ ဖြစ်တဲ့အတွက် ဒီဒေသက ဒေသခံတွေရဲ့ အားကိုးအားထားလို ဖြစ်လာခဲ့ ပါတယ်။

အဲဒီကနေ သူတို့ကပိုပြီး အတင့်ရဲလာပြီးတော့ ကိုယ်ဝန်ဖျက်ချပေးခြင်း၊ ကျား/မ သားကြောဖြတ်ပေးခြင်း စတဲ့ အသေးစားခွဲစိတ်မှုတွေပါ အိမ်ထဲမှာ လုပ်လာတာတွေ့ရပါတယ်။ အဲဒီ လူနာတွေထဲမှာ တချို့ကရောဂါပျောက်ကင်းမှုရှိသလို တချို့ကတော့ပိုးဝင်ပြီးတော့ သေကောင် ပေါင်းလဲဖြစ်တော့မှ မြို့ဆေးရုံတွေကို အချိန်နှောင်းပြီး မဆုံးရှုံးသင့်တဲ့ အသက်တွေ

ဆုံးရှုံးတာကိုလည်းတွေ့ရပါတယ်။ ဒီလိုမျိုးတွေထပ်မကြုံရအောင် ကျွန်တော် အထက်ကတင်ပြခဲ့သလို ပုဂ္ဂလိက ကဖွင့်တဲ့ သူနာပြုအကူသင်တန်းတွေဟာ ဆေးကုသခွင့်အမှန်တကယ်ရှိသလား။ ဘယ်လောက် အတိုင်းအတာထိရှိသလဲ။ သူတို့ကို မွေးထုတ်ပေးလိုက်တဲ့ သင်တန်းကျောင်းတွေကရော ဒီလိုမျိုး နယ်တွေမှာ ရောက်သွားရင် မင်းတို့ အပ်ပုန်းကိုင်တာဟာ တရားမဝင်ဘူး စသည်အားဖြင့်သင်ကြားပို့ချလိုက်ရဲ့လား။ ကျွန်တော် သိသလောက်တော့ တချို့သင်တန်းတွေဟာ သူတို့ သင်တန်းတွေကို မင်းတို့ရွာရောက်သွားရင် ဆေးကုပြီးလုပ်စားလို့ရတဲ့ ထမင်းစားလက်မှတ်ရ ပြီဆိုပြီးတော့ သင်ကြားပို့ချလျက်ရှိကြောင်း သိရပါတယ်။ သို့သော် ဒီမေးခွန်းကို ကျွန်တော်ဟာ ၁၂-၇-၂၀၁၂မှာ တင်ပြခဲ့ပြီးတော့ အလုပ်အကိုင်နဲ့ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ၃၀-၇-၂၀၁၂ မှာ ဆွေးနွေးခဲ့ပါတယ်။ တကယ်လို့သာ သူတို့ဟာ အမှန်တကယ် ကျွမ်းကျင်တယ်ဆိုရင် သူတို့ကို မည်သည့်အတိုင်းအတာထိ အသိအမှတ်ပြုပြီးတော့ ဆေးကုသခွင့် ပေးမလဲ။ ဒါတွေ ဟာ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေ တိုးပွားလာတာကောင်းပါတယ်။ အမှန်တကယ် တတ်ကျွမ်းတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ပွင့်ပွင့်လင်းလင်းတင်ပြရရင် နယ်ဆိုတာ ဆရာဝန်တွေ မသွားချင်တဲ့နေရာတွေ ဖြစ်ပါတယ်။ ဒီလိုနေရာမှာ သူတို့က ရောက်နေပါတယ်။ ပေါပေါများများကို များများစားစားကို ရောက်နေပါတယ်။ တစ်ခုခက်တာက သူတို့ဟာ အဲဒီလို ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးတွေမှာ ဒီ သင်တန်းတွေက ဆင်းလာပြီးရင် နယ်မှာထပ်ပြီးတော့ လက်ခွဲသင်တန်းတွေ ထပ်ဖွင့်ပြီးတော့ သင်ပေးနေတာလည်း ကျွန်တော်တွေ့ရပါတယ်။

အဲဒီတော့ သူတို့ဟာ ဘယ်လောက်ထိ အဆင့်အတန်းရှိသလဲ။ သူတို့ကို အမှန်တကယ် ဒေသဆိုင်ရာ တိုက်နယ်ဆေးရုံဆရာဝန်တွေရဲ့ လက်အောက်မှာ Control အောက်မှာ ထားမလား။ ဥပမာ သူတို့က အားကိုးရတာတော့ ရှိပါတယ်။ ဥပမာ $H_1N_1$ ဖြစ်တယ်လို့၊ SARS ရောဂါ ဖြစ်တယ်လို့၊ နောက်တစ်ခါ သွေးလွန်တုပ်ကွေးဖြစ်တယ်လို့ ဒီလိုမျိုးဖြစ်တယ်ဆိုရင် တိုက်နယ် ဆရာဝန်တွေက ကျေးရွာတွေမှာ ကဲ မင်းတို့ ကျန်းမာရေးအသိရှိတဲ့ လူ ဘယ်သူရှိလဲလို့ ရွေးထုတ်လိုက်ရင် သူတို့ပဲထွက်လာပါတယ်။ သူတို့ထွက်လာတော့ သူတို့ကလည်း အားကိုးရတဲ့ အနေအထားတစ်ရပ် ဖြစ်နေတယ်။ သူတို့ဟာ ဗိန္ဒောဆရာထက်တော့ သာတာမှန်ပါတယ်။ ပယောဂ ဆရာ၊ ဗိန္ဒောဆရာထက်တော့သာတယ်။

ဒါပေမယ်လို့ သူတို့ကို တိုက်နယ်ဆေးရုံ ဆရာဝန်တွေက ဘယ်လို Control ပေးမယ်၊ ဘယ်လို Polish လုပ်ပေးမလဲ။ ဒီလိုဟာတွေ နည်းနည်းအရေးကြီး လာပြီလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကို ဥပဒေနဲ့မညီဘူးဆိုပြီးတော့ အပ်ပုန်းကိုင်တဲ့အမှုနဲ့ ဖမ်းချုပ်မလား။ ဒါမှမဟုတ် ဒီလိုလူတွေရှိလို့ သူတို့ကုလို့ ပျောက်သွားတဲ့ လူနာတွေလည်း ဒုနဲ့ဒေး ရှိကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက ဒီ ဆေးဘက်ပညာသင်ကျောင်း ပုဂ္ဂလိကပညာသင်ကျောင်းတွေကို ဘယ်လို စံချိန်စံညွှန်းတွေနဲ့ ဖွင့်ခွင့်ပေးထားပါသလဲ၊ သူတို့ ဆေးဘက်ပညာသင်ကျောင်းဆင်းတဲ့ သူတွေကို မည်သို့မည်ပုံ Control နဲ့ ဆောင်ရွက်မယ်ဆိုတာ သိရှိလိုပါကြောင်း မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာမြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ လို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၆)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မှ နယ်စပ်ဒေသကုန်သွယ်ရေးစခန်း (မူဆယ်နှင့် တာချီလိတ်)တို့နှင့် ကော့သောင်းတို့မှာ HIV/AIDS ဖြစ်ပွားမှု သုတေသနပြုချက် သို့မဟုတ် ကုသမှု ပေးခဲ့ရသောအခြေအနေနှင့်ကာကွယ်တားဆီးပညာပေးမှုအခြေအနေတို့ကို သိရှိလိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်မှ ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန သည် မြန်မာနိုင်ငံမှာ HIV ရောဂါပိုးကူးစက်မှုကို ၁၉၈၈ ခုနှစ်တွင် စတင်တွေ့ရှိချိန်မှစပြီးတော့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်

အနေဖြင့် နယ်စပ်မြို့များဖြစ်တဲ့ မူဆယ်မြို့၊ တာချီလိတ်မြို့နှင့် ကော့သောင်းမြို့များအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်၊ မြို့နယ်များမှာ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင် ဆရာဝန်များ ဦးဆောင်တဲ့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး အဖွဲ့များဖွဲ့စည်းကာ အမျိုးသားရေး အသွင်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်မှာ HIV ပိုးကူးစက်မှုဆိုင်ရာ စဉ်ဆက်မပြတ် စူးစမ်းလေ့လာရေးလုပ်ငန်း (HIV Sentinel Surveillance)ဆောင်ရွက်မှုရလဒ်များအရ မူဆယ်မြို့၊ တာချီလိတ်နှင့် ကော့သောင်းမြို့များမှာ HIV ပိုးတွေ့ရှိမှုအခြေအနေများအနက်ကိုယ်ဝန်ဆောင်မိခင်များမှာHIV ပိုး တွေ့ရှိနှုန်းမှာ မူဆယ်မြို့တွင်(၄.၅)ရာခိုင်နှုန်း၊ တာချီလိတ်မြို့တွင်(၁.၃)ရာခိုင်နှုန်း၊ ကော့သောင်းမြို့ တွင် (၁.၅)ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားကာလသားလူနာများတွင် HIV ပိုး တွေ့ရှိမှုနှုန်းမှာ မူဆယ်မြို့မှာ (၈.၇) ရာခိုင်နှုန်း၊ တာချီလိတ်မြို့မှာ (၄.၁) ရာခိုင်နှုန်းနဲ့ ကော့သောင်းမြို့မှာ (၄.၇)ရာခိုင်နှုန်းတို့ ဖြစ်ကြပါတယ်။ မူးယစ်ဆေးဝါးအကြောထဲ ထိုးသွင်းသူများမှာ HIV ပိုး တွေ့ရှိမှုနှုန်းမှာ မူဆယ်မြို့တွင် (၂၉) ရာခိုင်နှုန်း ဖြစ်ပါကြောင်းနှင့် တီဘီလူနာအသစ်များမှ HIV ပိုးတွေ့ရှိမှုနှုန်းမှာ တာချီလိတ်မြို့မှာ( ၈.၅) ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ HIV/AIDS ဖြစ်ပွားမှုအပေါ် ဆေးဝါးကုသမှုအခြေအနေမှာ ART ဆေးကုသပေးနိုင်သော AIDS လူနာဦးရေမှာ မူဆယ်မြို့မှာ (၁၅)ဦး၊ တာချီလိတ်မြို့မှာ (၁၅၇)ဦး နဲ့ ကော့သောင်းမြို့မှာ(၉၁)ဦးတို့ကို ကုသပေးလျက်ရှိပြီး ဆေးဝါးကုသပေးသော ကာလသား ရောဂါ လူနာဦးရေမှာ မူဆယ်မြို့မှာ(၅၁)ဦး၊ တာချီလိတ်မြို့မှာ(၁၄၄)ဦး၊ ကော့သောင်းမြို့မှာ (၂၀၀)ဦး၊ ကိုယ်ဝန်ဆောင် HIV ပဋိပစ္စည်းစစ်ဆေးသူပေါင်း မူဆယ်မြို့မှာ (၁၉၄၀)ဦး၊ တာချီလိတ်မြို့မှာ (၄၅၁၁)ဦး၊ ကော့သောင်းမြို့မှာ(၁၇၂၉)ဦးနှင့် ကိုယ်ဝန်ဆောင် HIV ပဋိပစ္စည်း တွေ့ရှိသူဦးရေမှာ မူဆယ်မြို့တွင် (၂၉)ဦး၊ တာချီလိတ်မြို့တွင် (၄၀)ဦးနှင့် ကော့သောင်းမြို့တွင် (၃၁)ဦးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် HIV/AIDS တားဆီးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအဖြစ် အောက်ဖော်ပြပါအတိုင်း စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (က) ပြည်သူလူထုတို့အားအသိပညာပေး ဆွေးနွေးတင်ပြခြင်း၊ (ခ) ကျန်းမာရေးပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ (ဂ) လိင်ဆက်ဆံမှုမှတစ်ဆင့် HIV

ပိုးကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဃ) မူးယစ်ဆေးဝါး သုံးစွဲမှုမှ တစ်ဆင့် HIV ပိုးကူးစက်ပြန့်ပွားမှု ကာကွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊(င) မိခင်မှ ကလေးသို့ HIV ရောဂါပိုးကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ (စ) ပိုးမွှား ကင်းစင်သော သွေးများရရှိစေရန် ဆောင်ရွက်ခြင်း၊ (ဆ) ဝေဒနာရှင်နှင့် မိသားစုများအား ကုသပေးခြင်းနှင့် သင့်လျော်သည့် ပြုစုစောင့်ရှောက်မှုများပေးခြင်း၊(ဇ) ကဏ္ဍစုံ၊ ဘက်စုံ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက်လုပ်ဆောင်ခြင်း၊(ဈ)အထူးစီမံချက် လုပ်ငန်းဆောင်ရွက်ခြင်း (နယ်စပ်ဒေသရောဂါတိုက်ဖျက်ရေး အစီအစဉ်များ အပါအဝင်)၊ (ည)လုပ်ငန်းဆောင်ရွက်မှုများ ဆန်းစစ် ဆွေးနွေးသုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီး ဌာနသည် ခုခံကျကာလသား ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းစဉ်(၁၀)ရပ်ချမှတ်၍ နှီးနွယ်ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေး အဖွဲ့အစည်းများ၊ HIV ရောဂါပိုးရှိသူများပါဝင်သည့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါ တယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင့်။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ မောင်တော မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်သာခင် မှ ရခိုင်ပြည်နယ်မောင်တော ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင် (၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြား သွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ ခုတင်(၅၀) ဆံ့မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၄)ရုံ၊ (အလယ်သံကျော်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ အောင်သပြေ) ကျေးလက်ကျန်းမာရေးဌာန(၉)ခု၊ (အလယ်သံကျော်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ အောင်သပြေ၊ မြို့သူကြီး၊ သမန်သား၊ သရက်အုတ်၊ ငါးခူရ၊ မြင်းလွတ်)နှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၃၅)ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် ၂၅-၇-၂၀၀၈ ရက်နေ့မှာ ဝန်ထမ်းအင်အား(၈၁)ဦးပါ စံကိုက်

ဖွဲ့စည်းပုံဖြင့် တိုးမြှင့်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ခရိုင်အဆင့် ဆေးရုံဖြစ်သည်နှင့်အညီ ၇-၁၀-၁၉၉၇ ရက်နေ့ကတည်းက အထူးကုဆရာဝန်(၆)ဦးပါ ဖွဲ့စည်းပုံ(မေ့ဆေး၊ သားဖွားမီးယပ်၊ ကလေး၊ ခွဲစိတ်၊ ဆေးပညာ၊ သွားအထူးကုဆရာဝန်)တို့ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ကြီး ဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်ဆေးရုံများအား ခုတင်အဆင့် တိုးမြှင့်ခြင်းကို လိုအပ်ချက်နှင့်အညီ စီမံချက်များ ချမှတ်၍ ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံအဖြစ်သို့ တိုးမြှင့်နိုင်ရန် အတွက် လောလောဆယ်အနေဖြင့် အစီအစဉ်မရှိသေး ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင့်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင့်။ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဦးလှဆွေ မှ ပုဂ္ဂလိက ဆေးဘက်ပညာ သင်တန်းကျောင်း များကို မည်သို့ စံချိန်စံညွှန်းနှင့် ဖွင့်လှစ်ခွင့်ပေးထားခြင်းနှင့် ပုဂ္ဂလိက ဆေးဝါးကျွမ်းကျင် သင်တန်းများအား မည်ကဲ့သို့ ထိန်းချုပ်သင့်သည်ကို သိလိုကြောင်းမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဆက်လက် ဖြေကြား သွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီး ဌာနအောက်မှာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ ဖွင့်လှစ်၍ သင်ကြား ပို့ချလျက်ရှိရာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(၂)ခု နဲ့ ဆေးဝါးတက္ကသိုလ် (၂)ခု လည်း အပါအဝင်ဖြစ်ပါတယ်။ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)ကို ၁၉၉၀ ခုနှစ်တွင် လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)ကို ၂၀၀၀ခုနှစ်တွင် လည်းကောင်း၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ဆေးဝါး တက္ကသိုလ်(မန္တလေး)ကို ၂၀၀၀ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဘွဲ့(၉၉၇)ဦး၊ ဆေးဘက် ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်း ပညာဘွဲ့(၇၇၃)ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာဘွဲ့(၈၃၄)ဦး စုစုပေါင်း(၂၆၀၄)ဦးနဲ့ ဆေးဝါးသိပ္ပံဘွဲ့ စုစုပေါင်း (၂၅၅၃)ဦး မွေးထုတ်ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆေးဝါးသိပ္ပံဘွဲ့ ရရှိသူများနဲ့ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ရရှိသော ကျွမ်းကျင်ပညာရှင်များကို ၎င်းတို့ ပညာသင်ကြားခဲ့သော တက္ကသိုလ်များတွင် သင်ကြားရေးဆရာ/ဆရာမများအဖြစ်လည်းကောင်း၊ ဆေးရုံများတွင် ကျွမ်းကျင်ပညာရှင်များအဖြစ်လည်းကောင်း၊ ရာထူးခန့်ထား၍ တာဝန်ထမ်းဆောင်စေလျက် ရှိပါတယ်။ ပြင်ပဆေးရုံ၊ ဆေးခန်းများတွင်လည်း တာဝန်ထမ်းဆောင်ခွင့် ရှိပါတယ်ရှင့်။ သူနာပြုအကူသင်တန်းများကိုလည်း ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်ဆေးရုံများနှင့် ဗဟိုအဆင့် ဆေးရုံကြီးများတွင် ဌာနတွင်းမှ တစ်ဆင့်နိမ့် ဝန်ထမ်းများကိုသာ သင်တန်းပေးပြီး လေ့ကျင့်သင်ကြားပေး၍ သူနာပြုအကူများအဖြစ် ရာထူး တိုးမြှင့်ခန့်အပ်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ တည်ဆဲဥပဒေများအရ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သော ပုဂ္ဂလိကသင်တန်း၊ ဥပမာ ဆေးဘက်ပညာသင်တန်း၊ ဆေးဝါးကျွမ်းကျင်သင်တန်း၊ သူနာပြုအကူသင်တန်းစသည်များ ဖွင့်လှစ်ခွင့်မရှိပါ။ သို့ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သော ပုဂ္ဂလိကသင်တန်းများ ဖွင့်လှစ်နေကြသည့် ပုဂ္ဂလိကသင်တန်းများနှင့် အသင်းအဖွဲ့များသည် မည်သည့်ဝန်ကြီးဌာန၏သဘောတူညီချက်၊ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေကြောင်း ကူညီစိစစ်၍ အထောက်အထားများနှင့်တကွ ပြန်ကြားပေးနိုင်ပါရန် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ တစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ပြီး၊ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၂၀၁၂ ခုနှစ်၊စာစစ်အဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် အတူ အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးကျော်ကျော်(ဥပဒေကြမ်းကော်မတီဝင်)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခုကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြုစုထားတဲ့ စာစစ်ဥပဒေကြမ်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပါမယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

### နိဒါန်း

အပိုဒ်(၁) ပြည်ထောင်စုလွှတ်တော်က ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည့် ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၂၄-၄-၂၀၁၂ ရက်နေ့၌ စတင် တင်သွင်းခဲ့ပြီး ၉-၇-၂၀၁၂ ရက်နေ့အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပါသည်။ ယင်းဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ အမျိုးသား

လွှတ်တော်၌ ဆွေးနွေးနိုင်ပါရန် ၁၀-၇-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ဝ၅/ပသ(ကမတ)၁/၂၀၁၂-၁၆၉ ဖြင့် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ပြည်သူ့လွှတ်တော်က ဥပဒေအတည်ပြုသည့် ဥပဒေကြမ်းတွင် အခန်း(၃)ခန်း၊ ပုဒ်မ(၆)ခု ပါရှိပါသည်။

**လေ့လာတွေ့ရှိချက်**

အပိုဒ်(၂) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ဥပဒေကြမ်းကို လေ့လာရာ၌ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေကြမ်း၏အခန်း (၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်အစား သတ်ပုံမှန်ကန်စေရန်နှင့်ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ) ပါဖော်ပြချက်များနှင့် ညီညွတ်စေရန် အခန်း(၁) အမည်၊ အကျုံးဝင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ပြင်ဆင်သင့်ပါသည်။ ပုဒ်မ ၂ ၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုအစိုးရက ဆိုသည့် စာသားအစား ပုဒ်မ ၁၊ ပုဒ်မခွဲ(ခ) ပါ ဖော်ပြချက်နှင့် ညီညွတ်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဟု ပြင်ဆင်သင့်ပြီး၊အခြေခံပညာရေးအဆင့်သင်ကြားမှုပြီးဆုံးသည့်အခါ စကားရပ်အစား အခြေခံပညာ အထက်တန်းအဆင့်သင်ကြား/သင်ယူမှု ပြီးဆုံးသည့်အခါ ဟု အသုံးအနှုန်းမှန်ကန် စေရန် ပြင်ဆင်သင့် ပါသည်။

(ခ) ဤဥပဒေကြမ်းအခန်း(၂)စာစစ်အဖွဲ့ဖွဲ့စည်းခြင်းအစား ဤအခန်းပါ ဖော်ပြထားချက်များခြုံငုံမိစေရန် အခန်း(၂)စာစစ်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်သင့်ပြီး ပုဒ်မ၄၊ ပုဒ်မခွဲ(က)တွင် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် စကားရပ်အစားရေးထုံးနှင့်ညီညွတ်စေရန် ဤဥပဒေအရ ထုတ်ပြန်ထားသည့်ဟု ပြင်ဆင်သင့်ပါသည်။ပုဒ်မခွဲ(ဂ)တွင် ပုဒ်မခွဲ(ခ)အရ စာမေးပွဲများကျင်းပရေးနှင့် စစ်ဆေးရေးဆိုင်ရာအဖွဲ့များဖြင့်ဆိုသည့် စကားရပ်အစား ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)နှင့် ညီညွတ်စေရန်အတွက်စာမေးပွဲများကျင်းပရေးနှင့် စစ်ဆေးရေးဆိုင်ရာလုပ်ငန်းအတွက်ဒေသဆိုင်ရာအဖွဲ့များဖြင့်ဟုပြင်ဆင်သင့်ပါသည်။ ပုဒ်မခွဲ(ဃ)တွင်လည်း စာမေးပွဲဖြေဆိုခွင့်ဆိုသည့်စကားရပ်၏နောက်တွင်စာစစ်ဌာနသတ်မှတ်ဖွင့်လှစ်ခြင်းဟု ဖြည့်စွက်သင့်ပြီးပုဒ်မခွဲ(င)၊ပုဒ်မခွဲငယ်(၁)တွင်စာမေးပွဲဆိုင်ရာ စရိတ်များမကျန်ရှိစေရန် မေးခွန်းထုတ်ခကို မေးခွန်းထုတ်ယူခဟု လည်းကောင်း၊ ယင်း၏

နောက်တွင်အဖြေလွှာပို့ခကိုလည်းကောင်း၊ အဖြေလွှာစစ်ဆေးခ၊ စာမေးပွဲကြီးကြပ်ခများ၏ နောက်တွင် စာစစ်ဌာန အသုံးစရိတ်များကို လည်းကောင်း၊ ထပ်မံဖြည့်စွက်သင့်ပြီး ပုဒ်မခွဲငယ်(၂)တွင် အောင်စာရင်းပြုလုပ်ခြင်း အစား အောင်စာရင်းပြုစုခြင်းဟု ပြင်ဆင်သင့်ပါသည်။ ပုဒ်မခွဲငယ်(၃)တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများထားရှိရမည်ဆိုသည့် စကားရပ်အစား အဓိပ္ပာယ်ပြည့်စုံ မှန်ကန်စေရန်သတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်း ပေးသွင်းခြင်း၊ ခွင့်ပြုချက်အတိုင်း သုံးစွဲခြင်း၊ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းများ ထားရှိရမည်ဟု ပြင်ဆင်သင့်ပါသည်။

(ဂ) ဤဥပဒေကြမ်းပုဒ်မ၄၊ပုဒ်မခွဲ(စ)တွင်စာမေးပွဲဆိုင်ရာ၌အရေးကြီးဆုံးအချက်ဖြစ်သည့် မေးခွန်းလွှာပေါက်ကြားခြင်းအား ကာကွယ်နိုင်ရန်အတွက် မေးခွန်းလွှာကိုတာဝန်ယူထိန်းသိမ်းထားရသူကစာမေးပွဲ မတိုင်မီမေးခွန်းများကိုမမှန်ကန်သောနည်းဖြင့် ကြိုတင်ထုတ်ပေးထားကြောင်းသိရှိရလျှင် ထိုသူကို သက်ဆိုင်ရာဌာနမှအရေးယူရမည်ဆိုသည့်စကားရပ်အားပုဒ်မခွဲငယ်(၃)အဖြစ် ဖြည့်စွက်သင့်ပါသည်။

(ဃ) ပုဒ်မ ၅တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အစား ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင်ဟု ပြင်ဆင်သင့်ပြီး ပုဒ်မခွဲ(က) တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဟု ဖြည့်စွက်သင့်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

အပိုဒ်(၃) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီသို့ အကြံပြုချက်များ ကြိုတင်ပေးပို့ခဲ့ပြီး ကော်မတီအစည်းအဝေးတွင် တက်ရောက်ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစားပြီး စိစစ်ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်၍ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ စာစစ်အဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၃-၈-၂၀၁၂ ရက် (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌသို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆို တင်သွင်းခြင်း

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် က အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်း ကော်မတီက ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးမှတ်ကြီး (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမှတ်ကြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။ ရက်စွဲ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်၊

**နိဒါန်း**

အပိုဒ်(၁) ပြည်သူ့လွှတ်တော်က ၂၇-၄-၂၀၁၂ ရက်နေ့က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးဖြစ်သော နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ၂၈-၆-၂၀၁၂ ရက်စွဲပါစာအမှတ် ၀၅/ပသ(ကမတ)၁/၂၀၁၂-၁၅၆ ဖြင့် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် ပုဒ်မ (၂)ခုသာ ပါရှိပါသည်။

**လေ့လာတွေ့ရှိချက်**

အပိုဒ်(၂) အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာ ယင်းအက်ဥပဒေသည် ၁၉၃၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အိန္ဒိယအက်ဥပဒေအမှတ်(၁၂)ဖြစ်ပြီး၊ ထိုစဉ်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ နှစ်နိုင်ငံ ဆက်ဆံရေးကို အကြောင်းပြု၍ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

အပိုဒ်(၃)၊သို့ပါ၍ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရေး မူဝါဒကို အကောင်အထည်ဖော်ရာ၌ နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေသည် ခေတ်နှင့် လျော်ညီမှုမရှိသည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုက်နာဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ယင်းအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကအတည်ပြုပြီးပေးပို့လာသော နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် က အတည်ပြုပြီး ပေးပို့လာသောနိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၃-၈-၂၀၁၂ ရက်(တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးကို ခေတ္တ (၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ငွေရေးကြေးရေးနှင့်အခွန်အကောက်ဆိုင်ရာကော်မတီ၏အကြံပြုချက် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီ၏ အကြံပြုချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ဦးစွာဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ အကြံပြုချက်စာတမ်းကို ဖြည့်စွက်ပြီးတော့ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီကဏ္ဍကို ဆွေးနွေးရတဲ့ ရည်ရွယ်ချက်ကတော့ ဒီကနေ့ကျွန်တော်တို့နိုင်ငံမှာ ကြုံတွေ့နေရတဲ့ စီးပွားရေး ပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ အခွန်ကောက်တဲ့စနစ်ပြုပြင်ရေးဟာ အင်မတန်မှ အရေးပါတဲ့အချက်ဖြစ်တဲ့ အတွက်ကြောင့်အခုလိုဆွေးနွေးရခြင်းဖြစ်ပါတယ်။

ကော်မတီရဲ့အကြံပြုစာတမ်းမှာ အခွန်ကောက်တာနဲ့ ပတ်သက်ပြီး အပိုဒ်(၇) ကနေ(၁၀)အထိ(၄)ပိုင်းမှာ အခွန်ရဲ့မူဝါဒယေဘုယျသဘော ခြုံငုံ ပြီးတော့အကြံပြု သုံးသပ်ထားတာတွေ့ရ ပါတယ်။ အခွန်ဝန်ထမ်းတစ်ဦးထဲကနေ အခွန်ထမ်းပေါ်မှာ စည်းကြပ်တဲ့ စနစ်ကို ပြုပြင်သင့်/မသင့်၊ SAS စနစ်လို့ခေါ်တဲ့ Self Assessment System ကို ပြောင်းဖို့သင့်/ မသင့်၊ နောက်အခွန်နဲ့ ပတ်သက်လို့ ပြည်သူလူထုကို Tax Education ပညာပေးတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေနဲ့ပြည့်ပြည့်စုံစုံ ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ကော်မတီရယ်၊ ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာကော်မတီကို အငြိမ်းစား အခွန်ဝန်ထမ်း တစ်ဦးဖြစ်တဲ့ ဦးသိန်းဆွေရဲ့ Tax Reform လို့ခေါ်တဲ့ အကြံပြုစာတမ်းကိုလည်း ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ကို လေ့လာဖို့ချပေးထား တာလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့နိုင်ငံမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကနေပြီးတော့ ကျွန်တော်တို့ကို အခွန်ဝန်ကြီးဌာန အောင်ဘာလေ၊ နောက်တစ်ခါ နိုင်ငံရဲ့ဝန်ကြီး ဌာန အသီးသီး၊ ဒီဌာနတွေ ကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်ဘဏ္ဍာတွေကို ဒါအခွန် အကောက်တွေကိုရအောင် ဆောင်ရွက်နေတဲ့အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အခွန်ဘဏ္ဍာနဲ့ ပတ်သက်ပြီးတော့ Revenue Tax နဲ့ Toll လို့ခေါ်တဲ့ အကောက် ဒီဟာနှစ်မျိုးရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာကျွန်တော်တို့ ကမ္ဘာ အရပ်ရပ်တိုင်းနိုင်ငံအသီးသီးမှာ အစိုးရဆိုတာ တိုင်းသူပြည်သားတွေထံက အခွန်ကောက်ခံ ရစမြဲ ဖြစ်ပါတယ်။ ဒီကနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၈၉ မှာလည်းပဲ နိုင်ငံသားတိုင်းဟာ အခွန်ကိုပေးဆောင်ရမယ်လို့ အတိအလင်းပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီတော့ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံဟာဒီကနေ့လူဦးရေရဲ့(၇၀)ရာခိုင်နှုန်းဟာ ကျေးလက်နေ ပြည်သူလူထုဖြစ်တယ်။ လယ်သမားတွေဖြစ်တယ်လို့ ကျွန်တော်တို့ ဒါ မှတ်ချက်ပြုထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့အခွန်ဘဏ္ဍာနဲ့ပတ်သက်လို့ အခွန်ထမ်းပြည်သူဟာ လူဦးရေရဲ့(၃၀)ရာခိုင်နှုန်းဖြစ်တဲ့ မြို့ပေါ်နေလူတန်းစား အဲဒီထဲမှာကျွန်တော်တို့ ကျောင်းသူ/ ကျောင်းသား၊ရဟန်းသံဃာတွေကိုဖယ်လိုက်မယ်ဆိုရင်ရာခိုင်နှုန်း(၂၀)လောက်မှာပဲအခွန်ဘဏ္ဍာ နဲ့ ပတ်သက်လို့ ထိတွေ့နေတဲ့အားနည်းချက်ကို ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။

အဲဒီတော့ အခွန်ဘဏ္ဍာဟာတိုင်းပြည်ရဲ့ ဘဏ္ဍာရေးအင်အားကို တောင့်တင်းစေတဲ့ အဓိကမဏ္ဍိုင်ဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ယခင်မြန်မာမင်းများ လက်ထက်မှာကတည်းက နိုင်ငံတော်ရဲ့တည်ငြိမ်မှု၊ အုပ်ချုပ်မှုခိုင်မြဲဖို့ အခုကျွန်တော်တို့ စကားနဲ့ဆိုရင်တရားဥပဒေ စိုးမိုးရေးဆိုတာ အခွန်ဘဏ္ဍာတောင့်တင်းမှုအပေါ်မှာ မူတည်တယ်လို့မှတ်ချက်ပြုထားတာကို မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းမှာလည်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ကျွန်တော်တို့ ဒီအခွန်ဘဏ္ဍာနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံရဲ့ကုန်းဘောင်ခေတ်နှောင်းပိုင်း အခွန်တော်

ကောက်ခံတဲ့စနစ်ကလေးကို အလျဉ်းသင့်လို့ အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကုန်းဘောင်ခေတ် နှောင်းပိုင်းမှာ သဿမေဆိုတဲ့ အခွန်ကောက်တဲ့စနစ် ရှိပါတယ်။ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းမှာ ဒသမဘာဂလို့ခေါ်တဲ့ ဆယ်ဖို့တစ်ဖို့၊ ဆယ်ခိုင့်တစ်ခိုင်ဆိုတဲ့ အခွန်တွေကို ကျွန်တော်တို့ မင်းအဆက်ဆက် ကောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ဒီဆယ်ဖို့တစ်ဖို့ ဆိုတဲ့နေရာမှာ ထွက်ရှိတဲ့ ပစ္စည်းက ဆယ်ပုံတစ်ပုံကိုယူတဲ့ စနစ်မဟုတ်ဘဲနဲ့ ဆယ်ဖို့တစ်ဖို့တည်းမှာ ထွက်ရှိတဲ့ပစ္စည်းပေါ်မှာ ရောင်းချလို့ရတဲ့ အတိုးအပွားပေါ်ကနေ ဆယ်ဖို့တစ်ဖို့ယူတယ်လို့လည်း မြန်မာမင်းအုပ်ချုပ် ပုံစာတမ်း ကုန်းဘောင်ခေတ်အခွန်တော်မှာ တွေ့ရှိရပါတယ်။

အဲဒီတော့ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာ မင်းတုန်းမင်းလက်ထက်က စပြီးတော့ ၁၈၅၇ ခုလောက်မှာ ကျွန်တော်တို့ သဿမေအခွန်ဆိုပြီးတော့ ပိုမိုပြီးတော့ စနစ်ကျတဲ့၊ အခွန်ကောက်တဲ့ စနစ်ကိုကျင့်သုံးလာတာကိုတွေ့ရပါတယ်။ အဲဒီတော့ ဒီနေရာမှာ သူကပိုမိုပြီး တော့ စနစ်တကျကောက်ခံတာတွေ့ရပါတယ်။ ဥပမာအားဖြင့် သတ္တုခွန်၊ တွင်းထွက်ခွန်၊ ကူးတို့ခွန် အစရှိသဖြင့်ကောက်ပါတယ်။ အခွန်ကောက်ခံတဲ့အခါမှာလည်း ခွန်သေ၊ ခွန်ရှင် နှစ်မျိုးဒီလိုခွဲခြား သတ်မှတ်ထားပါတယ်။ နောက် အခွန်နဲ့ အကောက်ကိုခွဲခြားပြီးတော့ ဒေးဝန်းတိုက်ဆိုတာ ကျွန်တော်တို့ အကောက်တော်အရာရှိဌာန ဖြစ်တယ်လို့ ခေါ်ပါတယ်။ တိုင်းတစ်ပါးနဲ့ ဆက်ဆံတဲ့ ရေလမ်းကြောင်းကနေဝင်တဲ့ အခွန်တွေအပေါ်မှာကောက်ခံတဲ့ စနစ်တွေကိုလည်း စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ အဲဒီအချိန်တုန်းက ပဒေသရာဇ်ခေတ်ဖြစ်တယ်။ သက်ဦးဆံပိုင်ဘုရင်စနစ်ဖြစ်တဲ့ အခါမှာတော့ အခွန်ကောက်တဲ့ မင်းအစိုးရနဲ့ အခွန်ထမ်းဖြစ်တဲ့ပြည်သူတွေရဲ့ကြားမှာ ပြဿနာတွေ၊ ကွာဟမှုစိမ်ခေါ်မှုတွေ မရှိပါဘူး။

သက်ဦးဆံပိုင်ဘုရင်စနစ်ဖြစ်တဲ့အတွက်ကြောင့် အုပ်ချုပ်တဲ့စနစ်နဲ့အခွန်ကောက်တဲ့ စနစ်က လိုက်လျောညီထွေရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်း ကိုပြန်ကြည့်လိုက်တဲ့အခါမှာ ခေတ်ပြောင်းစနစ်ပြောင်းလာတဲ့ကာလတွေမှာ အုပ်ချုပ်ရေးနဲ့ စီးပွားရေးစနစ်တွေသာ ပြောင်းသွားပြီးတော့ အခွန်ကောက်တဲ့စနစ်က သိသိသာသာလိုက်လျော ညီထွေပြောင်းလဲတာမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးအကြပ်အတည်း

ရင်ဆိုင် ရတယ်လို့သုံးသပ်မိပါတယ်။ ဒီနေရာမှာ ၁၈၈၆ မှာ ကျွန်တော်တို့ သီပေါမင်း ပါတော်မူပြီး တဲ့နောက်ကစပြီးတော့ ကျွန်ဖြစ်ခဲ့ရတယ်။ ကျွန်တော်တို့နိုင်ငံ၊ အဲဒီအချိန်ကစ ပြီးတော့ အင်္ဂလိပ်ရဲ့ သတ်မှတ်တဲ့ ဥပဒေတွေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ ဒါကျွန်တော်တို့ နိုင်ငံသားတွေဟာ နှစ်ပေါင်း(၁၀၀)ကျော် အခွန်ထမ်းဆောင်ခဲ့ရတွေ ဖြစ်ပါတယ်။အဲဒီတော့ ဒီဘက်ကို လွတ်လပ်ရေးရ ပြီးတဲ့ကာလ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တို့၊ တပ်မတော်အစိုးရ လက်ထက် ဒီပြောင်းလဲလာတဲ့ အခါမှာလည်းပဲ ဒီအခွန်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)က ဥပဒေတွေနဲ့ ပြုပြင်ပြီးတော့ ဆောင်ရွက်လာတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကနေ့ နိုင်ငံရဲ့ အခွန်ဘဏ္ဍာရရှိမှုဟာ တိုင်းပြည်မှာရရှိသင့်သလောက်မရရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ဟာ Globalization လို့ခေါ်တဲ့ ကမ္ဘာ့ရွာကြီးတစ်ရွာလို ဖြစ်နေတယ်။ ကျွန်တော်တို့နိုင်ငံကလည်းပဲ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီအုပ်ချုပ်ရေး ကို ဖော်ဆောင်နေတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာနဲ့လည်း ရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံတကာနဲ့ ကုန်သွယ်မှုတွေ ဆောင်ရွက်နေပြီဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံအနေ နဲ့ ရသင့်ရထိုက်တဲ့အခွန်အကောက်တွေ ပြည့်ပြည့်ဝဝရရှိဖို့ အတွက်အခွန်စနစ် Tax Reform ကို မဖြစ်မနေ ဒါ ကျွန်တော်တို့ ဆောင်ရွက်ရမှာ ဖြစ်တယ်လို့လည်း ကော်မတီရဲ့ သုံးသပ်ချက်မှာ တွေ့ရှိတဲ့အတွက်ကြောင့် ဒါကို အလေးအနက်ထောက်ခံအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်ဟာ ကျွန်တော် ကိုယ်တိုင်လည်းအခွန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ ကနေ့ ကျင့်သုံးနေတဲ့ အခွန်ဟာ ဝင်ငွေခွန်၊ ကုန်သွယ်ခွန် ဒီလိုကျွန်တော်တို့ ကောက်ခံကြပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ ဝင်ငွေခွန်ဆိုတာကတော့ ကျွန်တော်တို့ တိုက်ရိုက် အခွန်ထမ်းက ပေးဆောင်ရတာ ဖြစ်ပါတယ်။ ကုန်သွယ်ခွန်ကတော့ End User လို့ခေါ်တဲ့ စားသုံးသူကနေတစ်ဆင့် သွယ်ဝိုက်ပြီးတော့ ကောက်ခံပေးရတဲ့စနစ် ဖြစ်တယ်။ အဲဒီမှာ ကျွန်တော်တို့ဒီနေ့ ကျင့်သုံးနေတဲ့ ဝင်ငွေခွန် ဥပဒေ၊ ကုန်သွယ်ခွန်ဥပဒေတွေမှာ ကျွန်တော်တို့ ဥပဒေစာအုပ်ရဲ့ဇယား (၅) (၆) (၇) စသည်တို့မှာကျွန်တော်တို့ကောက်ခံမယ့်ပစ္စည်း၊ ကင်းလွတ်မယ့်ပစ္စည်းတွေလည်းအတိအကျပြဋ္ဌာန်း ထားတာ ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ဒီဝင်ငွေခွန်နဲ့ပတ်သက်လို့ ပေးဆောင်တဲ့အခါမှာ အခွန်ထမ်း ကိုယ်တိုင်ကတိုက်ရိုက်ပေးဆောင်ရတာဖြစ်တဲ့အတွက်ကြောင့်အခွန်ကိုလျှော့ပေါ့ပေးဆောင်ချင်တဲ့

သဘောဖြစ်ပါတယ်။ လူရဲ့သဘောက။ တတ်နိုင်သမျှ အခွန်ကိုလျှော့ပေါ့ပြီးတော့ ထမ်းဆောင်ဖို့ လည်းကြိုးစားကြပါတယ်။ ဒါကြောင့်မို့လို့ ဒီ Sector မှာ ကျွန်တော်တို့ အခွန်ထမ်း နဲ့အခွန် စည်းကြပ်တဲ့သူရဲ့ကြားထဲမှာ လာဘ်ပေးလာဘ်ယူမှုတွေပေါ်ပေါက်တာများတဲ့နေရာ ဖြစ်ပါတယ်။ ဒါပေမယ့်လို့ အခွန်စည်းကြပ်တဲ့သူနဲ့အခွန်ထမ်းဟာ ဆန္ဒတွေမျှတနေတဲ့ အတွက်ကြောင့် ဒီဝန်ကြီးဌာနမှာ သိပ်ပြီးတော့ တခြားဝန်ကြီးဌာနတွေကဲ့သို့ ပြဿနာမပေါ်ပေါက်တာ ဖြစ်ပါတယ်။ ဥပမာပြောရရင်ပေါ့ လုပ်ငန်းတစ်ခုလုပ်လို့ ကျွန်တော်တို့ အခွန်ဌာနက တာဝန်ရှိတဲ့ ဒုဦးစီးလို့ ခေါ်တဲ့ပုဂ္ဂိုလ်တွေက နယ်မြေတွေခွဲပြီးတော့ မြို့တစ်မြို့ကို တာဝန်ယူကြတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကိုလုပ်ပြီဆိုရင် ရောက်လာပြီးတော့ သူကတွေ့ဆုံဖို့၊ ကိုယ့်လုပ်ငန်းရဲ့ ဝင်ငွေကို ကြေညာဖို့၊ အကျိုးအမြတ်ကိုကြေညာဖို့၊ ဒီစာရင်းဇယားတွေယူဖို့ ညှိနှိုင်းတဲ့အခါမှာ တော်တော် များများလုပ်ငန်းရှင်များက မိမိကို ချန်လှပ်ထားဖို့ အခွန်ထမ်းဆောင်လိုတဲ့ဆန္ဒမရှိတဲ့ အတွက် ကြောင့် ဒီဝန်ထမ်းနဲ့ ညှိနှိုင်းဆောင်ရွက်နေကြတာပဲများပါတယ်။ လက်ရှိအခွန်ထမ်း နေတဲ့ ပုဂ္ဂိုလ်တွေထဲမှာလည်း တကယ်တမ်းနိုင်ငံတော်ကိုထမ်းဆောင်သင့်တဲ့ အခွန်အခကို ပေးဆောင်ဖို့ အင်မတန် ဝန်လေးနေတာကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ဒီအချက်က ဒါကြောင့်မို့လို့ အခွန်ထမ်းတစ်ဦးကနေဆုံးဖြတ်ကောက်ခံနေတဲ့ စနစ်ဟာ ကျွန်တော်တို့ဘယ်လိုမှ ဒီဟာဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်အတွက်ရသင့် ရထိုက်တဲ့ အခွန်ရမှာမဟုတ်ပါဘူး။ အဲဒီတော့ ၁၉၇၄မှာ ဝင်ငွေခွန်ဥပဒေကိုလည်း ကြည့်တဲ့အခါမှာ ခုန ပြောတဲ့အခြေပြုပစ္စည်းတွေ ၊ လုပ်ငန်းကနေဆောင်ရွက်တဲ့ စာရင်းဇယား တွေကို ထားရှိရမယ်ဆိုတဲ့ ညွှန်ကြားချက်မပါဘူးလို့လည်း ထောက်ပြထားတာ ကျွန်တော်တို့ အခွန်အငြိမ်းစားရဲ့ အကြံပြု စာတမ်းမှာတွေ့ရှိရပါတယ်။ အဲဒီတော့ ဒီလိုမှန်ကန်တဲ့ အထောက်အထား၊ မှန်ကန်တဲ့ စာရင်းဇယား မရဘဲနဲ့ ကျွန်တော်တို့ အခွန်စည်းကြပ်မယ့် တာဝန်ရှိသူနဲ့ အခွန်ထမ်းမယ့်သူရဲ့ နှစ်ဦးနှစ်ဘက် နားလည်တဲ့အပေါ်မှာပဲ ညှိနှိုင်းဆောင်ရွက် နေတာ ဖြစ်ပါတယ်။

သို့သော် ဥပဒေထဲမှာတော့ လိုအပ်တဲ့အခါမှာ လေ့လာစုံစမ်းမှုတွေပြုရမယ်။ ပတ်ဝန်းကျင်ကို လေ့လာစုံစမ်းပြီးတော့ အမှန်ကန်ဆုံးဖြစ်အောင် ဒါစည်းကြပ်ရမယ်လို့ပြောတဲ့ အခါမှာ လုပ်ငန်းချင်းတူမယ်၊ သဘာဝချင်းတူသော်လည်းပဲ အခွန်ဝန်ထမ်းတာဝန်ရှိတဲ့သူက

စည်းကြပ်တဲ့ပုံစံချင်းလည်း မတူတာတွေကိုလည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ဒီမှာလည်း စာတမ်းရှင်က အကြံပြုထားတာလေးရှိပါတယ်။ ဥပမာကျွန်တော်တို့ မမှန်မကန် ကြေညာတဲ့အတွက်ကြောင့် တစ်နှစ်ကိုဝင်ငွေ သိန်းတစ်ထောင်လောက်ရမယ် ဆိုရင်လည်း ကျွန်တော်တို့ တစ်ရာလောက် လျှော့ပေါ့ပြီးတော့ တင်ပြပြီးတော့ ဒီအပေါ်မှာ စည်းကြပ်ဖို့ဆိုတာမျိုး။ဒီအခြေအနေတွေဟာ ကျွန်တော်တို့ အောက်ခြေလုပ်ငန်း ဆောင်ရွက်နေတဲ့အခါမှာ ဒါတွေကို အများကြီးတွေ့ရှိနေရတာ ဖြစ်ပါတယ်။ ကုန်သွယ် လုပ်ငန်းခွန်နဲ့ ပတ်သက်လို့က တစ်ဆင့်သွင်းရတဲ့အခွန် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စားသောက်ဆိုင်တွေ၊ ဆန်တို့၊ ဆီတို့ လက်လီလက်ကား ရောင်းတဲ့ဆိုင်တွေ အားလုံး အခွန်အခပေးဆောင်ရမယ်။ အဲဒီဆိုင်တွေဟာ စားသုံးသူဆီကနေ ပြီးတော့ တစ်ဆင့် ကောက်ခံပေးရမှာ ဖြစ်ပါတယ်။

ဥပမာဆန်တစ်အိတ်ကို တစ်သောင်းခွဲရောင်းတယ်၊ ကုန်သွယ်ခွန် 5 Percent ဆိုရင် ဒါ(၇၅၀)ထည့်ပြီးတော့ ကောက်ပေးရမှာပါ။ အဲဒီတော့ (၁၅၇၅၀) ကျမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီကုန်သွယ်ခွန် (၇၅၀)က စားသုံးသူကပေးဆောင်ရမှာ ဖြစ်တယ်။ အဲဒီလို ကောက်ဖို့အတွက် ညွှန်ကြားချက်တွေ၊ ဘာတွေကျွန်တော်တို့ အခွန်ဦးစီးဌာနကပေးထားတာတွေရှိပါတယ်။ သို့သော် လည်းပဲ မိမိဆိုင်တစ်ဦးတစ်ယောက်က ကောက်ခံသော်လည်း၊ အခြားကောက်ခံပြီး တော့ ကျင့်သုံးတဲ့ ဆိုင်က မကျင့်သုံးတဲ့အခါမှာ စားသုံးသူတွေအနေနဲ့ကုန်သွယ်ခွန် ကင်းလွတ်တဲ့ဆိုင်ကိုပဲ ဒါ ဝင်သွားမှာ ဖြစ်တယ်။ ဒီလိုအားနည်းချက်တွေလည်း ဒီမှာတွေ့ရှိနေရမှာ ဖြစ်တယ်။ တကယ့် ဟိုတယ်တွေ၊ တကယ့်စားသောက်ဆိုင်ကြီးတွေမှာတော့ တိတိကျကျ တချို့ဆောင်ရွက်ပေး နေတာတွေလည်း ရှိပါ တယ်။ ဥပမာအားဖြင့် လက်ဖက်ရည်တစ်ခွက် ဝင်သောက်လို့ (၂၀၀)ဆိုရင် ကျွန်တော်တို့ ဒါ 5 Percent ထည့်ပြီးတော့ (၂၀၅)ကျပ် ဒီလိုမျိုးကောက်ပေးရတယ်။ (၂၁၀)ဒီလို ရောင်းချပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒါတွေကိုလည်း တစ်နိုင်ငံလုံးအနေအထားနဲ့ ဆောင်ရွက် နိုင်ခြင်းမရှိတဲ့ အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ အခွန်ဘဏ္ဍာရရှိမှုဟာ အင်မတန်အားနည်း လျက် ရှိပါတယ်။

တစ်ခါ Toll လို့ခေါ်တဲ့ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းအားဖြင့်ကောက်ခံတဲ့ ဟာ အကောက်ဖြစ်ပါတယ်။ ဥပမာ အမြန်လမ်းမကြီးကို အသုံးပြုတဲ့အတွက်ကြောင့်

လမ်းအသုံးပြုခ၊ အဲဒီတော့ ဒီလိုလုပ်ငန်းတွေမှာလည်းပဲ စည်ပင်သာယာဝန်ကြီးဌာန၊ သစ်တော အစရှိသဖြင့် ဝန်ကြီးဌာနအသီးသီး၊စီးပွားရေးလုပ်တဲ့ဝန်ကြီးဌာန(၁၉)ခုကနေ နိုင်ငံတော်အတွက် ရအောင် ဆောင်ရွက်နေကြပါတယ်။ အဲဒီနေရာမှာလည်းပဲ အားနည်းချက်တွေအမျိုးမျိုးကြောင့် ကျွန်တော်တို့ နိုင်ငံမှာ အခွန်ဟာရရှိသင့်သလောက် မရရှိတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ခုနက သမိုင်းလေးကို ပြန်ပြောရင်ကုန်းဘောင်ခေတ်မှာ ၊ ခေတ်နှောင်းပိုင်းမှာ မင်းတုန်းမင်းနဲ့ သီပေါမင်းလက်ထက်က သက်ဦးဆံပိုင်ဘုရင်စနစ်ဆိုသော်လည်းပဲ လွှတ်တော်တွေ၊ ဗြဲတိုက်တွေ နဲ့ စည်းမျဥ်းခံဘုရင် ပုံစံဖြစ်လာတာရှိပါတယ်။

အဲဒီမှာ ကျွန်တော်တို့ သမိုင်းရဲ့အမွေအနှစ်တွေဖြစ်တဲ့ အခွန်နဲ့ ပတ်သက်တဲ့ စာပေတွေ၊ ဥပဒေတွေ၊ လေ့လာစရာတွေအများကြီး ကျွန်တော်တို့ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့ရတဲ့အတွက်ကြောင့် ဒီဘက်ကို တစ်ဆင့်ကမ်းပြီး တော့ သယ်ဆောင်လာတာ မရှိနိုင်တဲ့အတွက်ကြောင့် ဒီလိုအားနည်းချက်တွေ ပေါ်ပေါက် တယ်လို့လည်း ကျွန်တော့်အနေနဲ့ထင်မြင်သုံးသပ်မိပါတယ်။ အလျဥ်းသင့်လို့ ကျွန်တော်တို့ ဒီမှာ ကျွန်တော်လေ့လာတဲ့ စာရေးဆရာမကြီးဒေါ်ကြန်ရေးထားတဲ့ ကုန်းဘောင်ခေတ် အခွန်တော် ရေးရာထဲမှာ အနည်းငယ်လေး ဥက္ကဋ္ဌကြီးကို ဖတ်ကြားတင်ပြခွင့်ပြုပါ။ သဿမေဓ အခွန် ကောက်ခံတဲ့အတွက် ၁၈၆၈ ခုမှာ ဥပဒေငါးချက်ထုတ်ခဲ့ပါတယ်။ မြို့၊ ရွာသူကြီး၊ အထိန်း အအုပ်တို့က သက်ဆိုင်ရာနယ်အတွင်း အိမ်ရင်းဆိုဖွားများကို ကိုယ်ကျိုးစီးပွားမငဲ့၊ မျက်နှာကြီး ငယ်မလိုက် ကုန်စင်အောင်စာရင်းတင်ရမည်။ ကြွင်းကျန်ခြင်းပေါ်ထွက်လျှင် ရာဇဝတ်ပြစ်စီရင်ခံ ပါမည် ဟု ခံဝန်ချက်နှင့်တကွ စာရင်းတင်ပေးရပါတယ်။

ဒီလိုမျိုး ဥပဒေ ထုတ်ခဲ့ပါတယ်။ ကျေးရွာသူကြီး၊ အထိန်းအအုပ်တို့က မထိမ်မချန် စာရင်းတင် ပေးလျက် မြို့ဝန်၊ စစ်ကဲ၊ မြို့၊ ရွာအထိန်းအအုပ်တို့က အိမ်ထိမ်ချန်လျှင်ဖြစ်စေ၊ အခွန်လွတ် စာရင်းမဟုတ်သူကို ကြေးလွတ်ဟု ပြင်လျှင်ဖြစ်စေ၊ အခွန်ထမ်းနိုင်သူကို ဒုက္ခိတ စာရင်း ပြ၍ နုတ်ပယ်လျှင်ဖြစ်စေ ထမ်းဆောင်သင့်တဲ့အခွန်တော်ရဲ့ နှစ်ဆကို ပြစ်ဒဏ်ဆက်ခံရမည်၊ အိမ်ထိမ် ချန်ရန် ငွေကိုစားလျှင် အမိန့်တော်ခံ၍ ငွေစားဥပဒေအတိုင်း စီရင်မယ်လို့ ဒီမှာ ပြဋ္ဌာန်း တာတွေ တွေ့ရှိရပါတယ် ။အဲဒီတော့ ငွေစားဥပဒေဆိုတာက အဲဒီ

ကုန်းဘောင်ခေတ်မှာ ငွေကြေးကောက်ခံရတဲ့ အခွန်အကောက် ဝန်ထမ်းတွေကိုတရားမဲ့ပြုကျင့်လို့ရှိရင် အရေးယူတဲ့ ပုံစံမျိုး ဖြစ်ပါတယ်။

အဲဒီတော့ ဒီဟာနဲ့ပတ်သက်လို့လည်း ဒီမှာနမူနာအားဖြင့် ဥက္ကဋ္ဌကြီးက တစ်ဆင့်တင်ပြရ ရင် ငွေစားယူလျှင်စီရင်ရန်ဥပဒေ(၁)ကတော့ တစ်ကျပ်ကနေတစ်ဆယ်အထိ စားယူလျှင် စားယူ သည့်ငွေကို နှစ်ဆပေးစေရမည်။ တစ်ဆယ်ကနေငါးဆယ်အထိစားလျှင် အထက်နည်းအတိုင်း ပြန်ပေး၍ ထောင်ပါတစ်လထားမည်။ ငါးဆယ်ကအထက်စားလျှင် အထက်ကနည်းအတိုင်း ပြန်ပေးစေ၍ အမိန့်တော်မြတ်ခံကာ အရာကိုနုတ်ပြီး ထောင်ပါ သုံးလထားမယ် ဆိုတဲ့ဒီလို အခွန်ထမ်းနဲ့ပတ်သက်လို့ တရားဥပဒေနဲ့မညီအောင် ပြုကျင့်လို့ရှိရင် အရေးယူတဲ့ ဥပဒေတွေလည်း ပြဋ္ဌာန်းခဲ့တာ တွေ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုလက်ရှိ ကျင့်သုံးနေတဲ့ အခွန်ဥပဒေမှာတော့ အခွန်ထမ်းတွေနဲ့ပတ်သက်လို့ ပျက်ကွက်လို့ရှိရင် သက်ဆိုင်ရာအခွန်ဦးစီးဌာနကနေ ပြီးတော့ တရားစွဲဆိုဖို့၊ ဒဏ်ငွေတပ်ဖို့ဆိုတဲ့ ဒီလိုသတ်မှတ် ပြဋ္ဌာန်းထားတာတွေတော့ ရှိပါတယ်။ သို့သော်လည်း တရားရုံးမှာ စွဲဆိုတဲ့အမှုဟာမရှိသလောက် ကျွန်တော်တို့ဒါဖြစ်ပါတယ်။ တကယ်လို့ အဲဒီလို တရားစွဲဆိုနေမယ်ဆိုလည်း ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားဟာ အခွန်ထမ်း တော်တော်များများ တရားရုံးမှာချည်းပဲ ရောက်ရှိနေမှာ ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ အဲဒီတော့ အခွန်နဲ့ ပတ်သက်လို့ အခွန်ထမ်းတဲ့ပုဂ္ဂိုလ်ဟာ မြို့တစ်မြို့မှာ ဥပမာ ကျွန်တော်ဟာ တောင်ငူနဲ့ ရေတာရှည် မဲဆန္ဒနယ်က ဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ငူမြို့ဟာလူဦးရေ နှစ်သိန်းလောက်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြို့မှာ အခွန်ထမ်းတဲ့ပုဂ္ဂိုလ်ဟာ ထောင်ဂဏန်းပဲ ရှိပါတယ်။

အဲဒီတော့ ခုနက ကျွန်တော်ပြောတဲ့ ကျန်းမာရေးတွေ၊ ပညာရေးတွေ သုံးစွဲမယ့် နိုင်ငံတော်ရဲ့ဘတ်ဂျက်က လိုငွေတွေ ပြနေတဲ့အခါမှာ အခွန်ထမ်းတဲ့ပုဂ္ဂိုလ် ဒီလောက်နည်းနေတဲ့ အတွက်ကြောင့်ရရှိတဲ့ အခွန်အခနည်းတဲ့အတွက်ကြောင့် ပြည့်ပြည့်ဝဝ ကျွန်တော်တို့နိုင်ငံက ဝန်ကြီးဌာနတွေက လိုအပ်ချက်တွေကိုလည်း မသုံးစွဲနိုင်ဘူးဖြစ်တယ်လို့ ယူဆမိပါတယ်။ အဲဒီတော့ ရငွေ၊ သုံးငွေရေးဆွဲတဲ့အခါမှာ နိုင်ငံတော်ကလည်းရရှိတဲ့ အခွန်ဘဏ္ဍာတွေပေါ်မှာ မူတည်ပြီးတော့ ရေးဆွဲနေတယ်လို့ပဲ ယူဆပါတယ်။ အဲဒီတော့ အဲဒီလို ရေးဆွဲတဲ့အခါမှာ ယခင်နှစ်က ရရှိတဲ့ အပေါ်မှာ အခွန်ကောက်မှုစနစ် ပြည့်ပြည့်ဝဝ မရတဲ့အပေါ်မှာ အခြေပြု

ရေးဆွဲရင် ကျွန်တော်တို့ ဘတ်ဂျက်လိုငွေကလည်း အမြဲတမ်းလိုငွေပြနေမယ့် အနေအထား ရှိပါတယ်။ အဲဒီတော့ လက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ နိုင်ငံခြားချေးငွေတွေ၊ မိမိနိုင်ငံမှာရှိတဲ့ တွင်းထွက် ပစ္စည်းတွေကို သယံဇာတတွေရောင်းစားရုံနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုမှာမဟုတ်ပါဘူး။ ဒီကနေ့ ကျေးရွာတွေမှာ နေထိုင်နေတဲ့ လယ်သမား၊ အလုပ်သမား ကျေးလက်နေ ပြည်သူလူထုထဲမှာလည်းပဲ မြို့နေလူတန်းစားတင်မက စီးပွားရေး ဆောင်ရွက်နေ တာတွေ ရှိတယ်ဆိုတာလည်း အားလုံး အသိဖြစ်ပါတယ်။ တချို့ဆိုရင် ကျွန်တော်တို့ မြို့ပေါ်မှာ ဝန်ထမ်းတစ်ဦးကနေပြီးတော့ အငြိမ်းစားယူလို့လုပ်ငန်းလေးတစ်ခု လုပ်မယ်ဆိုတာနဲ့ ကျွန်တော်တို့ ဒါ စည်ပင်သာယာ ရောက်လာမယ်။ လုပ်ငန်းလိုင်စင် -----

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)**။ ။ ဒါတွေကို ချက်ချင်း ရောက်လာတာ ဖြစ်ပါတယ်။ အဲဒီတော့ ခုန မြို့နေလူတန်းစားမက လုပ်တဲ့ ကျေးလက်နေ လူတန်းစားက အခွန်လည်း မသိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလို တာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ အခွန်စနစ်ကို မြေလွတ်၊ မြေရိုင်း စီမံခန့်ခွဲရေးကော်မတီလို ဗဟိုအဆင့်ကနေ အောက်ခြေ ရပ်ကွက်၊ ကျေးရွာအထိ အုပ်ချုပ်ရေးအပါအဝင် သမာသမတ်ကျတဲ့ ပုဂ္ဂိုလ်တွေ၊ အခွန်နဲ့ပတ်သက်တဲ့ အငြိမ်းစား တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့ ပုဂ္ဂိုလ်တွေ၊ ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ ဖွဲ့စည်းပြီးတော့မှ အခွန်ကြီးကြပ်တဲ့အဖွဲ့ ဖွဲ့စည်း ဆောင်ရွက်သင့်တယ်။ နောက်တစ်ခါ ခုန မြို့နယ်နဲ့ ကျေးလက်မကျန် နိုင်ငံသားတိုင်း အခွန်ထမ်းဆောင်နိုင်ရေးအတွက် လွယ်ကူညင်သာမယ့် ဥပဒေတွေ ပြဋ္ဌာန်းရန် လိုမယ်ဖြစ်တယ် လို့ အကြံပြု ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်

များ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော် အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ အကြံပြုချက် အစီရင်ခံစာနဲ့ပတ်သက်ပြီး အချိန်တိုတိုနဲ့ အနည်းငယ် ဆွေးနွေးတင်ပြချင်ပါတယ်ခင်ဗျား။

ကျွန်တော် အဓိက ဆွေးနွေးမှာကတော့ Tax System အခွန်အခ ကောက်ယူခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ အခွန်အခကောက်ယူတဲ့နေရာမှာ အဓိက Individual Tax၊ Corporate Tax ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ Individual Tax မှာ လူတစ်ဦးချင်းပေးရတဲ့ အခွန်အခဖြစ်တဲ့အတွက် ဒါ အစိုးရဝန်ထမ်းကလည်း ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီဝန်ထမ်းတွေကလည်း ဒီဟာကို ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ရဲ့ အခွန်အခကောက်ယူတဲ့ စနစ်ကိုသီးခြား ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ အခွန်ထမ်းတွေကလည်း ပေးဆောင်ရလွယ်အောင် ဘယ်သူမှလည်း ရှောင်တိမ်းလို့မရတဲ့ ကျွန်တော်တို့ အခွန်အခ စနစ်ကို သေချာလေ့လာပြီးတော့ ဒါကျွန်တော်တို့ လုပ်ယူဖို့ လိုအပ်ပါတယ်။

နောက်ဒုတိယတစ်ခုက Corporate Tax ဖြစ်ပါတယ်။ ဒီဟာကြီးက ကုမ္ပဏီအဖွဲ့အစည်းတွေ၊ Service ကုမ္ပဏီတွေ၊ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ စသည်ဖြင့် ဒီ ကြီးကြီးမားမားအဖွဲ့အစည်းတွေကပေးရတဲ့ အခွန်အခတွေဖြစ်ပါတယ်။ ဒီဟာတွေကို တစ်ခုနဲ့ တစ်ခု လုပ်ငန်းသဘာဝချင်း မတူပါဘူး။ အခွန်ကောက်တဲ့ စနစ်တွေကလည်း ကျွန်တော်တို့ ဒီဟာမှာ တူညီမှာ မဟုတ်ပါဘူး။ ဒီဟာကို ကျွန်တော်တို့ သီးခြားလေ့လာပြီးတော့ တစ်ခုချင်း အလိုက် ကျွန်တော်တို့ ကောက်ခံဖို့ ကျွန်တော်တို့က စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အခု ဒီမိုကရေစီနိုင်ငံတော်ကြီးဟာ အဓိကကတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ ကျွန်တော်တို့ရဲ့ သားသမီးမရတဲ့ဖအေလို ဖြစ်နေပါတယ်။ ပြောရရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ နေ့တိုင်း ကိုယ့်ဒေသအသီးသီးကနေ တက်လာတဲ့ ကိုယ်စားလှယ်တွေက ဒီမှာလာပြီးတော့ ကျွန်တော်တို့ နေ့တိုင်း တောင်းဆိုနေတာတွေ ရှိပါတယ်။ နိုင်ငံတော်အစိုးရကလည်း ဒီအခွန်အခတွေကို မရခဲ့ရင် ဘယ်ကနေပေးရမှာလဲဆိုတဲ့ အခြေအနေတစ်ခုလည်း ဖြစ်ပါတယ်။

ဝန်ကြီးဌာနအသီးသီးက နေ့တိုင်းလာဖြေနေရပါတယ်။ ဒါပေမဲ့ သူတို့မှာရှိရင်လည်း သူတို့ပေးမှာပါပဲ။ အခုလို ဒါ နေ့တိုင်း တောင်းဆိုနေတဲ့ဟာတွေကို ဖြည့်ဆည်းပေးဖို့အတွက် နိုင်ငံတော် ဘက်ကလည်း ရယူနိုင်တဲ့ဟာတွေကို ရအောင်ယူတတ်ဖို့ စနစ်သေချာချဖို့ လိုအပ်တဲ့အကြောင်း တင်ပြချင်တာပါ။ အဓိက ကျွန်တော်တို့က ဒီအခွန်အခတွေကို ရအောင် ပြည်သူတွေကို ပညာပေးစည်းရုံးဖို့ လိုအပ်ပါတယ်။

Corporate Tax နဲ့ ပတ်သက်ရင် အဓိကကျတဲ့ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာန (၃)ခုကို ကျွန်တော်တို့ တွေ့နေရပါတယ်။ စီးပွားကူးသန်းဝန်ကြီးဌာန၊ ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဆိုပြီးတော့ ဝန်ကြီးဌာန (၃)ခုက အဓိက ပတ်သက်နေတာ တွေ့နေရပါတယ်။ ကိစ္စတစ်ခုကို ကျွန်တော်တို့ ဆောင်ရွက်တဲ့နေရာမှာ ဒီဝန်ကြီးဌာန(၃)ခုက ညှိနှိုင်းပြီးတော့ ပြည်သူတွေကိုလည်း ပွင့်ပွင့်လင်းလင်း ချပြဖို့လည်း လိုအပ်ပါတယ်။ အခုတလော ကျွန်တော်တို့ တွေ့နေရတာ ကျွန်တော်တို့ရဲ့ Export Tax 10 Percent ကို ကျွန်တော်တို့ ပေးနေရပါတယ်။ နောက်ပိုင်းက တဖြည်းဖြည်းနဲ့ ဒီ 10 Percent ကနေ 8 Percent နောက်ဆုံး 2 Percent အထိ ကျွန်တော်တို့ ဖြစ်သွားပါတယ်။ ဒါပေမဲ့ နောက်ဆုံး 2 Percent ကိုပဲ ကျွန်တော်တို့ကို ပြီးခဲ့တဲ့ မေလတုန်းက ဒါကို ပြန်ပြီးတော့ မယူတော့ဘူး ဆိုပြီးတော့ ကျွန်တော်တို့ ပြောလိုက်တယ်။ ဒါပေမဲ့ တချို့ကုန်သည်တွေက အတိအကျ သိတယ်၊ တချို့ကုန်သည်တွေက မသိဘူး။ မသိတဲ့အပေါ်မှာ 2 Percent မပေးရတော့ဘူး ဆိုပြီးတော့ ကျွန်တော်တို့က အဲဒီထဲမှာ ကျွန်တော် ကိုယ်တိုင်လည်း အပါအဝင် ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတစ်ချို့ကို လုပ်လိုက်ပါတယ်။

ဒါပေမဲ့ နောက်မှ ဘယ်လို သိရလဲဆိုတော့ 2 Percent မယူတာ မှန်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာ 2 Percent ကို ဗမာငွေနဲ့ပြန်ပေးရမယ် ဆိုပြီးတော့ ပြန်ဖြစ်သွားပါတယ်။ ဖြစ်သွားတဲ့ အချိန်မှာ ဒီကြားထဲမှာ လုပ်မိတဲ့လူတွေက ပြန်ပြီးတော့ ဒီအမြတ်အစွန်းကို မရဘဲနဲ့ ပြန်ပြီးတော့ ပြန်ပေးရမယ့် သဘောတွေ ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေကို ပြည်သူတွေကို ဒီအစီအစဉ်တွေ မချခင် ပြည်သူတွေကို သေချာပွင့်ပွင့်လင်းလင်း ပြည်သူတွေနဲ့ အခွန်ထမ်းတွေနဲ့ ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းရှင်တွေနဲ့ အားလုံး သေချာပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးတော့ ချပြပြီးတော့ နောက်မှပဲ ဒီဟာတွေကို ဝန်ကြီးဌာနတွေက ဒီသတင်းစာရော၊

မီဒီယာတွေရော အစုံမှာ ဒါတွေကို ပြည်သူတွေကို ပွင့်ပွင့်လင်းလင်းချပြပြီးမှ ဒါတွေကို ဆက်ပြီးတော့ ဆောင်ရွက်ရင် ပိုပြီးတော့ ကောင်းမယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ 2 Percent ကို မယူဘဲနဲ့ နောက်ပိုင်းမှာ ဗမာငွေနဲ့ ကောက်တဲ့အပေါ်မှာ ပြည်သူတွေတချို့က အချင်းချင်းတစ်မျိုး၊ စာစောင်တွေမှာတစ်မျိုး ဒါတွေကို ပြောလာတာကိုလည်း ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒီ 2 Percent ဟာ ကျွန်တော်တို့ Export ပိုက်ဆံတွေဝင်လာတဲ့အချိန်မှာ တစ်ခါတည်းကို ကောက်လိုက်ရင် နိုင်ငံတော်ကသပိတ်ဝင်အိတ်ဝင် ဖြစ်သွားပါတယ်။ ဒီ 2 Percent ကို အဲဒီအချိန်မှာ မကောက်ဘဲနဲ့ တစ်ဖက်က ဗမာငွေနဲ့ ပြန်ကောက်တဲ့အချိန်မှာအခွန်ရှောင်တိမ်းတဲ့လူကလည်း ရှောင်နိုင်တဲ့အခွင့်အလမ်း တစ်ခုရသွားတဲ့ အပေါ်မှာလည်း ဒီအခွန်တွေ ပျောက်သွားမယ့် အခြေအနေတွေလည်း ပြန်ရှိလာတတ် ပါတယ်။ အဲဒီတော့ ဒီမှာ အမှန်အကန် လုပ်တဲ့လူတွေက တစ်မျိုး၊အခွန် ရှောင် တိမ်းချင်တဲ့ သူတွေကလည်း တစ်မျိုး၊ ခုခေတ်ခုအခါမှာ အမြတ်အစွန်းက အင်မတန် နည်းလာတဲ့ အပေါ်မှာ 2 Percent ဆိုတဲ့ ပမာဏ ကလည်း အင်မတန်မှ ကြီးမားပါတယ်။ အဲဒီတော့ တကယ့်အမှန်အကန် လုပ်တဲ့လူတွေက 2 Percent လေးပေးပြီး တော့ လုပ်ရတဲ့အချိန်မှာ ရှောင်တိမ်းသူနဲ့ သွားပြီးတော့ ယှဉ်လို့မရတဲ့ အခြေအနေတွေလည်း ကျွန်တော်တို့ ပြန်ပြီးတော့ တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီအခွန်အခ တွေကို ဥပမာ ကြွေးရှင်က ဥပမာပြောရရင် ကိုယ့်ရှေ့ကို ရောက်လာတဲ့အချိန်မှာ တစ်ခါတည်း ယူလိုက်မိဖို့ အရေးကြီးပါတယ်။ ကြွေးရှင်က ကိုယ့်ရှေ့ကနေ ပျောက်သွားတဲ့အချိန်မှာ ကိုယ်က ပြန်ပြီးတော့ လိုက်လံပြီးတော့ ရှာဖွေတဲ့ အလုပ်တွေ တော်တော်ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ဒီအခွန်အခတွေကို လောလောဆယ် အခြေအနေမှာ ကျွန်တော်တို့ရဲ့ ခေတ်ကြီး တစ်ခေတ်လုံးကို ကျွန်တော်တို့ ဒီလိုသွားပြီးတော့ အခုအချိန်မှာ တကယ့်ဒီမိုကရေစီနိုင်ငံတော်ကြီး စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာတဲ့အချိန်မှာ ပြည်သူတွေကိုလည်း ဒီအတွက် ကျင့်သားရသွားအောင် နိုင်ငံတော်ကနေ စနစ်တကျစီမံကြပ်မတ်ပြီးတော့ ကျွန်တော်တို့ရဲ့ အခွန်တိမ်းရှောင်တဲ့ဟာတွေကို မဖြစ်မိအောင်ထိန်းကျောင်းပေးဖို့လည်း လိုအပ်တယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။ အထူးသဖြင့် Import Duty တွေနဲ့ပတ်သက်ပြီးတော့လည်း ပြောချင်တာက အခွန်အခတွေ ကောက်တာ များပါတယ်။

ဒါပေမဲ့ ကောက်တဲ့ အခွန်အခတွေကို ရှောင်တဲ့ လူကလည်း အများကြီး ရှိပါတယ်။ ကျွန်တော်တို့ ပြောချင်တာက ဒီကုမ္ပဏီပိုင်ရှင်တွေ ပေးတဲ့အခွန်အခသည် တစ်ဖက်လှည့်နဲ့ ဒီကုမ္ပဏီပိုင်ရှင်တွေက ပြည်သူတွေက ပြန်လည်ယူတဲ့ အခွန်အခတွေပဲ၊ ပြန်လည်ယူလိုက်တဲ့ ငွေကြေးတွေပဲ ဖြစ်ပါတယ်။ ဒီဟာတွေကို အခွန်နည်းနည်းနဲ့ လူအားလုံးဆီကနေ ဘယ်လိုမှ ရှောင်တိမ်းလို့မရတဲ့ အခွန်စနစ်ကို ပြန်လည်ကျင့်သုံးဖို့ လိုအပ်တဲ့အကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီတော့ Import တွေနဲ့ပတ်သက်ပြီးတော့ အဓိက တင်ပြချင်တာက ကျွန်တော်တို့က Custom ရုံးမှာ ပစ္စည်းတွေ ထုတ်တဲ့၊ ပြုတဲ့အချိန်မှာ အခွန်တွေ၊ Import Dutyတွေ ပေးရပါတယ်။ ပေးရင်းနဲ့ ဒီအခွန်အခတွေကို ကောက်လိုက်ရင် ပိုပြီးတော့ သပိတ်ဝင် အိတ်ဝင် သေချာမယ် ဖြစ်မယ့်ဟာကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ နောက်တစ်ခုက အခွန်ပေးတဲ့ လူတွေကို ကျွန်တော်တို့က ချီးမြှင့်မှုတွေလည်း လုပ်ဖို့လိုအပ်ပါတယ်။ နိုင်ငံခြားမှာ ဒါမျိုးတွေ ရှိပါတယ်။ အခွန်များများပေးတဲ့လူကို အခွန်ရာခိုင်နှုန်းပြန် လျှော့ပေါ့ပြီးတော့ ပေးတဲ့စနစ်တစ်မျိုး၊ ဒီလူတွေကို ချီးမြှင့်မြှောက်စားတဲ့ ပုံစံနဲ့တစ်မျိုး၊ နောက်ဆုံး ဒီလူတွေက လေဆိပ်ကနေ ထွက်တဲ့ အချိန်မှာ VIP Treatment တကယ့်အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ Treatment အဆင့် ရတာတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီအခွန်စနစ်ကို ပြုပြင်ပြီးတော့ အကောင်းဆုံး အထိရောက်ဆုံး အခွန်စနစ်နဲ့ အခွန်ပေးတဲ့ လူတွေကိုလည်း ချီးမြှင့်မြှောက်စားဖို့ လိုအပ်တဲ့အကြောင်း တင်ပြရင်းနဲ့ ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဒေါက်တာခင်ရွှေ က ငွေရေးကြေးရေး နှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီမှ တင်သွင်းသွားတဲ့ ငွေရေးကြေးရေးနဲ့

အခွန်အကောက် ဆိုင်ရာ အကြံပြုစာတမ်းနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လူတွေရဲ့ ကိုယ်ခန္ဓာမှာ အရေးကြီးဆုံးမရှိမဖြစ် လည်ပတ်နေတာက သွေးဖြစ်ပါတယ်။ ဒီအတိုင်းပဲ စီးပွားရေးတစ်ခုလုံးအတွက် အဓိကလိုအပ်ချက်ကတော့ ငွေရေးကြေးရေးပဲ ဖြစ်ပါတယ်။ ငွေရေးကြေးရေး လည်ပတ်ဖို့ကလည်း ဘဏ်က အထူးအရေးကြီးပါတယ်။ ဘဏ်စနစ်မှန်ကန်ပြီး တိကျခိုင်မာဖို့ နည်းမှန်လမ်းမှန်နဲ့ စနစ်တကျဖွံ့ဖြိုးဖို့ တစ်ဆင့်တစ်ဆင့် တိုးတက်ဖို့ လိုပါတယ်။ ယခုလည်း ငွေရေးကြေးရေးစနစ်ဟာ တဖြည်းဖြည်းနဲ့ တိုးတက်လာပြီးတော့ မှန်ကန်သော လမ်းပေါ်ရောက် နေပြီလို့ လေ့လာသုံးသပ်လို့ ရပါတယ်။ ယခင်လွှတ်တော်ကာလတုန်းက ကျွန်တော် အဆိုတင်ပြ ခဲ့တဲ့ Unification of Exchange Rate ငွေလဲလှယ်နှုန်း တစ်သမတ်တည်းဖြစ်ရေးအတွက် တင်ပြချက်ကလည်း ဒီနေ့ နိုင်ငံတော်အစိုးရမှ နိုင်ငံခြားငွေလဲကောင်တာများ ဖွင့်ပြီးတော့ စနစ်တကျကိုင်တွယ် ဆောင်ရွက်နေတာကို တွေ့နေရပြီ ဖြစ်ပါတယ်။

နောက် ကျွန်တော် အဆိုတင်ပြခဲ့တဲ့ Capital Market မတည်ရင်းနှီးငွေဈေးကွက် ဖြစ်ပေါ်လာရေး အတွက်ကို Stock Exchange ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာရေး အတွက်ကို အဆို တင်သွင်းခဲ့ရာ အခုဆိုရင် ဂျပန်နိုင်ငံရဲ့ Tokyo Stock Exchange အဖွဲ့နဲ့ ဆွေးနွေးအကောင်အထည်ဖော်နေပြီ ဆိုတာလည်း သိနေရပါတယ်။ ဒ့ီအပြင် ယခုအခါမှာ ပုဂ္ဂလိကဘဏ်(၁၁)ခုကိုလည်း နိုင်ငံခြားငွေ စာရင်းဖွင့်ခွင့် ပေးပြီးဖြစ်ကြောင်းလည်း သိနေရပြီ ဖြစ်ပါတယ်။ နောက်ထပ် ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအနေနဲ့ အလုပ်အကိုင်များ ပေါ်ထွန်းစေဖို့အတွက် Employment Opportunity အတွက်ကို အသေးစားငွေကြေး ဝန်ဆောင်မှု Micro Finance တစ်ရပ်ထူထောင်နိုင်ရေးအတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပြုပြီးတော့ စီစဥ် ဆောင်ရွက်ထားသင့်ကြောင်း အဆိုတင်ပြဆွေးနွေးခဲ့ရာ အခုအခါမှာလည်း ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ စတင်ဆောင်ရွက်နေကြောင်းကို တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ပြည်ပဘဏ်ခွဲများကိုလည်း ပြည်တွင်းမှာ ဖွင့်ခွင့်ပြုတဲ့အတွက်ကြောင့် နိုင်ငံခြားဘဏ်ခွဲ အသီးသီးကလည်း ပြည်တွင်း ဘဏ်ခွဲများ ဖွင့်ပြီး ပြည်တွင်းမှာ ဘဏ်ခွဲများ ဖွင့်ပြီးနေကြောင်းလည်း တွေ့ရပါတယ်။

ဒါအပြင် ဗဟိုဘဏ်ကိုလည်း အခြားနိုင်ငံများနည်းတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ခွဲထွက်ပြီးတော့ လွတ်လွတ်လပ်လပ် သီးခြားရပ်တည် ဆောင်ရွက်ဖို့ စီစဥ်နေတယ်လို့ ကြားသိရတဲ့အတွက် အထူးအားရ ဂုဏ်ယူလျက်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့လည်း လုပ်ငန်းစဥ် (၁၀)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း တွေ့ရပါတယ်။ ဒါအပြင် ဗဟိုဘဏ်အနေနဲ့ မိမိနိုင်ငံရဲ့ ပြောင်းလဲနေတဲ့ စီးပွားရေးကဏ္ဍနဲ့ လိုက်လျောညီညွတ်တဲ့ ဗဟိုဘဏ်ဥပဒေသစ်နဲ့ ငွေကြေးဆိုင်ရာဥပဒေများ အမြန်ရေးဆွဲပြဋ္ဌာန်း သွားသင့်ကြောင်း ဗဟိုဘဏ်မှာ စုဆောင်းထားတဲ့ နိုင်ငံပိုင် နိုင်ငံခြားငွေပမာဏ၊ ရွှေပမာဏနဲ့ ဗဟိုဘဏ် ထုတ်ဝေ ထားတဲ့ FEC ပမာဏရဲ့ အခြေအနေများကို အများပြည်သူများသိအောင်လို့ အချိန်အခါ သတ်မှတ်ပြီး ထုတ်ပြန်ကြေညာသွားသင့်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အခွန်အကောက်ဆိုင်ရာ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုဘဝမြင့်မားရေးအတွက်ကို ဆောင်ရွက်ရာမှာ အခွန်စနစ်ဟာ အလွန်အရေးပါသော အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ ဒါကြောင့် အခွန်အကောက်ကို မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကောက်ခံခဲ့တဲ့ အခွန်တွေ ကတော့၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေ သိန်းဆုခွန်၊ အမြတ်ခွန်နဲ့အကောက်ခွန်တို့ဖြစ်ပါတယ်။ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန်နဲ့ အကောက်ခွန်များမှာ အဓိကကျတဲ့ အခွန်များဖြစ်ပြီးတော့ ကုန်သွယ်ခွန်နဲ့ဝင်ငွေခွန်ဟာ နိုင်ငံတော်အတွက် အများဆုံး ရရှိနိုင်တဲ့အတွက် စီမံချက်ချပြီးတော့ စနစ်တကျ ကောက်ခံဖို့ လိုပါတယ်။ ကုန်သွယ်ခွန်နဲ့ ဝင်ငွေခွန် ကောက်ခံတဲ့စနစ်ကလည်း နိုင်ငံတကာအတွေ့အကြုံအရ တင်ပြရလို့ရှိရင် တြိဂံပုံစံမျိုး ဖြစ်ပါတယ်။ အောက်ခြေက ကြီးပြီးတော့ အပေါ်က ရှူးပြီး သေးသွားပါတယ်။ အပေါ်ထိပ်ဆုံးက လူနည်းစုဖြစ်တဲ့ စီးပွားရေးသမားတွေ ဖြစ်ပြီးတော့ အလယ်က လူလတ်တန်းစား စားနိုင်၊ သောက်နိုင်တဲ့ လူများဖြစ်ပြီးတော့ အောက်ခြေထုကြီးက လက်လုပ်၊ လက်စား တောင်သူလယ်သမား များ ဖြစ်ကြပါတယ်။

ဒါကြောင့် ထုထည်ကြီးမားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝမြှင့်တင်ဖို့ အတွက်ကို လူနေမှု အဆင့်အတန်းမြင့်မားလာအောင် အထူးစီမံချက်ချ ဆောင်ရွက်ပြီးတော့ အခွင့်အရေး

ဖန်တီးပေးပြီးတော့ ဆင်းရဲမှုပပျောက်ရေးအတွက်ကိုလည်း အထူးအလေးထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံမှ စီးပွားရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်ပေးပေမယ့် ဆင်းရဲချမ်းသာမှု ကွာခြားနေကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ တြိဂံကြီးရဲ့ ထိပ်ဆုံးမှာရှိတဲ့ စီးပွားရေးသမားများ ပေါ်ထွက်လာပေမယ့် အခြားနိုင်ငံမှာရှိတဲ့ စီးပွားရေးသမားများနဲ့စာရင် အရေ အတွက်အရရော၊ ပိုင်ဆိုင်မှုပမာဏအရရောများစွာ နည်းနေသေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စီးပွားရေးအောင်မြင်တဲ့သူ (၁၀၀)ပေါင်းရင်တောင်မှ အိမ်နီးချင်းနိုင်ငံက စီးပွားရေးသမားတစ်ယောက်ကို မမီနိုင်သေးကြောင်းကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် တြိဂံပုံရဲ့အလွန်နည်းတဲ့ စီးပွားရေးအဖွဲ့အစည်းများဆိုတာ အခွန်အကောက်များကို ထိုက်ထိုက်တန်တန် ရရှိဖို့အတွက်ကို အခွန်ကောက်မူဝါဒများ ချမှတ်ဆောင်ရွက်သင့်သလို ဒုတိယအဆင့်ဖြစ်တဲ့ တြိဂံရဲ့အလယ်ပိုင်း နောက်ပြီးတော့ အများဆုံးဖြစ်တဲ့ တြိဂံကြီးရဲ့ အောက်ပိုင်းကို နိုင်ငံသားတိုင်းလိုလိုချင်ချင်နဲ့ ဘယ်လိုအခွန်ပေးချင်လာအောင် စည်းရုံးဆောင်ရွက်မယ် ဆိုတာကို စီစဥ်ဆောင်ရွက်ဖို့ လိုလာပြီလည်းဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာဆိုရင် နိုင်ငံသားတိုင်း လူနေမှုအဆင့်အတန်း မြင့်မားလာအောင် အစိုးရကနေပြီးတော့ အမြဲကြံဆကြိုးပမ်းနေသလို အခွန်အခကိုလည်း ဘယ်လိုနည်းနဲ့ရအောင် ကောက်ခံရမလဲဆိုတာ ကြိုးစားနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

အခွန်ထမ်းတဲ့ နိုင်ငံသားတိုင်းဂုဏ်ယူစွာနဲ့ အခွန်ထမ်းကြသလို၊ အခွန်ထမ်းတဲ့ နိုင်ငံသားတိုင်းကိုလည်း ဆေးရုံတက်ရင်အခမဲ့၊ ဆေးဝါးကုသမှုအပါအဝင် ပညာရေး၊ ယဥ်ကျေးမှု၊ အားကစားကဏ္ဍများကို အပြည့်အဝ ကူညီထောက်ပံ့မှုများကို အစိုးရမှ တာဝန်ယူပြီးတော့ ပေးလျက်ရှိပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံသားများကိုယ်တိုင်ကိုက တစ်ဦးချင်း အခွန်ပေးဆောင်မှုကို ကျေကျေနပ်နပ်ဂုဏ်ယူစွာနဲ့ လူတိုင်းအခွန်ဆောင် နေကြကြောင်းကို တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ဆုံး စင်ကာပူသားတွေကိုယ်တိုင်ကိုက သူတို့ရဲ့ အစိုးရဟာ လေရှူရင်တောင်မှအခွန်ကောက်ချင်လွန်းလို့ လူတွေရဲ့နှာခေါင်းမှာ လေရှူကိရိယာတပ်ပြီးတော့ လူတစ်ဦးကို တစ်လကိုဘယ်လောက်ရှူပြီးတော့ သူတို့တိုင်းပြီးတော့ကောက်ဖို့ ကြိုးစားနေကြောင်းကို ဂုဏ်ယူစွာ နဲ့ ဒါ သူတို့ပြောပြတာကို ကျွန်တော် ကြားရပါတယ်။

နောက် အင်ဒိုနီးရှားက ကျွန်တော့် မိတ်ဆွေ မစ္စတာဆမ်ပိုးနား၊ ဆေးလိပ်ထုတ်တဲ့ ကုမ္ပဏီဟာ ဆိုလို့ရှိရင်လည်း မိမိထုတ်တဲ့ ဆေးလိပ်တိုင်းမှာ နိုင်ငံတော်အခွန်ပေးဖို့အတွက် တံဆိပ်ခေါင်းကပ်ရပါတယ်။ အဲဒီ ကပ်တာကိုက တစ်နေ့ကို ဒေါ်လာတစ်သန်းဖိုးလောက် ကပ်တဲ့ အတွက်ကြောင့် ဆေးလိပ်မှာတင် သူတို့ရဲ့ အစိုးရကို တစ်နှစ်ကိုသန်းပေါင်း (၃၆၅) သန်း အစိုးရကို တံဆိပ်ခေါင်းကပ်ပြီး အခွန်ပေးလို့ရတဲ့ဟာလည်း တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ GDP နဲ့ အခွန်ရရှိမှု အချိုးမှာ အခြားနိုင်ငံများနဲ့ ယှဉ်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာ နည်းနေပြီးတော့ မိမိနိုင်ငံနဲ့ နီးစပ်တဲ့ နိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယားမှာ(၁၀)ရာခိုင်နှုန်း၊ လာအိုမှာ(၁၁)ရာခိုင်နှုန်း၊ ဗီယက်နမ်မှာ(၂၁)ရာခိုင်နှုန်းရှိနေတဲ့ အချိန်မှာ မိမိတို့နိုင်ငံ (၃)ရာခိုင်နှုန်းသာ ရှိကြောင်းကို တွေ့ရ ပါတယ်။ ရသင့်တဲ့အခွန်တွေမရတဲ့အတွက် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ Infrastructure များ မပြည့်စုံမှုနဲ့ တိုးတက်မှု နှေးကွေးနေတာလည်း တွေ့နေရပါတယ်။ လမ်းတွေ မကောင်းဘူး။ စာသင်ကျောင်းတွေ မပြည့်စုံဘူး။ ဆေးရုံတွေမှာ ဆေးဝါးမရှိဘူးလို့ အစိုးရအပေါ်မှာ ချည်း အပြစ်ပုံချနေမယ့်အစား မိမိက တြိဂံကြီးရဲ့ ဘယ် Level မှာရှိနေလဲ၊ မိမိရှိနေတဲ့ Level အလိုက် နိုင်ငံတော်အတွက်ကို အခွန်အခ ထမ်းဆောင်ပြီးပြီလား၊ နိုင်ငံတော်အတွက် ဘယ်လောက် ထိ အလုပ်လုပ်ကြပြီးလဲ၊ ဒီနေ့ ပြည်သူလူထုနဲ့ အခွန်အခများဟာ အကျွမ်းတဝင်မရှိပဲ သူစိမ်း တစ်ရံလိုဖြစ်နေတဲ့ အတွက်ကြောင့် သိရှိကျွမ်းကျင်အောင်၊ ထိတွေ့ဆက်ဆံနိုင်အောင် အခွန်ဝါဒ ဖြစ်အောင် ဆောင်ရွက်ဖို့လိုပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂:၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁:၀၀) နာရီရပ်နားပါမယ်။

**အချိန်၊ ၁၂:၀၂။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂:၀၂)နာရီ အချိန်တွင်ခေတ္တရပ်နားပြီး (၁၃:၀၀)နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ရယူလိုပါက ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း ထံမှာ စာရင်းပေးသွင်း ဝယ်ယူနိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ဝယ်မယ် ဆိုရင် ဒေါ်သီတာထွန်း ထံမှာ စာရင်းပေးနိုင်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ဂျာနယ်ကို ဩဂုတ်လကုန်လောက်မှာ ထုတ်ဖို့ရှိပါတယ်။ စာမူပေးပို့လိုသူများ ရှိပါကဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း ထံမှာ စာမူများပေးပို့နိုင်ကြောင်း ထပ်မံ အသိပေး ကြေညာအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်မှ ပညာရှင်ပုဂ္ဂိုလ်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ငွေရေးကြေးရေးနဲ့ အခွန် အကောက်ဆိုင်ရာ ကော်မတီက တင်ပြထားတဲ့ အစီရင်ခံစာအပေါ် မှာ ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အစီရင်ခံစာမှာဆိုရင်ဖြင့် ကျွန်တော်တို့ ငွေရေး ကြေးရေးအပိုင်းရယ်၊ အခွန်အကောက်ရယ်ဆိုပြီးတော့ အပိုင်းနှစ်ပိုင်းပါပါတယ်။ အဲဒီတော့ ပထမပိုင်းတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြချင်တာကတော့ ကျွန်တော် ပြင်ဆင်ထားတာက တော့ ငွေရေးကြေးရေးအပိုင်းနဲ့ အခွန်အကောက်ဆိုင်ရာအချို့ အချက်တွေကို ထောက်ခံ ဆွေးနွေးဖို့ ပြင်ဆင်ထားတာပါ။ ဒါပေမဲ့ ဒီမှာဆွေးနွေးမယ့် ကိုယ်စားလှယ်ကလည်း (၁၀)ဦး ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ဒီ(၁၀)ဦး ဆွေးနွေးတဲ့ အမြင်တွေအကုန်လုံးကို စုပေါင်း လိုက်မယ် ဆိုရင် အင်မတန်မှ ပြီးပြည့်စုံ သွားတဲ့ အစီရင်ခံစာ တစ်ခုဖြစ်လာမှာပါ။ အဲဒီတော့ ဒီ အစီရင် ခံစာနဲ့ပတ်သက်လို့ ဒီ အစီရင်ခံစာကို ဘယ်လိုဆက်ပြီးတော့ Action ယူမလဲဆိုတဲ့ အပိုင်းလေးကိုပဲ ဆွေးနွေးတင်ပြခွင့်ပြု ပါလို့ ဥက္ကဋ္ဌကြီးကို ခွင့်ပန်ကြားလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၅)ဦးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၅)ဦးဟာ အိန္ဒိယနိုင်ငံ အောက် လွှတ်တော် (LOK SABHA) ကို လေ့လာရေး သင်တန်းအနေနဲ့ သွားရောက်ခဲ့ ရပါတယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံလွှတ်တော်များမှာလည်း Standing Committee အမြဲတမ်းကော်မတီ (၂၄)ခု သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ အလိုက်၊ လုပ်ငန်းနယ်ပယ်အလိုက် ဖွဲ့စည်းပါတယ်။ အထက်လွှတ်တော် (RAJYA SABHA) ကနေပြီးတော့(၈)ခုကို တာဝန်ယူဆောင်ရွက်ပြီးတော့ အောက်လွှတ်တော် (LOK SABHA) ကနေ(၁၆)ခုကို တာဝန်ယူဆောင်ရွက်ပါတယ်။ ဒါပေမဲ့ ထူးခြားချက်တစ်ခုကတော့ ကော်မတီတွေ အကုန်လုံးက ပူးပေါင်းကော်မတီတွေ ဖြစ်ပါတယ် ခင်ဗျား။ ကော်မတီတိုင်း၊ ကော်မတီတိုင်းမှာ အထက်လွှတ်တော်က တာဝန်ယူတဲ့ ကော်မတီမှာ လည်း အောက်လွှတ်တော်ကကိုယ်စားလှယ်တွေ ပါပါတယ်။ အောက်လွှတ်တော်က တာဝန်ယူ ဆောင်ရွက်တဲ့ ကော်မတီတွေမှာလည်း အထက်လွှတ်တော်က ကိုယ်စားလှယ်တွေပါ ပါတယ်။ နောက် ဒီကော်မတီ (၂၄)ခုကနေပြီးတော့ အိန္ဒိယအစိုးရမှာရှိတဲ့ ဝန်ကြီးဌာန (၅၄)ခုလုံးကို အပြန်အလှန်ညှိနှိုင်း ထိန်းကျောင်းဆောင်ရွက်မှုတွေကို ပြုပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း လွှတ်တော်မှာ ကော်မတီတွေ ဖွဲ့စည်းထားတာ ရှိပါတယ်။

ကျွန်တော်တို့ အမျိုးသားစီမံကိန်းကော်မတီကနေပြီးတော့ ပြုစုတင်ပြတဲ့ အကြံပြုချက်စာတမ်းဟာဆိုရင်လည်း တော်တော်လေးကို ပြီးပြည့်စုံပါတယ်။ ဒီအပေါ်မှာ ကိုယ်စားလှယ်တွေ ဝင်ရောက်ဆွေးနွေးပြီးတော့ ဖြည့်စွက်လိုက်တဲ့အခါကျတော့လည်း ဒါဟာ ပြည်ထောင်စုအစိုးရကို လုပ်ဆောင်ရန်အတွက် အကြံပြုတိုက်တွန်းဖို့ တကယ့်အဆိုကောင်း တစ်ရပ် ဖြစ်လာတယ်လို့ တင်ပြချင်ပါတယ်။ ထိုနည်းလည်းကောင်းပါပဲ၊ အခု ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာကော်မတီက အကြံပြုတင်ပြထားတဲ့ စာတမ်းဟာဆိုရင်လည်း အင်မတန် မှ ပြည့်စုံပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ GDP အချိုးနဲ့ယှဉ်ရင် အခွန်အကောက် ကောက်ခံမှုဟာ အင်မတန်မှ နည်းနေတယ်ဆိုတာ ဒါ ပေါ်လွင်ထင်ရှားနေပါတယ်။

အဲဒီတော့ ဘယ်လိုစနစ်ကြောင့် ဘယ်လိုတွေဖြစ်ခဲ့တယ်၊ ဘာကြောင့် ဘယ်လိုဖြစ် ခဲ့တယ်ဆိုတာထက် ကျွန်တော်တို့ အခု ခေတ်သစ်၊ စနစ်သစ်မှာ ဘယ်လိုပြုပြင်ပြောင်းလဲပြီးတော့ ဆောင်ရွက်မလဲ၊ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်တွေကကော ဘယ်လိုပံ့ပိုး ပြီးတော့ ကူညီပေးနိုင်မလဲ၊ ဒီဟာ ကျွန်တော်တို့ဟာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများကို ဥပဒေပြုရေး ပိုင်းကနေပြီးတော့ လွှမ်းမိုးပြီးတော့၊ ကျော်လွန်ပြီးတော့ ဆောင်ရွက်တာမျိုးမဟုတ်ဘဲနဲ့ တိုင်းပြည်အတွက်၊ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ကျွန်တော်တို့ လွှတ်တော်များ ကလည်း တစ်တပ်တစ်အား ပူးပေါင်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်လို့ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီ ကော်မတီရဲ့ အစီရင်ခံစာမှာဆိုရင် ကျွန်တော်တို့ နောက်ဆုံးမှာ အခွန်မှန်ကန်ရရှိရေးအတွက်ဆောင်ရွက်သင့်သည့် အချက်များဆိုပြီတော့ အချက်(၅) ချက်ကို ဖော်ပြထားတာရှိပါတယ်။

အခု ဒီနေ့ ကိုယ်စားလှယ်တော်(၁၀)ဦးကနေ ဆွေးနွေးတဲ့အခါမှာလည်း တခြားပြုပြင် သင့်တဲ့ အချက်တွေလည်း ထပ်မံပြီးတော့ ပေါ်ထွန်းလာနိုင်ဖွယ်ရာရှိတယ်လို့လည်း သုံးသပ်မိ ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဆွေးနွေးပြီးတဲ့ အချက်တွေအားလုံးကို စုစည်းပြီးတော့ ဒီဟာကို ကျွန်တော်တို့ အဆိုတစ်ခုအနေနဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆိုတစ်ခု အနေနဲ့ ကျွန်တော်တို့က လွှတ်တော်မှာ တင်သွင်းပြီးတဲ့အခါကျတော့ ခုနက ကျွန်တော် ရှေးဦးစွာ တင်ပြ သွားသလိုပါပဲ၊ နိုင်ငံတော်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းအတွက် ပြည်ထောင်စု အစိုးရက ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်များကလည်း ပါဝင်ပူးပေါင်းကူညီပြီးတော့

အကြံပြု ဆောင်ရွက်ခြင်းကို ပြုတဲ့အနေနဲ့ ဒီအဆိုကို တင်သင့်တယ်လို့ တင်ပြလိုပါတယ်။ နောက် ပထမပိုင်းမှာ ကျွန်တော် တင်ပြခဲ့သလိုပါပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယနိုင်ငံလွှတ်တော်များက ကော်မတီများလိုပါပဲ၊ ကျွန်တော်တို့ ဒီအဆိုကို ဒီ ကော်မတီကနေပြီးတော့ တင်လိုက်တယ်၊ ဒီအပေါ်မှာ ဘယ်လောက် Action ယူသလဲ၊ ဘာတွေများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားသလဲ၊ အဲဒါ ကျွန်တော်တို့ကလည်း လွှတ်တော်ပိုင်းကလည်း ဘယ်လိုတွေ ပူးပေါင်းကူညီဆောင်ရွက်ရ မလဲဆိုတာကိုပါ ဒီ ငွေရေးကြေးရေးနဲ့ အခွန်အကောက် ကော်မတီက နေပြီးတော့ ဦးစီးတာဝန်ယူပြီးတော့ ဒီ ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ လုပ်ငန်းရပ်များအတွက် တင်သွင်းတဲ့ အဆိုအတွက်ကို ရှေ့ဆက်ပြီးတော့ ဆောင်ရွက်သွားဖို့ သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံများကို ထင်ဟပ်ပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ အချို့အချို့သော ကိစ္စရပ်များဟာ အုပ်ချုပ်ရေးပိုင်းမှာ ဝင်ရောက်စွက်ဖက်တဲ့ သဘောမျိုး မသက်ရောက်စေပဲ ပူးပေါင်းကူညီဆောင်ရွက်တဲ့ လုပ်ငန်းများကိုတော့ ဒီထက်ထိပိုပြီးတော့ တက်တက်ကြွကြွ၊ တွန်းတွန်းတိုက်တိုက် ဆောင်ရွက်သွားနိုင်ဖို့ ပိုပြီးတော့ ဆောင်ရွက်သွား နိုင်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်ပြပြီး နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ အခု ကျွန်တော်က အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ အကြံပြုချက်စာတမ်းပေါ်မှာ ဆွေးနွေး

တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့ကလည်းပဲ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး တော်တော်ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားကြပါပြီ။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ ဒီစာတမ်းမှာ ပါဝင်တဲ့ နိဒါန်းမှာလည်းပဲပါဝင်တဲ့ အချက်ကို အနည်းငယ် ဆွေးနွေး တင်ပြလိုပါတယ်။ ဒီစာတမ်းမှာပါတဲ့ ဘဏ္ဍာရေးဆိုင်ရာမူဝါဒရယ်၊ ငွေရေးကြေးရေး ဆိုင်ရာမူဝါဒရယ် ဒီဟာနှစ်ခုဟာ အင်မတန်မှ ကျွန်တော်တို့ အရေးကြီးပါတယ်။ အဲဒီတော့ အရင်တုန်းကဆိုရင်တော့ ဒါ ဘဏ္ဍာရေးမူဝါဒက သိပ်အရေးမကြီးဘူး၊ ငွေရေးကြေးရေး မူဝါဒဟာ အရေးကြီးတယ် ဒီလိုပဲ သုံးသပ်ကြတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အသေးစိတ် သူတို့ရဲ့ ငွေရေးကြေးရေး ဆိုင်ရာမူဝါဒတွေကို မရှင်းပြတော့ပါဘူး။ အချိန်ကို ငဲ့ညှာသောအားဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များ သဘောပေါက်သိရှိမှာပါ။ သို့သော်လည်းပဲဆက်ပြီးတော့ ခုနတုန်းက ငွေရေးကြေးရေးဆိုင်ရာမူဝါဒဟာ အရေးကြီးတယ်လို့ ယူဆနေရာကနေပြီးတော့ နှစ်ခုစလုံးဟာ အရေးကြီးတယ်။ ဒါ နိုင်ငံတစ်ခုရဲ့စီးပွားရေး ကမောက်ကမဖြစ်မှု၊ နိုင်ငံတစ်ခုမှာ စီးပွားရေး တိုးတက်မှုဟာ ဒီနှစ်ခုဟာ တကယ်ကို အဓိက ကျတယ်ဆိုပြီးတော့ စီးပွားရေးပညာရှင်များအားလုံး က လက်ခံထားပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ ဒီ မူဝါဒနှစ်ခုကို ပီပီပြင်ပြင်ဖြစ်အောင်လို့ နံပါတ်(၁)ရေးဆွဲထားဖို့ လိုအပ်ပါတယ်။ ရေးဆွဲထားမယ်လို့လည်းပဲ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့သွားမယ့် သူတို့ရဲ့ပုံစံပေါ့၊ Model အမျိုးမျိုးရှိပါတယ်။ ပုံစံ အမျိုးမျိုးရှိပါတယ်။ အဲဒီအထဲက ဒီ Model တစ်ခုကိုရွေးပြီးတော့ တိတိကျကျ သေသေချာချာ ပညာရှင်များနဲ့ ရေးဆွဲထားမှသာလျှင် ကျွန်တော်တို့ အောင်မြင်နိုင်စွမ်း ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေရှိတယ်။ ကျွန်တော်တို့ မျက်မြင်တွေရှိတယ်။ ဒီအပေါ်လောက်နဲ့ ကျွန်တော်တို့ သွားနေလို့က ကျွန်တော်တို့ စီးပွားရေးတွေ တောင့်တင်း ခိုင်မာလာမှု၊ ပြောင်းလဲလာမှုဟာ အင်မတန်မှ ရုန်းကန်ရမှာပါ။ ဒါကြောင့်မို့လို့ ဒီလိုအပ်တဲ့ ဒီ လိုအပ်ချက်နှစ်ခုကို ဒီမှာလည်းပဲ မီးမောင်းထိုးပြထားတဲ့ဟာကို သက်ဆိုင်ရာ ကျွန်တော်တို့ ပီပီပြင်ပြင်ရေးဆွဲထားဖို့လိုမယ်ဆိုတာ အကြံပြုတင်ပြပါရစေ။ နောက်တစ်ချက်က နိုင်ငံတိုင်းမှာ ကျွန်တော်တို့ အစိုးရက လိုငွေပြပါတယ်။ ဘတ်ဂျက်လိုငွေ။ လိုငွေပြတဲ့အခါမှာ ဒီစာတမ်းထဲမှာ လည်းပဲ ရေးထားတာရှိပါတယ်။ ကျွန်တော်တို့ အသုံးစရိတ်တွေလျှော့ချတယ်။ အမြတ်ခွန်တွေ၊ Tax တွေ ကျွန်တော်တို့ ကောက်တယ်။ အဲဒီ အသုံးစရိတ်တွေလျှော့ချတာကလည်း

လျှော့ချတိုင်းမကောင်းပါဘူး။ အသုံးစရိတ်တွေ လျှော့ချတာနဲ့ တစ်ပြိုင်နက် တိုးတက်နေတဲ့ တိုးတက်မှု တချို့ဟာတွေဟာ ဆုတ်ယုတ်သွားပြီးတော့ စီးပွားရေးမှာ လာပြီး ထိခိုက်မှုရှိပါတယ်။

ဒါကြောင့် ဒီအချက်ဟာလည်းပဲ စဥ်းစဥ်းစားစား ကျွန်တော်တို့ ဆောင်ရွက်ကြရတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ အမြွတ်ခွန်ကိစ္စ၊ ကျွန်တော်တို့ GDP နဲ့ အမြွတ်ခွန်ဟာ လည်းပဲ အချိုးဟာ ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ရဲ့ အချိုးဟာ (၃)ရာခိုင်နှုန်းပဲရှိပါတယ်။ ဒီပြင်နိုင်ငံတွေက များပါတယ်။ ကျွန်တော်တို့ နည်းတာ၊ များတာနဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ပြန်ပြီးသုံးသပ်ရပါမယ်။ ဘာကြောင့် ဒီဟာနည်းတာလည်း နည်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ က အမြွတ်ခွန်တွေ အရမ်းတိုးကောက် မလား။ (Inflation) ကုန်ဈေးနှုန်းတွေ ဖောင်းပွလာ မလား။ တိုင်းပြည် အကျပ်အတည်းတွေ့သွား မလား။ အများကြီးစဥ်းစားရပါတယ်။ ကျွန်တော်တို့ ဒီအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်သွား မယ်လို့လည်း ကျွန်တော် ထင်မြင်ပါတယ်။ ဒါတော့ ကျွန်တော် ဒီမှာ စာတမ်းပေါ်မှာ မူတည်ပြီး ကျွန်တော် ဆွေးနွေးခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ က ကုန်ဈေးနှုန်းလည်းပဲထည့်ပြီးတော့ စဥ်းစားရမှာပါ။ နောက် ကျွန်တော် တစ်ခါတုန်းက စာတမ်း၊ အဲဒီ အဆိုပြုခဲ့တဲ့ ဆွေးနွေးခဲ့တဲ့ အတိုးနှုန်းကိစ္စ၊ အတိုးနှုန်းတွေဟာ လည်းပဲ အရေးကြီးပါတယ်။ ဒါ ဘဏ်အတိုးနှုန်းတွေ၊ ဒီအတိုးနှုန်းတွေပေါ်မှာ လည်းပဲ မူတည်ပါတယ်။ အတိုးနှုန်းတွေ လျှော့ချပေးတယ်။ သူတို့ အရင်တုန်းက ကျွန်တော်တို့ Theory သဘောအရဆိုရင် အတိုးနှုန်းသုညချလိုက်လို့ရှိရင် ပိုကောင်းတယ်ဆိုပြီးတော့တောင် ဆွေးနွေးခဲ့တာတွေရှိပါတယ်။ သို့သော် နောက်ပိုင်းမှာတော့ ဒီ Theory ဟာ လုံးဝအပြည့်အဝ မှန်ကန်တယ်ဆိုတယ်ဆိုတဲ့ သဘောမျိုးတော့ မတွေ့ကြရပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီ အမြွတ်ခွန်ကိစ္စ ဆက်လက် ပြီးတော့ အနည်းငယ်ဆွေးနွေး တင်ပြပါမယ်။ ဒီ နိုင်ငံတစ်ခုဟာ သူက ကြွယ်ဝချမ်းသာလာတာနဲ့အမျှ သူတို့ရဲ့ အမြွတ်ခွန်တွေဟာ တိုးတိုးပြီးတော့ ကောက်ပါတယ်။ ကျွန်တော်တို့ဆီမှာ ရှိနေတဲ့ (၇၀)ရာခိုင်နှုန်းသော ဆင်းရဲမှုနဲ့ရှိနေတဲ့ ပြည်သူ လူထုတွေဟာ ကြီးမားတဲ့ အခွန်အတုတ်ကို ကျွန်တော်တို့က ကောက်လိုက်မယ်ဆိုရင် ဝန်ထုပ် ဝန်ပိုးတွေ ဖြစ်သွားနိုင်တဲ့အပိုင်းမှာ ရှိပါတယ်။

အဲဒီတော့ သင့်တင့်မျှတတဲ့ဟာကတော့ ကျွန်တော်တို့ ကောက်ကြရမှာပါ။ ချမ်းသာတဲ့ နိုင်ငံတွေမှာတော့ ခုန ရှေ့က ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း အခွန်ကို အမျိုးမျိုး စည်းကြပ်ကြပါတယ်။ ကျွန်တော်တို့ တချို့ ဒီ ဥရောပနိုင်ငံတွေမှာဆိုရင် အခွန်ပေးရတာနဲ့ပဲ အဲဒီ စီးပွားရေး တချို့ အနုပညာရှင်ကြီးများဟာ ဟို သူတို့မှာ ကျန်တဲ့လက်ကျန်ငွေဟာ Zero အဆင့်ထိ ရောက်သွားတာတွေလည်းပဲရှိခဲ့ပါတယ်။ ဒါ သူတို့ ချမ်းသာတဲ့ နိုင်ငံတွေမှာပါ။ အဲဒီတော့ သူတို့က ပြန်ပြီးတော့ လုပ်နိုင်တဲ့ အခွင့်အလမ်းတွေရှိတယ်။ သူတို့ရဲ့ စွမ်းအားတွေ ရှိတယ်။ သူတို့ ဆောင်ရွက်မယ်။ သူတို့ အဲဒီ အမြတ်ခွန်ပေးလိုက်ရသော်ငြားလည်းပဲ ပြန်ပြီးတော့ သူတို့က တောင့်တောင့်တင်းတင်းနဲ့ သူတို့ရဲ့နေထိုင်စားသောက်မှုကို အပြည့်အဝ ဆောင်ရွက်လို့ ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမြတ်ခွန်ကိစ္စ၊ အမြတ်ခွန်ကို တိုးပြီးတော့ ကောက်မယ်။ အမြတ်ခွန် Policy ကျွန်တော်တို့က ပြောင်းရမှာပါ။ ပြောင်းတာကတော့ အမြတ်ခွန်ရဲ့ မူဝါဒတွေ၊ ဥပဒေတွေ ကျွန်တော်တို့က ပြောင်းရမှာပါ။ ပြောင်းတဲ့အခါမှာလည်းပဲ အဘက်ဘက်ကနေပြီးတော့ စဉ်းစားပြီး ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုမယ်ဆိုတာ ကျွန်တော့်အနေနဲ့ အကြံပြု တင်ပြလိုပါတယ်။

ကျွန်တော် ၁၉၉၇-၁၉၉၈ လောက်က အမြတ်ခွန်ကိစ္စနှင့်ပတ်သက်ပြီး လေ့လာဖူး ပါတယ်။ ကျွန်တော် ပြည်တွင်းအခွန်ဦးစီးဌာန အဲဒီတုန်းက ညွှန်ကြားရေးမှူးချုပ် ဦးချစ်ဆွေ ပါ။ နောက် Custom ဒီ ဦးစီးဌာန။ အဲဒီ ဦးစီးဌာနတွေကို ကျွန်တော် သွားရောက် ပြီးတော့ အမြတ်ခွန် ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် လေ့လာခဲ့ပါတယ်။ အဲဒီတုန်းက အာဆီယံအတွက် အမြတ်ခွန်တွေ ဟာလည်းပဲ ဘယ်လိုကောက်ရမယ်။ အာဆီယံနဲ့ ညှိနှိုင်းထားတယ်ဆိုပြီး စာအုပ်စာတမ်းတွေသူတို့ ရှိပါတယ်။ စာအုပ်ကြီးတွေ ထုတ်ထားပါတယ်။ အဲဒီအတိုင်း ကောက်တယ်လို့လည်းပဲ ဆိုပါတယ်။ သို့သော် ကျွန်တော်တို့ လက်တွေ့တွေ့တဲ့အခါမှာ ကွာဟချက်တွေ အများကြီးရှိတဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အဲဒီတုန်းက အဲဒီဆောင်ရွက်ချက်ကို ကျွန်တော် ဆက်လက် မဆောင်ရွက်တော့ဘဲ ကျွန်တော့်ကို နားခွင့်ပြုပါဆိုပြီး အဲဒီလို ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် မို့လို့ အမြတ်ခွန်ကိစ္စဟာ ကျွန်တော် တို့ ဥပဒေ ထွက်လာမယ်။ နောက် အသေအချာ ကျွန်တော်တို့ စဉ်းစဉ်းစားစားနဲ့ ဆောင်ရွက်မှ တိုင်းပြည် ကျွန်တော်တို့ ဒီမှာရှိနေတဲ့ ပြည်သူလူထု အပေါ်မှာ လည်းပဲ ဝန်ထုပ်ဝန်ပိုးမဖြစ်၊ ဘယ်သူ့အပေါ်မှလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ ပိုပြီးတော့ စီးပွားရေးမှာ တိုးတက်လာတဲ့

နိုင်ငံတော်ကြီး ဖြစ်လာမှာပါ။ လိုငွေအတွက် ကျွန်တော်တို့ ဒီဟာကို အမြတ်ခွန် အတင်းအကြပ် ကောက်မယ်ဆိုရင်တော့ ဒါ ပြဿနာတွေ အများကြီးရှိမယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ခုနတုန်းက အမြတ်ခွန်ကိစ္စမှာလည်းပဲမူဝါဒ တွေ အရှေ့က ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားပါတယ်။ ကောက်တဲ့ အမြတ်ခွန်က ဝန်ထမ်းတွေ၊ ပြည်သူလူထုတွေ အဲဒီတော့ ကျွန်တော်တို့ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြရရင် ကျွန်တော်တို့ ဒါကြောင့်မို့လို့ အရင်တုန်းကလည်းပဲ ဆွေးနွေးခဲ့တဲ့ Good Governance and Clean Government ဆိုတာ အခု အာဆီယံမှာကော၊ နိုင်ငံတိုင်းမှာ ဒီဟာက အရေးကြီးဆုံး အချက်ဆိုပြီးတော့ ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။ အဲဒီလို ဖြစ်လာမယ်ဆိုရင် ဒါ ကျွန်တော် တို့ အကောင်းဆုံး ဖြစ်သွားမှာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြ ရလို့ရှိရင် မူဝါဒကို ပီပီပြင်ပြင် ကျွန်တော်တို့ ချထားပြီးတော့ အမြတ်ခွန်တွေကို ဆောင်ရွက်တဲ့ အခါမှာလည်းပဲ အဖက်ဖက်ကနေ စဥ်းစဥ်းစားစားနဲ့ ဆောင်ရွက်ဖို့ ဆွေးနွေးအကြံပြုရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၇။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ငွေရေးကြေးရေး နဲ့ အခွန်ကောက်ဆိုင်ရာကော်မတီရဲ့ အကြံပြုအစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ ကော်မတီက အပိုင်း(၂)ပိုင်း ခွဲခြားပြီးတော့ အစီရင်ခံ ထားတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ကတော့ ဒီ ဒုတိယပိုင်းဖြစ်တဲ့ အကောက်ခွန်ပိုင်းပဲ

ဆွေးနွေးပါမယ်။ ကျွန်တော် ဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့က အကောက်ခွန်ပညာရှင် မဟုတ်တဲ့ အတွက်ကြောင့် အခွန်နဲ့ပတ်သက်လို့ အသေးစိတ် မသိသော်ငြားလည်းပဲ ကျွန်တော်တို့ ဖြတ်သန်းရတဲ့ ဘဝအတွေ့အကြုံ၊ နောက် ကျွန်တော်တို့ အခု ထိတွေ့နေရတဲ့ ပြည်သူလူထုထဲက အသံတွေကြားရတဲ့အချက်တွေနဲ့ ပေါင်းစပ်ပြီးတော့ ကျွန်တော် ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အမိက ငွေရေးကြေးရေးနဲ့ အကောက်ခွန်ဆိုင်ရာ အကြံပြုချက်စာတမ်း ကတော်တော့်ကို ပြည့်ပြည့်စုံစုံ ရေးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီမှာအမိက ကြည့်လိုက်ရင် အကောက်ခွန်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ နိုင်ငံဟာ အကောက်ခွန်ရရှိမှု အင်မတန် နည်းနေတယ်ဆိုတာကို ရှေ့က ကိုယ်စားလှယ်တွေကလည်း မီးမောင်းထိုးပြပြီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့က GDP ရဲ့ (၃)ရာခိုင်နှုန်းပဲ ရတယ်။ ကမ္ဘောဒီးယားတို့၊ လာအိုတို့ ဆိုရင်တောင် (၁၀)တို့၊ (၁၁)တို့အဲဒီလောက် ရနေပါတယ်။ အဲဒီလိုအချိန်မှာ ကျွန်တော်တို့က အခွန်ကို တိုးရဖို့လိုတယ်။ တိုးရဖို့လိုတယ်ဆိုတဲ့နေရာမှာလည်း အခွန်တိုးကောက်တဲ့ နည်းတစ်ခုတည်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ အခွန်ကောက် ကောက်တဲ့ နည်းစနစ်ကလေးတွေကို စနစ်တကျ မှန်မှန်ကန်ကန် လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့ အခွန်ဟာ တိုးပြီးတော့ ရနိုင်တယ်ဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့ အတုယူလို့ရပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ အချက်(၃)ချက်နဲ့ ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ကတော့ ဒီ ပြည်သူတွေဟာ သူတို့ပေးလိုက်တဲ့ အခွန်သည် ပြည်သူ့ဘဏ္ဍာထဲကို ရောက်သွားတယ်ဆိုတာ သိလို့ရှိရင် ကြည်ကြည်ဖြူဖြူ ပေးချင်ကြပါတယ်။ သို့မဟုတ် ကြားကနေပြီးတော့ ဖြတ်စားသွားမယ်။ ခုနစည်းကြပ်တဲ့သူက ဖြတ်စားမယ်ဆိုရင် ကျွန်တော်တို့ကို ကြည်ကြည်ဖြူဖြူ မပေးချင်ဘူး။ ဒါ အခွန်ထမ်းတွေကတော့ ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ် တတ်နိုင်သလောက် အခွန်ကို လျှော့ပေးချင်ကြတာပါ။ ဒါကတော့ လူ့သဘာဝပါ ခင်ဗျား။ နောက်ကျွန်တော်တို့ တတ်နိုင်သလောက် ရှောင်ချင်ကြတယ်။ သို့သော်လည်း အဲဒီကြားထဲကမှ အခု ကိုယ်ပေးရတဲ့ အခွန်ဟာ အစိုးရဘဏ္ဍာတိုက်ထဲ ရောက်သွားပြီးတော့ ငါတို့ ပြည်သူတွေအတွက် လမ်းတွေ၊ တံတားတွေ၊ ဆေးရုံတွေ၊ ကျောင်းတွေ ဒါတွေဟာ ပြန်ပြီးတော့ ဖြစ်လာမယ်လို့ သိတဲ့ အခါမှာ ပြည်သူတွေက ပိုပြီးတော့ လိုလိုလားလား ပေးချင်ကြပါတယ်။ အဲဒါ ပထမ တစ်ချက်ပါ။

ဒုတိယတစ်ချက်ကတော့ အခွန်နှုန်းထား တရားမျှတရေး ဖြစ်ပါတယ်။ ခုန ကိုယ်စားလှယ်တော်ကြီးတစ်ယောက် တင်ပြသွားသလို အခွန်နှုန်းထားတွေကို ဟုတ်လား၊ မျှမျှတတနဲ့ ကောက်ဖို့လိုပါတယ်။ အခွန်ပိုလိုချင်တာနဲ့ (၁၀)ရာခိုင်နှုန်းကောက်နေရာကနေ (၃၀) ရာခိုင်နှုန်းကောက်မယ်။(၄၀)ရာခိုင်နှုန်းကောက်မယ်ဆိုရင် ပေးရတဲ့လူတွေဟာ ရှောင်ထွက်သွားဖို့ များတယ်။ သို့မဟုတ်ရင်လည်း ခုန အခွန်စည်းကြပ်တဲ့ သူနဲ့ သွားညှိမှာပါ။

နောက် တတိယအချက်ကတော့ ဒီအခွန်ထမ်းပြည်သူများအတွက် ဒီ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲနဲ့ လွယ်ကူဖို့ လိုပါတယ်။ နောက်ဆုံး ဒီမှာ စာတမ်းထဲမှာ တင်ပြသွားသလိုပေါ့။ Self Assessment System နဲ့ လုပ်တဲ့ System တွေရှိတယ်။ နောက်တချို့ကတော့ Tax reform လုပ်တဲ့ ပုံစံတွေ ရှိပါတယ်။ အဲဒီမှာ ပုံစံတွေက လွယ်ကူဖို့လိုတယ်။ ရှင်းလင်းဖို့ လိုပါတယ်။ အဲဒီတော့ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ဘဝမှာ ကျွန်တော် တာဝန်ထမ်းဆောင်ရင်း တွေ့ခဲ့ရတာတော့ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာတော့ သူတို့က လူကနေပြီးတော့ စည်းကြပ်တဲ့ ဥစ္စာနည်းပြီးတော့ သူတို့က စက်ပေါ့ (Machine) တွေနဲ့ လုပ်ကြပါတယ်။ အခုတော့ ကျွန်တော်တို့ နေပြည်တော်မှာရော၊ ရန်ကုန်မှာရော အထူးသဖြင့်ပေါ့။ ဒီ Ocean တို့၊ City Mart တို့မှာ လုပ်တဲ့ ပုံစံပါပဲ။ ဒီ ပစ္စည်းတစ်ခုဝယ်တယ်ဆိုရင် ကျွန်တော်တို့ သူတို့ နိုင်ငံမှာတော့ Taxကို နှစ်မျိုးကောက်ပါတယ်။

တစ်မျိုးကတော့ GST နဲ့ PST လို့ ခေါ်ပါတယ်။ GST ဆိုတာကတော့ Central Government Tax and than၊ PST ဆိုတာကတော့ Provisional Tax ဖြစ်ပါတယ်။ ပြီးတော့ Provisional ကြတော့ တိုင်းနဲ့ပြည်နယ်ပေါ့။ တိုင်းနဲ့ ပြည်နယ်ကို ပေးရတယ်။ Government ကြတော့ Central Government ပေါ့။ အဲဒီတော့ အများအားဖြင့် ရာခိုင်နှုန်းကတော့ ဗဟိုအစိုးရက (၈)ရာခိုင်နှုန်းလောက် ယူတယ်။ ခုနတိုင်းနဲ့ ပြည်နယ်တွေက (၇)ရာခိုင်နှုန်းလောက်ယူတယ်။ နှစ်ခုပေါင်းရင်(၁၅)ရာခိုင်နှုန်းလောက်ကို ခုန က ကျွန်တော်တို့ ပစ္စည်းတစ်ခုဝယ် လို့ (၁၀၀)ကျရင် အဲဒီ Machine မှာ ပေါင်းလိုက်တယ် (၁၁၅)ကျပ် ပေးလိုက်ရတယ်။ဒါပေမဲ့ အခွန်ထမ်းပြည်သူကခုနကျွန်တော်တင်ပြသလိုပဲသိသွားတယ်။ဒီ (၁၅)ရာခိုင်နှုန်းမှာ (၇)ရာခိုင်နှုန်း ကတော့ ငါတို့ တိုင်းနဲ့ပြည်နယ်။ နေပြည်တော်တိုင်းပေါ့။ နေပြည်တော်တိုင်းကြီးသာယာဖို့အတွက်၊ ကောင်းဖို့အတွက် ပေးလိုက်ရတာ။

နောက်တစ်ခါ ကျန်တဲ့ (၈)ရာခိုင်နှုန်းကတော့ တို့ ဗဟိုအစိုးရအတွက်၊ လမ်းကြီးတွေ၊ တံတားကြီးတွေ ဆောက်ဖို့အတွက်ပေးလိုက်ရတာ။ အဲဒီလို သူရဲ့ အသိရှိတဲ့အတွက်ကြောင့် သူက ကြည်ကြည်ဖြူဖြူ ပေးလိုကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံမှာလည်း အခုစနေပြီ။ အဲဒီ System ကိုပဲ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် တွင်တွင်ကျယ်ကျယ် သုံးလိုက်ရင် ခုန Tax ကို ရှောင်တဲ့အပိုင်းတွေ လျော့သွားမယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ အခုဆိုရင် ကျွန်တော် ခုန စကားပလ္လင်ခံသလိုပါ။ ကျွန်တော် အရပ်ထဲက ကြားခဲ့ရတဲ့ စကားပေါ့။ ဒီအထဲမှာ Tax မရှောင်တဲ့ အထဲမှာ ခု နာမည်ရနေတာ City Mart ။ ဒါ ကျွန်တော်နဲ့ အမျိုးမတော်ပါဘူး။ သိလည်းမသိပါဘူး။ ဒါပေမဲ့ City Mart က ဒီဟာ Tax ကို မှန်မှန်ကန်ကန် ပေးတယ်ဆိုပြီးတော့ သတင်းထွက်တယ်။ ဘာကြောင့်လဲဆို သူက Machine နဲ့ လုပ်တယ်။ အဲဒီကနေပြီးတော့ ထွက်လာတဲ့အတိုင်း အဲဒီက ပိုင်ရှင်တို့ Management ကလူငယ်တွေ၊ သူတို့က တိတိကျကျနဲ့ အစိုးရကို အဲဒီ Machine တွေက ထွက်တဲ့ Revenue ကနေပြီးတော့ သူတို့ပေးတယ်ဆိုတဲ့ သတင်းက အရပ်ထဲက ကြားခဲ့တာပါ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နမူနာယူပြီးတော့ ကျန်တဲ့ အထူးသဖြင့် ဒီ Retail Businessပေါ့ ဆိုင်တွေ၊ ကန္တာရတွေမှာ ခုန စက်တွေ သုံးမယ်။ နိုင်ငံတကာမှာတော့ စက်တွေကို လိမ်လို့မရအောင် ချိပ်ပိတ်တယ်။ ချိပ်ပိတ်ပြီးတော့ အဲဒီအတိုင်း သုံးခိုင်းပါတယ်။ အဲဒီတော့ အဲဒီစနစ်ကို တွင်တွင် ကျယ်ကျယ်သုံးလာလို့ ရှိရင်တော့ ကျွန်တော် တို့ Tax က၊ အခွန်အခက ပြည့်ပြည့်ဝဝ ရနိုင်ကြမှာပါ။

နောက်တစ်ခါ ကျွန်တော်တို့ ခုန Tax က မျှတဖို့ လိုတယ်။ မျှတဖို့လိုတယ်ဆိုတာ ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက် ရှေ့နေတစ်ယောက်ဆီက ကြားခဲ့တာပါ။ အခု မြေ၊ အိမ် အရောင်းအဝယ်တွေက (၁၅)ရာခိုင်နှုန်းလို့ ပြောပါတယ်။ အဲဒီတော့ အဲဒါနဲ့ ပတ်သက်လို့ အရောင်းအဝယ်တွေဖြစ်တဲ့အခါမှာသူ့ရဲ့Client တွေကသူ့ကိုအခွန်စည်းကြပ်တဲ့အဖွဲ့နဲ့သွားညှိမယ်။ အခွန်မှူးတွေနဲ့ သွားညှိမယ်။ အခွန်လျော့အောင် သူတို့ လုပ်မယ်လို့ ပြောတဲ့အခါမှာ သူက တားတယ်။ ကျန်တဲ့ရှေ့နေလုပ်တဲ့သူတွေကတားကြတယ်။ သွားမညှိနဲ့ အခုအစိုးရက ကောက်နေတဲ့ နှုန်းသည် Fair ဖြစ်တယ်။ အခု (၁၅)ရာခိုင်နှုန်းပဲ ကောက်တယ်။ ဒါ အင်မတန် Fair ဖြစ်တယ်။ ဒါကြောင့်မို့လို့ တို့အစိုးရကိုပဲ (၁၅)ရာခိုင်နှုန်းနောက်ထပ်ပေးလိုက်။ သွားညှိလည်း ဟိုက ကြားထဲက စားသွားတာပဲ ရှိတာ။ အားလုံးပေါင်း လျော့လှမှ နောက်ထပ် (၁)ရာခိုင်နှုန်း၊

(၂)ရာခိုင်နှုန်းပဲ ဖြစ်မယ်။ ဒီလို ဒါသူတို့ အချင်းချင်းထဲမှာပဲ ဖြစ်လာတာ။ အစိုးရက ဘာမှလုပ်ဖို့ မလိုဘူး။ အဲဒီတော့ ခုနက ရှေ့နေကြီး ပြောသလိုပဲ သူတို့ ရှေ့နေလောကမှာ အခု အစိုးရက ကောက်တဲ့နှုန်းဟာ Fair ဖြစ်တဲ့အတွက်ကြောင့် သူတို့ကခုန အခွန်စည်းကြပ်တဲ့သူနဲ့ သွားမညှိတော့ဘူး။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ အခွန်စည်းကြပ်တဲ့ နှုန်းထားကလည်း အင်မတန်မှ မျှတဖို့လိုပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့က (၃၀)ရာခိုင်နှုန်း၊ (၄၀)ရာခိုင်နှုန်း လိုချင်လို့ ပိုကောက်ရင်တော့ ခုန အခွန်ထမ်းမယ့် သူက မထမ်းချင်ပဲနဲ့ ရှောင်သွားတာနဲ့စာရင် ခုန (၁၅)၊ (၂၀)လောက် နဲ့ အခွန်များများ ရအောင် ကောက်ဖို့ ပိုပြီးတော့ သင့်လျော်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင် ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခွန်ထမ်းတွေအတွက် Burden မဖြစ်ဖို့၊ ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ပါ။ လွယ်ကူဖို့ လိုပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင် ခဲ့ရတဲ့ တချို့နိုင်ငံတွေမှာ ကျွန်တော်တွေ့တာတော့ နှစ်ကုန်ရင် စာတိုက်ကလာတယ်။ Tax Return ရောက်လာတယ်။ ရောက်လာလို့ရှိရင် သူတို့က ဖြည့်တယ်။ ဖြည့်ပြီးတော့၊ အဲဒီ စာအိတ်ထဲမှာ ပြန်ထည့်ပြီးတော့ စာတိုက်ကပဲ ပို့လိုက်တယ်။ အဲဒီတော့ သူ ဒီနှစ် Tax ဘယ်လောက်ဆောင်ပါမယ်ပေါ့။ သူတို့ Form ကြည့်တဲ့ အခါမှာလည်း ပုံစံတွေ ယူကြည့်တဲ့ အခါမှာလည်း သိပ်ပြီးတော့ ရှုပ်ရှုပ်ထွေးထွေးကြီး မတွေ့ရပါဘူး။ အဲဒီတော့ ဒီ အခွန်ထမ်း ကလည်း သူက ထမ်းရတာ အဆင်ပြေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွယ်ကူရှင်းလင်း အောင် လုပ်ထားပေးမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ ခုနလိုချင်တဲ့ GDP ရဲ့ (၃)ရာခိုင်နှုန်းက နေပြီးတော့ (၅)ရာခိုင်နှုန်း၊ (၁၀)ရာခိုင်နှုန်း နောက် သူတို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ရရှိတဲ့ (၂၅) ရာခိုင်နှုန်းအထိ ရရှိနိုင်ကြောင်း တင်ပြရင်းနဲ့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ ကျွန်တော် တို့ ၂၇ ရက်နေ့ ၇ လပိုင်း နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အမျိုးသားလွှတ်တော်

က နေပြီးတော့ ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ အကြံပြုချက်စာတမ်းကို တင်သွင်းခဲ့ပါတယ်။ ဒီ ငွေရေးကြေးရေးနဲ့ အခွန်ကောက်ဆိုင်ရာ အကြံပေးစာတမ်းမှာတော့ တော်တော်လေးကို ပြီးပြည့်စုံစွာနဲ့ Reference များများနဲ့ ရေးသားပြုစုထားတဲ့အတွက် အကြံပြုစာတမ်းကို ထောက်ခံကြောင်း ပဏာမ တင်ပြလိုပါတယ်။ ကျွန်တော် ဒီစာတမ်းနဲ့ ပတ်သက်လို့ ဘာကြောင့် ဆွေးနွေးရသလဲဆိုတော့ ဒီ စာတမ်းဟာ Public Finance လို့ခေါ်တဲ့ ပြည်သူ့ဘဏ္ဍာကိစ္စဖြစ် ပါတယ်။ ကျွန်တော်တို့ Economic Reform Strategy ဆိုပြီးတော့ Union of Myanmar Chamber of Commerce and Industry ကနေ ကြီးမှူးပြီးတော့ နေပြည်တော်မှာပဲ MICC ခန်းမမှာ ၂၀၁၁ ထဲမှာ ကျင်းပခဲ့ပါတယ်။ အလားတူ ကျွန်တော်တို့ကို စေတနာထားကြတဲ့ Speaker ကြီးများ ကနေပြီးတော့ Capacity Building ဆိုပြီးတော့ ကျွန်တော်တို့ သဘင်ဆောင်မှာ ဆွေးနွေးခဲ့ကြပါတယ်။

နောက် ကျွန်တော်တို့ အမျိုးသားစီမံကိန်းရဲ့ ချပြချက်မှာလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ ကြပါတယ်။ ငွေရေးကြေးရေးဆိုင်ရာနဲ့ အခွန်အကောက်ကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကော၊ ပြည်သူ့လွှတ်တော်ကော အားလုံးဟာ Familiar Type ဖြစ်နေပါတယ်။ အဲဒီတော့ အကြံပြုကြတဲ့ သဘောသဘာဝတွေဟာ အခု ဒီစာတမ်းကို ဆွေးနွေးကြရာမှာလည်း ကျွန်တော့်ရှေ့ က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ(၆)ဦးရဲ့ တင်ပြချက်တွေဟာ ကျွန်တော်တို့ နိုင်ငံ့အကျိုးပြုဖို့နဲ့၊ ပြည်သူ့အကျိုးပြုဖို့ဆိုပြီးတော့ ရည်ရွယ်ပြီး ပြောကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီစာတမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဦးစွာငွေရေးကြေးရေးဆိုင်ရာကို အနည်းငယ်မျှ ကျွန်တော်တင်ပြ ထောက်ခံ လိုပါတယ်။ စာမျက်နှာ(၆)၊ အပိုဒ်(၆)မှာပါတဲ့ အခမဲ့အာမခံမဲ့ငွေချေးခြင်း၊ ဒီကိစ္စကို တင်ပြထားတဲ့အတွက် ကျွန်တော်ဝမ်းမြောက်ပါတယ်။ လက်လည်းလက်ခံပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ၂၀၁၀ ဝန်းကျင်လောက်၊ ၂၀၀၉ လောက်မှာ ကျွန်တော်တို့ သတင်းစာတွေထဲမှာ နေ့တိုင်းလိုလို ကျွန်တော်တို့ လွှဲအပ်ထားတဲ့ ပုဂ္ဂလိက ဘဏ်တွေကနေ သူတို့ဆီကနေပြီးတော့ Credit Card လို ယူထားတဲ့ ငွေကို ချေးပေးပြီးတော့ ထုတ်သုံးနိုင်တယ်ဆိုတဲ့ အဆင့်နဲ့ လုပ်ထားခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ ယူထားခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အာမခံမဲ့ လုပ်ထားတဲ့အတွက် ဒါကို ကျွန်တော် ဘာကြောင့်ဆွေးနွေးရသလဲဆို ကျွန်တော်မြို့နယ်၊ လမ်းမတော် မြို့နယ်ကကို ပါလို့ပါ။

ကျွန်တော်လမ်းရဲ့ တစ်ဖက်လမ်းက ဒီအိမ် နံပါတ်နဲ့ ဒီ နာမည်ဟာ ရှိသလားလို့ ဆိုပြီးတော့ ကျွန်တော် နည်းနည်းတီးခေါက်ကြည့်တယ်။

ဒါပေမဲ့ ဒီလူဟာ အိမ်ငှားပြီးနေတယ်။ နေတဲ့အတွက်ကြောင့်မို့လို့ ခု ပြောင်းသွားပြီ၊ သတင်းစာထဲမှာကတော့ သူ့အမည်နဲ့ ဒီလိပ်စာနဲ့ ပါနေတယ်။အဲဒီတော့ အခုဒီမှာ အကြံပြု စာတမ်းထဲမှာ ပါသလိုပဲ ဗဟိုဘဏ်ကနေပြီး ကြီးကြပ်မှုဟာ အလွန်လိုပါတယ်။ ဒါကို မီးမောင်းထိုး ပြထားတဲ့အတွက် ကျွန်တော် တော်တော်လက်ခံပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အာမခံမဲ့ ငွေချေးတယ်။ ပတ်သက်ရာပတ်သက်ကြောင်းနဲ့ နှီးနွယ်ပြီး ချေးငှားလိုက်တဲ့အတွက် ဆုံးရှုံးမှု ဖြစ်လာတာကတော့ ဒီ ဘဏ်ကလည်းဖြစ်မယ်။ ဗဟိုဘဏ် ကလည်း ဖြစ်မယ်။ ပြန်မရတဲ့အတွက်၊ အဲဒီ ကိစ္စမျိုးတွေရှိတဲ့အတွက် အာမခံငွေချေးလုပ်ငန်း လုပ်တဲ့အပိုင်းကိုတော့ ဒီလို တင်ပြထားတဲ့ အတွက်၊ မီးမောင်းထိုးပြထားတဲ့အတွက် အလွန်ပဲ သင့်လျော်ပါတယ်လို့ ဦးစွာ ဆွေးနွေး လိုပါတယ်။

နောက်ကျွန်တော်တို့ အပိုင်း(၂)မှာ ပြတဲ့ အခွန်ကောက်ဆိုင်ရာတွေမှာ ခုနကျွန်တော်တို့ တင်ပြသွားသလိုပဲ ဦးဝင်းနိုင်ရှိန် တင်ပြသွားသလိုပဲ SAS လို့ခေါ်တဲ့ Self Assessment System ကတော့ ကျွန်တော်တို့က မဖွံ့ဖြိုးသေးဘူး။ မဖွံ့ဖြိုးသေးတဲ့အတွက်ဒီ ကိစ္စကတော့ ဒါ တဖြည်းဖြည်း ခြင်း ပေါ့လေ၊ ပေါ်လာမှာပါ။ ဒါလေးတွေကတော့ မှတ်တမ်းပြုရမှာပါ။ နောက်တစ်ခါ ခုန အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာမြတ်ဉာဏစိုး ရဲ့ တင်ပြသွားချက်မှာ လည်းပဲ ကျွန်တော်တို့ဟာ စီးပွားရေးဘက်မှာ ဝင်မစွက်ဖက်တဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်မှာလည်းပဲ စီးပွားရေးတာဝန်ခံ၊ လုံခြုံရေးတာဝန်ခံ၊ လူမှုရေးတာဝန်ခံ ဆိုပြီးတော့ ထားတဲ့အခါမှာ စီးပွားရေး တာဝန်ခံကနေပြီး တော့ ဒီ အခွန်ဦးစီးမှူးနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ရကြတာလေးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီဥစ္စာ ဟာလည်းပဲ ဒီ ပူးပေါင်းပြီး လုပ်ဆောင်ဖို့ သက်ဆိုင်တဲ့ အုပ်ချုပ်ရေးပိုင်း၊ ဒေသပိုင်းဆိုင်ရာကိုစာမျက်နှာ(၈)မှာပါပါတယ်။ ဒါအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ လည်း အားလုံးလေ့လာပြီး ဖြစ်ပါလိမ့်မယ်။ ဆိုတော့ အဲဒီလို ပူးပေါင်းပြီး ဆောင်ရွက် လိုက်မယ်ဆိုရင် ကျွန်တော်တို့ကလည်း Planning တစ်ခု ဖြစ်ထားတဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာမှာ ပါတဲ့ ဒီ မြို့နယ်ရဲ့ ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ ပါဝင်ပြီးတော့ ဆွေးနွေးမယ်၊

ညှိနိုင်းမယ်ဆို ကျွန်တော်တို့ ဒီဟာ ပြည်သူတွေက တင်ထားတဲ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေက နည်းနည်းတော့လိုအပ်မယ်လို့ ထင်ပါတယ်။

ဒါကြောင့် ဒေါက်တာမြတ်ဉာဏစိုးရဲ့ အုပ်ချုပ်ရေးပိုင်းကိုဝင်ပါတာတော့ မဟုတ်ဘူး။ ဒါပေမယ်လို့ ကျွန်တော်တို့ဝိုင်းဝန်းပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်မယ့်အနေအထားလေးကို ဆောင်ရွက်မယ်ဆိုရင်တော့ ပို၍ သင့်လျော်မယ်လို့ ထင်ပါတယ်။ နောက် ကျွန်တော်တို့ ကျွန်တော် ကိုယ်တိုင်ပဲ အခွန်က 75 to 2000 ပေါ့နော်၊ အဲဒီလောက် (၂၅) နှစ်ကို ကျွန်တော် ဆောင်ခဲ့တယ်။ကျွန်တော့်ရဲ့ဖခင်ဆိုရင် (၄၅)နှစ်လောက်ကြာအောင်ကို အခွန်ဟာဆောင်ခဲ့တယ်။ ကျွန်တော့် ဖခင်ကတော့ ၁၉၉၈ ခုနှစ် လောက်ထိကို ဆောင်ခဲ့ပါတယ်။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ အဲဒီတော့ ဒီလိုဆောင်ခဲ့တဲ့အခါမှာလည်း ကျွန်တော်တို့ကတော့ သိတယ်။ ဒီလိုအခွန်ဆောင်တဲ့ အတွက် ဘာအကျိုးရသလဲ။ နော် အခုပြည်သူတွေက ထင်နေတာဟာ မင်းတို့ အစိုးရဟာ အခွန် တိုးကောက်မှာလား၊မဟုတ်ပါဘူး။ ဒါတိုက်ရိုက်လည်း Channel ကနေ လွှင့်ထုတ် နေတယ်။ ဒါ ရှင်းရှင်းလင်းလင်းပါ၊ အခွန် တိုးကောက်ဖို့ မဟုတ်ဘူး၊ ကျန်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အဲဒီတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေဆီကနေပြီးတော့ နောက်ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေးဝင်း ပြောသလိုပေါ့၊ တစ်ဦးချင်းစီကနေပြီးတော့ အကြီးအကျယ် Accmulate မလုပ်ဘဲနဲ့၊ ဟုတ်လား Collect မလုပ်ဘဲနဲ့ စုပေါင်းပြီးတော့ ဥပမာဒီနှစ် အခွန်ဟာ ငါးယောက်လောက် ရတယ်၊ နောက်နှစ်ကျလို့ရှိရင် ဆယ်ယောက်လောက် ရမယ်ဆိုရင် Share ဖြစ်သွားလို့ရှိရင် ဒီအခွန်ရဲ့ ဝင်ငွေဟာလည်း တိုးပွားသွားမှာ ဖြစ်ပါတယ်။ ဒါကိုတော့ အထူးပဲ ဆောင်ရွက်ရပါမယ်။ နောက် အပိုင်းအနေနဲ့ပြောသွားတာတော့ အခွန်ထမ်းနဲ့ အခွန်ဝန်ထမ်းနဲ့ ပေါ့နော်၊ အဲ အခွန်ထမ်း ဆောင်မယ့်ပုဂ္ဂိုလ်နဲ့ အခွန်ကို ကြီးကြပ်မယ့်ပုဂ္ဂိုလ်တွေ၊ ဒါလည်းပဲ ပြည်သူတွေက သဘောမပေါက် ဘူးဖြစ်နေတယ်။ တော်တော်ကြောက်ကြတယ်၊ ဒါပေမဲ့ အထူးသဖြင့်ကတော့ ကျွန်တော် ထင်တယ်၊ ဒီလို Down Town ဧရိယာတွေပေါ့။

မြို့ကြီးထဲတွေ၊ ဟုတ်လား၊ အဲဒီမှာဆိုရင်တော့ ဥပမာညောင်ပင်လေးဈေး၊ လမ်းမတော် မြို့နယ်ဆိုရင်၊ ဘုရင့်နောင်ပွဲရုံတွေ၊ မရမ်းကုန်းမြို့နယ်ကဆို၊ နောက် ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး ဟုတ်လား ဒီလိုနေရာတွေကတော့ ဗိုလ်ချုပ် Market တို့ ၊ အဲဒီနေရာတွေကတော့ ကျွန်တော်တို့ သိပ်ပူစရာ မလိုတော့ဘူး။ သူတို့က အနည်ထိုင်နေပြီ။

နှစ်တိုင်း ဒီအချိန်ရောက် လာတာနဲ့ ကျွန်တော်တို့ အခွန်ဆောင်ရမယ်ဆိုတာသိနေရင် သူ့နှုန်းနဲ့ သူသွားကြတယ်။ သို့သော်လည်း ဒီအခွန်ထမ်းနေရတဲ့ ပြည်သူတွေဟာ ဖိတ်တစ်ဝက်၊ စဉ်တစ်ဝက်မဖြစ်စေချင်ဘူး။ ဒါပွင့်ပွင့် လင်းလင်း သိသိသာသာ ဆောင်ရွက်ရပါမယ်။ ကျွန်တော် (၁၃) ရက်နေ့က ရန်ကုန်ကို ပြန်သွားတဲ့ နေ့မှာ ကျွန်တော့်မြေးလေးက ဟ မင်းဘာလို့လဲဆိုတော့ ဟာမဟုတ်ဘူးဘိုးဘိုးတဲ့၊ ကျောင်းမှာ ကျွန်တော်တို့အခွန် ပညာပေးဟောပြောပွဲရှိတယ်တဲ့ ဆိုတယ်၊ အဲဒါလေးတွေပေါ့၊ ကျွန်တော်တို့ ဝမ်းသာလာတယ်။ ခုနကျွန်တော်တို့ရဲ့ စာတမ်းရှင် ကော်မတီကလည်းတင်ပြထားတယ်။ ပညာပေးဖို့တွေ၊ အခုတော့ ဘဏ္ဍာရေးနှင့်အခွန်တော် ဝန်ကြီးဌာနက တော်တော်ကို သူတို့လည်း ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ အစိုးရအသစ်ဖြစ်တော့ ကျွန်တော်တို့ ဟုတ်လား ကောင်းမွန်ဖို့လိုပါတယ်။ ဒါကြောင့် မို့လို့ အခုပညာတွေပေးနေပါတယ်။

ပညာပေးတယ်၊ ဒီပညာပေးမှုကလည်း ကျွန်တော်ထင်တယ်။ အလယ်တန်းလောက်နဲ့ မလောက်ဘူး။ အထက်တန်းတို့၊ တက္ကသိုလ်ပထမနှစ်လောက်မှာပါ၊ ကျွန်တော်တို့ ကြားဖြတ်ပေါ့ နော်၊ Perspective Text တစ်ခုခုကနေ Burmese (or)မြန်မာစာ၊ ဒါမှမဟုတ် ရင်လည်း တစ်ခုခုကနေပြီးတော့ ဒါမှမဟုတ် အင်္ဂလိပ် Text Book တွေကနေထည့်ပြီး၊ ဒါတွေကို Familier Type ဖြစ်ဖို့လိုတယ်။ နော်ရင်းနှီးဖို့လိုပါတယ်။ အဲဒီတော့ အခွန်ဆောင်မှ ကျွန်တော်တို့က ဘာဖြစ်မလဲ၊ခုနကျွန်တော်ပြောသွားသလိုပဲ၊Public Finance ဒါကျွန်တော်လည်း ပြောခဲ့ပြီးပါပြီ။ စီမံကိန်းတို့၊ ဘာတို့မှာလည်း State Account Fund မှာ ကျွန်တော်တို့ဝင်ရမယ်။ State Account Fund မှာဝင်နိုင်တဲ့ဟာကလည်းအကြံပြုစာတမ်းထဲမှာလည်း ပါပါတယ်။ ဟုတ်လား၊ သာမန်အသုံးစရိတ်၊ သာမန်စာရင်းနဲ့ ငွေလုံးငွေရင်းစာရင်း၊ အဲဒီ သာမန်စာရင်းရဲ့အထဲမှာ လည်းပဲ ကျွန်တော်တို့က ကြည့်လိုက်လို့ရှိရင် Tax ကပဲ အဓိကဖြစ်ပါ တယ်။

ဒါကြောင့်မို့လို့ ဒီ Tax နဲ့ပတ်သက်လို့တော့ အခွန်ကပြီးခဲ့တဲ့ (၁၀)ရက်လောက် ဝန်းကျင်မှာပဲ နောက် ကျွန်တော်တို့ Asia Development Bank တို့၊ World Bank တို့၊ နောက်ပြီးတော့ JICA ဖြစ်တဲ့ Japan International Cooperation Agency တို့၊ Investment တွေ အကုန်လုံးစုစည်းပြီးတော့ အခွန်ဆိုင်ရာကို ကျွန်တော်တို့ Discuss လုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲ Forum သဘောမျိုး လုပ်တယ်လို့ ကျွန်တော်ကြားသိရပါတယ်။

အဲဒီမှာလည်းမစ္စတာ ကယ်လီဘတ် က သူက Principle Economic ပေါ့၊ စည်းမျဉ်း ဥပဒေ စီးပွားရေးပညာရှင်ကိုယ်တိုင်ဦးဆောင်ပြီး ဆွေးနွေးပါတယ်။ ညွှန်ချုပ်တွေလည်း ဆွေးနွေးကြပါတယ်။ ဒါကြောင့်ကျွန်တော်ထင်တယ်၊ ဒီစနစ်သစ်ဟာဖြင့်ရင် ဝင်လာတော့မယ်လို့ ထင်တယ်။

နောက်တစ်ခုက ကျွန်တော်ဝမ်းသာစရာ သတင်းတစ်ခုကတော့ ဘာလဲလို့ဆိုရင် ကျွန်တော်တို့ကို ဖြန့်ဝေထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း မြို့နယ်အလိုက်ကောက်ခံရရှိသော ဝင်ငွေခွန်များအနက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့်ကောက်ခံရငွေ၏ (၅) ရာခိုင်နှုန်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေသို့ ဝင်ငွေခွန်ဥပဒေ ၅၉ ပါပြဋ္ဌာန်းချက်နဲ့ အညီလွှဲပြောင်းပေးရမယ်။ ဒါလည်းတော်တော်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲ နည်းနည်းလေးပါ၊ တစ်ဆက်တည်း ကျွန်တော်ပြောလိုက်ချင်လို့၊ ကျွန်တော်တို့ ကြုံတွေ့နေ ရတာ မြို့နယ်က စည်ပင်သာယာအဖွဲ့တွေ၊ နော်သူတို့ရမှာပဲ၊ ဒါကြုံကြိုက်လို့ အကြံပေးလိုက်ချင်တာပါ။ ရမှာပဲ၊ သူတို့ ရတဲ့ပိုက်ဆံဟာ ကျွန်တော်ထင်တယ်။ ဟိုဟာပေါ့၊ ရသင့်ရထိုက်သလောက်ကို မရဘဲ၊ ကျွန်တော်ပြောသလိုပဲ၊ ဖိတ်တစ်ဝက်၊စဉ်တစ်ဝက်ဖြစ်နေတယ်။

အဲဒီတော့ ဘာကြောင့်လဲ ဆိုတော့ ဥပမာ လမ်းထိပ်မှာ အမှိုက်ပုံထားတယ်။ ဒီပုံထားတဲ့ အမှိုက်ကိုသယ်ဖို့ကို ပြည်သူတွေက သုံးသောင်းတိတိပေးရတယ်။ ဒါကျွန်တော် လက်တွေ့ကို တွေ့ခဲ့တာ၊ သုံးသောင်းပေးရတယ်ဆိုတော့ ဒီလူတွေက ကျွန်တော်နဲ့တွေ့တဲ့ အခါကျတော့ စကားပြောတယ်၊ ဟာ ဒါဒီခေတ်ကြီးမှာ ဒီလိုပဲမပြောင်းလဲသေးဘူးလား၊ ဆိုတော့ နေဦး စောသေး တယ်၊ အချိန်စောင့်ဦး၊ ဆိုတော့ အဲဒါမျိုး တွေကြုံခဲ့ရတယ်။ အဲဒီတော့ ကျွန်တော် မြို့တော်ဝန်ကြီးနဲ့ သွားတွေ့တယ်၊ တွေ့တဲ့အခါ မြို့တော်ဝန်ကြီး အဲဒီနေ့ကတော့ပေါ့ ချက်ချင်းပဲ၊ တစ်ခါတည်းသူက သူ့ရဲ့ဘဏ္ဍာထိန်းကို ခေါ်တယ်၊ ခေါ်တော့ ဘဏ္ဍာထိန်းကလည်း Leave ယူသွားတယ်ဆိုတော့ မတွေ့ခဲ့ရဘူး။ ဒါနဲ့ နောက်တော့မြို့တော်ဝန်ကြီး ဒါလေးကိုတော့ နဲနဲပြင်ပေးပါဦးဆိုတော့ ဒီဇယ် နှစ်ဂါလန်ဖိုးလောက်ဆိုရင် ရပါပြီ ဆိုပြီးတော့ အဲ၊ အဲဒီလိုဖြစ်နေတယ်။

အဲဒီတော့ မြို့နယ်တွေမှာ အမှိုက်၊ လမ်းတွေ၊ မြောင်းတွေရှင်းပါ၊ သူတို့မှာ ငွေအင်အား မလောက်ဘူး ဆိုတဲ့စကားတွေ ပြောနေတယ်။ ဒါနဲ့ ကျွန်တော် ပြောတယ်၊ ဈေးကောက်တွေကို စာရင်းဇယားတွေနဲ့ ဟုတ်လား၊ ဖြတ်ပိုင်းတွေနဲ့ ကောက်ပါလား။

ကျွန်တော်တို့ကတော့ ဆရာဝန်ပဲ၊ ဒါပေမဲ့ မိဘက ကုန်သည်မျိုးရိုး က တက်လာတော့ ပြောရမယ်ဆိုရင်တော့ အောက်ခြေနိုင်တယ်လို့ ထင်တာပေါ့နော်၊ အဲဒီ၊ အဲဒီလို အကြံပေးတယ်။ နော် အဲဒီလိုလေးတွေ ဝင်မယ်၊ အခု သမ္မတကြီးရုံးကနေပြီးတော့ ၊ အစိုးရအဖွဲ့ရုံးကနေပြီး ဒီလိုလေးစာထွက်လာလိုက်တော့တော်ပြီ၊ ဒီလိုထောက်ပံ့မှုလေးတွေ၊ Supporting Treatment လေးတွေပေးလိုက်တဲ့အတွက် စည်ပင်သာယာရဲ့လုပ်ငန်း၊ ကိုင်ငန်း၊ အဲဒီလိုပါပဲ၊ ကျွန်တော်တို့ ရတဲ့ဟာတွေက လူမှုရေးလုပ်ငန်းတွေကို ကျွန်တော်တို့က သုံးစွဲရမှာ။ ဒီအစိုးရအဖွဲ့ အနေနဲ့က ၊ အဲဒီတော့ ဒီအခွန်ဟာ ပြည်သူတွေနဲ့ အစိုးရနဲ့ကြည်ဖြူအောင် အခုလိုပညာ ပေးတာတွေ၊ နှုန်းထားတွေ၊ Taxation Rate တွေကို ဆရာကြီးဦးညွန့်တင်လည်း ပြောသွား ပါတယ်။ နော် Taxation Rate တွေ ဒီစနစ်နဲ့ဒီပုံစံကတော့ သွားနေရဦးမယ်၊သိပ်ဖွံ့ဖြိုးလာတဲ့ Term တွေရောက်လာရင်တော့ နိုင်ငံတော်အတွက် ပြောင်းလဲ ရမှာပါ။

ဒီလိုလုပ်လိုက်မယ်ဆိုရင် နောက်ကျွန်တော် တစ်ခုမြင်တာက ဒီအခွန်တော်အခ ဆိုပြီးတော့လည်း ကျွန်တော်တို့တစ်ခါတွေ့ရတယ်။ အခွန်တော်အခထဲမှာလည်း ဒီအင်းအိုင်တွေ လုပ်တဲ့၊ အင်းအိုင်ပေါ့နော်၊ အင်းတွေကိုလုပ်တဲ့အခါမှာလည်းပဲ ဒါလေးတွေလည်း Combination လုပ်ကြပါ။ အင်းကိုသွားလေလံပစ်တယ်။ လေလံပစ်တော့ ပိုက်ဆံတတ်နိုင်တဲ့ သူက သွားဆွဲတယ်။ သွားဆွဲပြီးတော့ ဒီလူကပဲအခွန်ဆောင်တယ်။ နောက်ဒီလူကနေတစ်ဆင့် တစ်ခါ ဆင့်ကဲတစ်ခါ ထပ်ပေးတယ်။ အဲဒီမှာ စရိတ်တွေက ပိုလာပါတယ်။ နောက်အဲဒါလေးတွေ လည်း စနစ်တကျနဲ့ ဖြစ်အောင် ဆောင်ရွက်ပေးပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ကော်မတီရဲ့ ငွေကြေးနဲ့ အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ အကြံပြုချက်စာတမ်းကို ကျွန်တော်လေးလေး နက်နက်ထောက်ခံရင်း အခွန်စနစ်ကို၊အခု ကျွန်တော်တို့ဆွေးနွေးတဲ့အတိုင်း စနစ်သစ်၊ ခေတ်သစ်၊ လူသစ်၊ စိတ်သစ်၊ စိတ်ဓာတ်တွေနဲ့ ပြောင်းလဲပြီး နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးတဲ့ ဝန်ထမ်းများ၊ ဝန်ထမ်းကောင်းများကနေ အပြည့်အဝထမ်းရွက် နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသောဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင့်။ ကျွန်မလည်း ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ အကြံပြုချက်စာတမ်းကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မနှုတ်ဆက်လိုက်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ဒါ အခုကျွန်မတို့ အခုလက်ရှိမှာ ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်တွေ၊ အာဆီယံရည်မှန်းချက် ပန်းတိုင်တွေ၊ နောက်ကျွန်မတို့ မြန်မာနိုင်ငံတော်ရဲ့ရည်မှန်းချက်တွေ အဲဒါတွေထဲမှာ ဒါ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးဟာ အင်မတန်အရေးကြီးတဲ့ အချက်အနေနဲ့ ပါတာကို ကျွန်မတို့တွေ့ရှိရမှာ ဖြစ်ပါတယ်။ အခုဒီကော်မတီကလည်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုလည်း သူတို့ရည်ရွယ်ချက်ထဲမှာ အချက်တစ်ချက်အနေနဲ့ သူတို့ထည့်ထားတာ တွေ့တဲ့အတွက် ကျွန်မ အဲဒီဟာကို ဒါဝမ်းသာဂုဏ်ယူကြောင်းပြောချင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို အသုံးပြုနေတယ်၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ သွားနေတယ်ဆိုတာကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅ နဲ့ပြဋ္ဌာန်းထားတာကို ကျွန်မတို့သိရပါတယ်။ ကမ္ဘာ့နိုင်ငံ အများစုမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေကြကြောင်းကိုလည်း လေ့လာကြားသိ ရပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အစိုးရရဲ့ ပါဝင်ထိန်းသိမ်းမှု၊ တင်းကြပ်လွန်းခြင်းသည်ဟာလည်း အောင်မြင်မှုမရနိုင်သလို နိုင်ငံတော်အစိုးရရဲ့ပါဝင်ထိန်းသိမ်းမှု လျော့ရဲလွန်းတယ်ဆိုရင်လည်း ဒီ ဈေးကွက်စီးပွားရေးစနစ်ဟာ ကျဆုံးတတ်ကြောင်း လေ့လာကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဈေးကွက်စီးပွားရေးစနစ် အသုံးပြုတဲ့နိုင်ငံတွေမှာ နိုင်ငံတွေရဲ့ အစိုးရတွေဟာ လိမ္မာပါးနပ်မှုနဲ့ စီမံခန့်ခွဲမှုကို ညင်သာသိမ်မွေ့ရန်လိုအပ်ကြောင်း၊ ပြည်သူလူထုရဲ့ လူမှုဘဝလိုအပ်ချက်တွေကို ဘယ်လောက်အထိ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်တယ်၊ ဘယ်လောက်အထိ လိုအပ်တာကို လုပ်ပေးနိုင်တယ်ဆိုတာ၊ လုပ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာကို လေ့လာသုံးသပ်ပြီးတော့ ပြုပြင် စရာရှိတာတွေကိုပြုပြင်ပြီး ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ကြရမှာ လိုအပ်တယ်ဆိုတာကို လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကော်မတီမှ ဒီ ကျွန်မတို့ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီကနေပြီးတော့ မြန်မာနိုင်ငံ၏လက်ရှိ အခြေအနေမှာ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလျက်ရှိသောကြောင့် ယင်းကိုထိန်းသိမ်းနိုင်ရန် အတွက်(၁) ဘတ်ဂျက်အသုံးစရိတ်များလျှော့ချခြင်း၊ (၂) အခွန်အကောက်များ ပိုမိုရရှိအောင် စွမ်းဆောင်ခြင်းအားဖြင့် ဘတ်ဂျက်လိုငွေပမာဏကို လျော့ကျအောင် လုပ်ဆောင်သင့်ပေသည် လို့ ဒါဖော်ပြထားတာကို ကျွန်မတို့တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဈေးကွက်စီးပွားရေးစနစ် မှာတော့ အကျိုးမများတဲ့လုပ်ငန်း ဒါမှမဟုတ်လို့ရှိရင် မသေချာမရေရာတဲ့လုပ်ငန်းတစ်ခုအတွက် ငွေကြေးကျခံသုံးစွဲမှု မပြုအပ်ဘူးလို့ အဲဒါလည်းလေ့လာပြီးတော့ တွေ့ရှိရပါတယ်။ ဒါကြောင့် ကော်မတီရဲ့ ဘတ်ဂျက်အသုံးစရိတ်လျှော့ချခြင်းဆိုတဲ့ အကြံပြုချက်ဟာလည်း ဈေးကွက် စီးပွားရေးအနေနဲ့ရော လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးအနေနဲ့ ရော အလွန်လျော်ကန်သင့်မြတ်ကြောင်းကို ကျွန်မထောက်ခံတင်ပြလိုပါတယ်။ နောက်တစ်ချက် ကတော့ အခွန်အကောက်များပိုမိုရရှိအောင် စွမ်းဆောင်ခြင်းအားဖြင့် ဘတ်ဂျက်လိုငွေ ပမာဏကို လျော့ကျအောင် လုပ်ဆောင်သင့်သည်ဆိုတဲ့အချက်ကို ဆွေးနွေးတင်ပြလိုတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အခန်း(၁၅)ခန်းပါပြီးတော့ ပုဒ်မ ၄၅၇ ခုနဲ့ အားလုံးကို ပြီးပြည့်စုံ အောင်ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ နိုင်ငံတော်ကို ပုဒ်မ ၄၇ နဲ့ အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားပြီး နိုင်ငံသား ဆိုတာကိုတော့ ပုဒ် ၃၄၅ နဲ့ ပြဋ္ဌာန်းအဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံတော်က နိုင်ငံသားတွေကို ဖြည့်ဆည်းပေးရမယ့် တာဝန်တွေရှိသလို အဲဒီတာဝန် တွေကိုလည်း ပုဒ်မများနဲ့ ပြဋ္ဌာန်းထားပါတယ်။ နောက် နိုင်ငံသားများက နိုင်ငံတော်ကို ပြန်လည်ပြီးတော့ ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးရမယ့် တာဝန်တွေကိုလည်း ပုဒ်မများနဲ့ပဲ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။

နိုင်ငံသားတိုင်းဟာ ဥပဒေအရပေးဆောင်ရမယ့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်လို့ ပုဒ်မ ၃၈၉ မှာအတိအလင်းပြဋ္ဌာန်းထားတဲ့အပြင် နိုင်ငံသားတိုင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်လို့ လည်း ပုဒ်မ ၃၈၄နဲ့ ပြဋ္ဌာန်းထားတာကို ကျွန်မတို့ တွေ့ရမှာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်နှစ်ခုကို မှတ်သားနားလည်ရင် နိုင်ငံသားတိုင်းဟာ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ် ဖွံ့ဖြိုးတိုးတက်ဖို့

မိမိတို့ပေးဆောင်ရမယ့်တာဝန်ဖြစ်တဲ့ အခွန်အကောက်များကိုတာဝန်ကျေစွာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ နိဒါန်းမှာလည်း နိုင်ငံတစ်နိုင်ငံရဲ့ဝင်ငွေများဟာ ပြည်သူ့ရငွေများလို့ ခေါ်ဆိုနိုင်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒီသဘောတရားဟာလွန်စွာမှန်ကန်ကြောင်း ထောက်ခံ ဆွေးနွေးလို ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေအားလုံး တော်တော်များများ (၁၄)ဦး ကျွန်မတို့ ဆွီဒင်နိုင်ငံကို လေ့လာရေးခရီးသွားတဲ့အခါမှာ ဆွီဒင်နိုင်ငံရဲ့၊ ဆွီဒင်နိုင်ငံမှာရှိတဲ့ စီးပွားရေးနိုင်ငံရေး၊ လူမှုရေးအခြေအနေတွေကို ကျွန်မတို့ တစ်ဖက်နဲ့တစ်ဖက်လေ့လာဆွေးနွေးကြတဲ့အခါမှာ သူတို့နိုင်ငံရဲ့ အခွန်အကောက်က ဘယ်လိုလဲဆိုတဲ့အခါကျတော့ ဝင်ငွေခွန်အပေါ်မှာ (၃၀) ရာနှုန်းကနေပြီး (၆၀) ရာနှုန်းအထိ ဒါ သူတို့ကအဆင့်ဆင့်သတ်မှတ်ချက်တွေနဲ့ကောက်ပါတယ်။ ကောက်ပြီးတဲ့အခါ ကျတော့မှ နိုင်ငံတော်ရဲ့လိုအပ်တဲ့ လူမှုရေး၊ စီးပွားရေး နဲ့ ကျန်းမာရေး၊ ပညာရေး တွေမှာ တော်တော့်ကိုပဲ ပြည်သူလူထုတွေ တော်တော်ကြီးသက်သောင့်သက်သာဖြစ်လောက်တဲ့အထိ သူတို့ သုံးစွဲထားတာ ကို ကျွန်မတို့တွေ့ခဲ့ရပါတယ်။

အဲဒီတော့ နိုင်ငံတော်ကို နိုင်ငံသားက ပေးဆောင်ရမယ့် အခွန်အကောက်ဆိုတာဟာ ဒီနိုင်ငံသားတွေကိုပဲ နိုင်ငံတော်က ပြန်ပြီးတော့ နိုင်ငံသားတွေလိုအပ်နေတဲ့ အချက်အလက်တွေမှာ ပြန်ပြီးတော့သုံးမယ်ဆိုတာကို နိုင်ငံသားတွေ လေးလေးနက်နက်သိလာတဲ့အခါ အဲဒါကို ပေးဆောင်တဲ့အတွက် ငါတို့မှာအကျိုးမမဲ့ဘူး။ နိုင်ငံတော်ကနေပြီးတော့ ငါတို့ကို ပြန်ပြီးတော့ ဆောင်ရွက်စရာရှိတာတွေကို ဆောင်ရွက်ပေးမှာ နောက်တစ်ခါ ဥပဒေတွေနဲ့လည်း ပြဋ္ဌာန်းထားပြီးသား ဆိုတာကို နိုင်ငံသားတွေက သိတဲ့အခါမှာဆိုလို့ရှိရင်တော့ ဒီ အခွန်ပေးဆောင်တဲ့ကဏ္ဍဟာ တော်တော်လေးကို ပြေပြေလည်လည်နဲ့အခက်အခဲမရှိဖြစ်သွားပြီးတဲ့အခါကျတော့ အခု ဒီ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီရဲ့ ရည်ရွယ်ချက်နဲ့လုပ်ငန်းစဉ်တွေဟာ အတော်လေး အဆင်ပြေသွားမယ်လို့ အဲဒီလိုပဲ ယုံကြည်ရပါတယ်။ အဲ နောက်တစ်ခုကတော့ ပြည်သူတွေက အခွန်ကို ထိုက်ထိုက်တန်တန် ပေးပြီးတဲ့အခါကျတော့ ပြည်သူတွေကို ပြန်ပြီးတော့ နိုင်ငံတော်ကနေပြီးတော့ ထိုက်ထိုက်တန်တန် ပြန်ပြီးတော့ ဖြည့်ဆည်းပေးတာ၊ ဆောင်ရွက်ပေးတာ မရှိဘဲနဲ့ သူက ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေး စတဲ့

လူမှုဒုက္ခတွေထပ်ပြီးတော့ ဖိစီးဦးမယ် ဆိုလို့ရှိရင်တော့ ဒါနိုင်ငံတော်က စဉ်းစားသင့်တာတွေ၊ ပြင်ဆင်သင့်တာတွေကို စဉ်းစားပြင်ဆင်ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီအခွန်အကောက် ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မအခု နောက်ဒုတိယ အချက်ဖြစ်တဲ့ အခွန်အကောက် ပိုမိုရရှိရေးဆိုတဲ့ဟာကို ကျွန်မကထောက်ခံပါတယ်။ ဘာလို့လဲ ဆိုတော့ အခွန်အကောက်ပိုမိုရရှိ ထိုက်ထိုက်တန်တန်ရပြီဆိုရင် နိုင်ငံတော်ကနိုင်ငံသားတွေ အတွက်လည်း ပိုပြီးတော့အခြေအနေ ပညာရေးမှာ သို့မဟုတ် ကျန်းမာရေးမှာ စသဖြင့် အစစ ခုထက်ပိုပြီးတော့တိုးတက်လာမယ်၊ ဖြည့်ဆည်းပေးနိုင်မယ်လို့ကျွန်မတို့က ဒီလိုပဲယုံကြည်ပါ တယ်။ အဲဒီတော့ တချို့လုပ်ငန်းကြီးတွေ က အခွန်ရှောင်တယ်၊ ဘာညာဆိုတာတွေကို ကျွန်မတို့ကြားရပါတယ်။ သို့သော်လည်း ဒါတွေကလည်းအကြောင်းကြောင်းနဲ့ မဖြစ်နိုင်ဘူးလို့ လည်း ကြားရပါတယ်။ အဲဒီတော့ နိုင်ငံတော်ကတော့ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ မည်သည့်အခြေအနေ ဖြစ်စေ အဲ နိမ့်သည် ဖြစ်စေ၊မြင့်သည်ဖြစ်စေ နိုင်ငံတော်ကဥပဒေအရ အကုန်လုံးကိုတပြေးညီပဲ ဆက်ဆံတယ်။ တပြေးညီပဲ အကာအကွယ်ပေးတယ်ဆိုတာကို ပုဒ်မ ၃၄၇ နဲ့ ပြဌာန်းထားပြီး ဖြစ်ပါတယ်။

နိုင်ငံတော်ဟာ ဘယ်သူ့ကိုမဆို ဥပဒေနဲ့အရာတွင် အခွင့်အရေးတန်းတူညီမျှ ရရှိစေရမည်၊ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း ရရှိစေရမည် လို့ပြဌာန်းထားပြီးဖြစ်တဲ့ အတွက် ကျွန်မဒီ အခွန်အကောက်နဲ့ပတ်သက်ပြီးတော့ နောက်ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး တော့ ဒီ နိုင်ငံတော်က တာဝန်ရှိတဲ့သူအနေနဲ့၊ တာဝန်ရှိတဲ့သူတွေအနေနဲ့၊ နိုင်ငံသားတွေရဲ့ ရင်ထဲမှာ၊ နိုင်ငံသားတွေရဲ့ အသိစိတ်ထဲမှာ အခွန်အကောက်ပေးလိုက်ရလို့ နိုင်ငံတော်ကို ဝင်သွားတဲ့ ငွေတွေဟာ ငါတို့အတွက် ပြန်ပြီးတော့ဆောင်ရွက်ပေးမယ့် အရင်းအနှီးတွေပဲ ဆိုတာကို သိသွားဖို့ ဒါ အင်မတန်လိုအပ်တယ်လို့ ဒါ ကျွန်မ ဒါအကြံပြုချင်ပါတယ်။ အဲဒီကျတဲ့အခါကျတော့ ကျွန်မဒီ ကော်မတီရဲ့ အကြံပြုချက်နဲ့ ပတ်သက်ပြီးတဲ့အခါကျတော့ ဒီအခွန်အကောက်တွေကို တာဝန်ကျေ ပွန်စွာ ပေးဆောင်လာလို့ ရလာမယ့်ငွေကြေးဟာလည်း နိုင်ငံသားတို့အတွက် ပြန်လည် ဖြည့်ဆည်း ဆောင်ရွက်ပေးရမယ့် အရင်းအနှီးပင်ဖြစ်တယ်ဆိုတာ နိုင်ငံသားအားလုံး လိုလိုလားလား နားလည်လက်ခံဆောင်ရွက်ပေးဖို့ လွန်စွာအရေးကြီးလှ ပါတယ်။ နိုင်ငံတော်ကို ပေးဆောင်လိုက်ရတဲ့ အခွန်အကောက်ဆိုတာတွေဟာ နိုင်ငံသားတွေရဲ့

ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနဲ့ အခြားရေးရာ ကဏ္ဍ အသီးသီးကိုမျှဝေ အသုံးပြုမှာ ဖြစ်ကြောင်း၊ နိုင်ငံသားအများစု နားလည်လက်ခံလာတဲ့ အခါ အခွန်အကောက်နဲ့ ပတ်သက်လို့ ကောက်ခံမယ့်ဝန်ထမ်းရော၊ ပေးဆောင်မယ့်ပြည်သူပါ ကိုယ်စီတာဝန်တွေ ကျေကြမယ်လို့ ယုံကြည်ပါကြောင်း ကျွန်မဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဦးဇော်မြင့်ဖေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၃။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က ကော်မတီကနေပြီးတော့ တင်ပြတဲ့ ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ ကော်မတီကနေပြီးတော့ တင်ပြတဲ့ စာတမ်းကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိတဲ့ နိုင်ငံတော်ရဲ့ အခြေအနေများနဲ့အညီ လိုက်လျောညီထွေတ်မယ့် နိုင်ငံတော်ရဲ့ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများကို မှန်ကန်စွာ ချမှတ်နိုင်ဖို့၊ ပေါ်လစီချမှတ်နိုင်ဖို့၊ Monetary Policy နဲ့ Fiscal Policy ဒီ (၂)ခုကို ချမှတ်နိုင်ဖို့၊ ဒီမူဝါဒ(၂)ရပ်ကို သဟဇာတရှိရှိ အပြန်အလှန် အထောက်အကူပြုရေးတို့ကို ဦးတည်ပြီးတော့ အကြံပြုထားတယ်ဆိုတာ ဒီစာတမ်းမှာ ကျွန်တော်တွေ့ရှိရပါတယ်။ ဒီငွေရေး ကြေးရေး Monetary ကဏ္ဍဟာ ပြည်သူများနဲ့ရော လုပ်ငန်းရှင်များနဲ့ပါ တိုက်ရိုက်သက်ဆိုင်တဲ့ ကဏ္ဍဖြစ်ပေမယ့် ဘာသာရပ်ရဲ့ သဘောအရ နောက်တစ်ခါ Globalization ရဲ့ သဘောအရ မြန်မြန်ဆန်ဆန်ပြောင်းလဲနေတဲ့ ကမ္ဘာ့ငွေကြေးအခြေအနေအရကော ကျွန်တော်တို့ ဒီနေ့ရင်ဆိုင် နေရတာက ပြဿနာအသစ်တွေ ကျွန်တော်တို့ ရင်ဆိုင်နေရပါတယ်။

အဲဒီပြဿနာ အသစ်တွေကို ချဉ်းကပ်မှုအသစ်တွေ၊ အယူအဆအသစ်တွေနဲ့ ဒီနေ့ လက်တွေ့ဖြေရှင်းနေရတာ ဖြစ်ပါတယ်။ သီအိုရီဟာ တော်တော်နောက်ကျနေပြီးတော့ လက်တွေ့ဘဝနဲ့ပဲ ယှဉ်နေရတယ်။ ဒီနေ့ Europe ရဲ့အခြေအနေကိုကြည့်လို့ရှိရင် EU ဟာ အတော့်ကို

အခက်အခဲမျိုးစုံနဲ့တွေ့နေရပြီဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ အဲဒီတော့ ဘာသာရပ်ရဲ့ သဘောကလည်း ခက်ခဲတယ်။ ဘာသာရပ်ရဲ့ အခြေအနေကလည်းပဲ အပြောင်းအလဲတွေ သိပ်များနေတဲ့အချိန်အခါမှာ ကျွမ်းကျင်မှုရှိဖို့ အသာထား၊ နားလည်ဖို့ဆိုတာကိုပဲ အတော်ကြိုးစား နေရတာကို လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး အသိပဲ ဖြစ်ပါတယ်။ ထိုနည်း အတိုင်းပဲ Taxation အခွန်အကောက်ဆိုင်ရာ ပြဿနာကလည်းပဲ ပြည်သူတွေက အခွန်အကောက်ကို ဆောင်နေရပေမယ်လို့ အခွန်အကောက်စနစ်က လွယ်ကူ ရှင်းလင်းမှုမရှိဘူး။ ရှုပ်ထွေးမှုတွေရှိနေတယ်။ အခွန်နဲ့ ပတ်သက်တဲ့ ဥပဒေတွေအပေါ်မှာ နားလည်ရန် အခက်အခဲတွေ ရှိနေတယ်။ ပြည်သူတွေအနေနဲ့ ဝန်ထုပ်ဝန်ပိုးလို အခွန်အပေါ်မှာ ခံစားနေရတယ်ဆိုတဲ့ သဘောတွေကြောင့် အခွန်စနစ်ကလည်းပဲ တိကျမှု၊ ထိရောက်မှု၊ အောင်မြင်မှု မရှိဘဲနဲ့ Tax GDP Ratio ဟာ နိမ့်ကျလျက်ရှိတယ် ဆိုတာ ဒါအားလုံး အသိပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေကြားမှာ ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ ကော်မတီဟာ ကြိုးစားပြီးတော့ ဒီလို product တစ်ခုထွက်လာအောင် လွှတ်တော်ကို တင်ပြနိုင်အောင် လုပ်နိုင်တာဟာ အင်မတန်ချီးကျူးဖို့ ကောင်းပါကြောင်း ရှေးဦးစွာ ပဏာမ သုံးသပ်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဆုံး Fiscal Policy ဘဏ္ဍာရေး ဒီ ငွေရေးကြေးရေး Policy နဲ့ ပတ်သက်တဲ့ ကိစ္စမှာ မျှတတဲ့ဘတ်ဂျက်ဖြစ်ဖို့အတွက် စာမျက်နှာ (၃)မှာ အသုံးစရိတ်တွေ လျှော့ချရေးအပိုင်း အကြံပြုထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က အရင့်အရင် ဆွေးနွေးမှုများ မှာလည်းပဲ ဘတ်ဂျက်အသုံးစရိတ်တွေကိုလျှော့ချဖို့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးအပိုင်းကို အစစ အရာရာ ခါးစည်းပြီးတော့ ခြိုးခြံချွေတာဖို့ ယနေ့ ဥရောပနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ဒီနေ့ ပြဿနာတက် နေတဲ့ တင်းကြပ်တဲ့ Austerity Policy ကို ကျင့်သုံးဖို့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များက ဖိအားပေးနေခြင်းမဟုတ်ပါဘူး။ တကယ့်သဘောကတော့ ချင့်ချိန်တွက်ဆ ခြိုးခြံ Economy ဖြစ်ဖို့ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ သုံးစွဲကြဖို့ စာရင်း စစ်ဆေးမှုကို အတု အပမပြုဘဲ ရဲရဲကြီး အစစ်ဆေးခံရဲဖို့ တိုက်တွန်းလိုတဲ့အပိုင်းပဲ ဖြစ်ပါတယ်။

ဘာကြောင့်လဲ။ အကြမ်းဖျင်းအားဖြင့် ကျွန်တော် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဘတ်ဂျက်ရဲ့ သဘောအရ capital ရှိတယ်။ current ရှိတယ်။ အဲဒီတော့ ဒီ current အပိုင်းမှာကို သာမန်အသုံးစရိတ်အပိုင်းမှာကိုကြည့်ရင် ကာကွယ်ရေး ဝန်ကြီးဌာန မပါ၊ ဗဟိုဌာနတွေနဲ့ ဝန်ကြီးဌာနတွေက ကျွန်တော် အရင်တစ်ခါတုန်းကလည်း တင်ပြခဲ့ပါတယ်။ ခရီးစရိတ်က (16) billions၊ ဘတ်ဂျက်တစ်ခုမှာ၊ ပစ္စည်းနဲ့လုပ်အား ဆောင်ရွက်မှုဟာ (233) billions၊ ဓာတ်ဆီ၊ချောဆီ၊စက်ဆီ (48) billions၊ ပြင်ဆင်ထိန်းသိမ်းစရိတ် (၂၆၂) ဘီလီယံ၊ လွှဲပြောင်းသုံးစွဲငွေ (23) billions၊ ထောက်ပံ့ငွေ (97) billions၊ ဒီလောက်ကြီးတဲ့ သာမန် အသုံးစရိတ်တွေဟာ သေချာကြည့်လိုက်လို့ရှိရင် ဒီထဲမှာ MD,DG ဟောင်းတွေ၊ ဒုဝန်ကြီး အငြိမ်းစားတွေလည်းပါ ပါတယ်ခင်ဗျား။ ဒီသာမန်အသုံးစရိတ်ခေါင်းစဥ်တွေဟာ ပြောင်းသုံးလို့ ရတာလည်းရှိပါတယ်။ ခေါင်းစဥ် ပြောင်းသုံးလို့ မရတာတွေလည်းရှိပါတယ်။ ယေဘုယျအားဖြင့် ဌာနဆိုင်ရာအကြီး အကဲတွေရဲ့ ဆုံးဖြတ်ချက်၊ ရသုံးဌာနရဲ့ သဘောတူညီချက်နဲ့ ဒီသာမန်အသုံးစရိတ်ကို ခေါင်းစဥ်ပြောင်း သုံးစွဲနေတယ်လို့ အကြမ်းဖျင်းပြောရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ခေါင်းစဥ်ပြောင်း သုံးစွဲမှုနဲ့ ပတ်သက်ပြီးတော့ ကန့်သတ်ထားတဲ့ စည်းမျဥ်းစည်းကမ်းများလည်း ရှိပြီးဖြစ်ပေမယ့် အကျင့်ပါသွားတာက ဘတ်ဂျက်နှစ်ကုန်ကာနီးပြီ လို့ဆိုရင် ဘတ်ဂျက်ကို ပြန်အပ်ရမှာ Surrender လုပ်ရမှာ ကြောက်တော့ အကုန် သုံးတယ်၊ မဖြစ် ဖြစ်အောင်သုံးတာတွေရှိ ပါတယ်။ ဒါ အကျင့် ပါနေ တာပါ။

ဒါ့အပြင် တရားသဖြင့် မှန်ကန်စွာသုံးစွဲမှုတွေရှိသလို တရားဝင် နည်းလမ်းများဖြင့် အတုအပလုပ်ပြီးတော့ တရားမဝင်တဲ့ ကိစ္စတွေကိုလည်းပဲ လှည့်ပတ်သုံးစွဲ လာတာတွေ ရှိပါတယ်။ ခြုံလိုက်ရင် တည်ဆဲဘဏ္ဍာရေးစည်းမျဥ်းစည်းကမ်း ဘောင်အတွင်းမှ အခြေအနေ ကြည့်ပြီး လှည့်လည်သုံးစွဲနေကြတာဟာ ဒီနေ့ နိုင်ငံတော်ရဲ့ အားနည်းချက်ကြီး ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတဲ့သဘောက အကုန်လုံး စည်းပျက်၊ ကမ်းပျက် တွေချည်းပဲ သုံးနေတာပါပဲလို့ ဒီလိုပြောဆိုလိုခြင်းမဟုတ်ပါဘူး။ ဒီနေရာမှာ ဘတ်ဂျက်ရဲ့ အခြေအနေကို ကြည့်ရင် ပစ္စည်းရယ်၊ လုပ်အားရယ်၊ စက်ဆီ၊ ချောဆီ လွှဲပြောင်းသုံးစွဲငွေတွေ၊ ထိန်းသိမ်း စရိတ်တွေ ပေါင်းလိုက်လို့ရှိရင် ဘီလီယံ (၆၀၀)ကျော် ရှိပါတယ်။ ဘီလီယံ (၆၀၀)ကျော် ဆိုတဲ့ငွေဟာ နည်းတဲ့ငွေမဟုတ်ပါဘူး။ အဲဒီတော့ ဒီဟာက current ပါ။ သာမန်အသုံးစရိတ်ပါ။ ဒါကို ထိန်းထိန်းသိမ်းသိမ်း ကြပ်ကြပ် မတ်မတ်နဲ့ သုံးစွဲမယ်ဆိုရင် ဘတ်ဂျက်ငွေ သုံးငွေဟာ

အထိုက်အလျောက် သိသိသာသာကြီးကို ကျဆင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ ကျွန်တော် တင်ပြပါရစေ။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်က အဲဒီ ခေတ်က စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၉၈၆ ခုနှစ်ကထုတ်တဲ့ ဝန်ကြီးဌာနများနဲ့ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနဲ့ အဖွဲ့များက လုပ်ငန်းဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးရမည့် ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာ ဆိုပြီးတော့ ဒါ ထုတ်ပြန်ထားတာရှိပါတယ်။ ဒါ 1986 က ထုတ်ပြန်ထားတာပါ။ ဒီ အမိန့်ကြော်ငြာစာမှာ အပိုင်း(၁)ကနေပြီးတော့ အပိုင်း(၆)ထိ အပိုင်းပေါင်း (၆)ပိုင်း ပါ ပါတယ်။ အပိုင်းလိုက်မှာလည်း အခန်းတွေ ခွဲထားပါတယ်။

အပိုင်း(၁)မှာ အခန်းပေါင်း(၈)ခန်းပါ ပါ တယ်။ ဝန်ကြီးဌာနတွေနဲ့ ဦးစီးဌာနတွေက လိုက်နာကျင့်သုံးရမယ့် ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများဆိုပြီးတော့ ဒီလိုလုပ်ပါတယ်။ အပိုင်း(၂)မှာ အခန်းပေါင်း(၇)ခု ပါ ပါတယ်။ နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းများက လိုက်နာကျင့်သုံးရမယ့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ဆိုပြီး တော့ ပါ ပါတယ်။ အပိုင်း(၃)မှာ အခန်း(၄)ခန်း ပါ ပါတယ်။ စည်ပင်သာယာရေးကော်မတီနဲ့ အဖွဲ့များဟာ လိုက်နာကျင့်သုံးရမယ့် ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများဆိုပြီးတော့ပါ ပါတယ်။ အပိုင်း(၄)မှာ အခန်း(၈)ခန်း ပါ ပါတယ်။ နိုင်ငံပိုင်ငွေနှင့် ပစ္စည်းဆုံးရှုံးသည့်အခါ လိုက်နာရမယ့် စည်းကမ်းများ ဆိုပြီးတော့ ပါ ပါတယ်။ အခန်း(၅)မှာ နိုင်ငံခြားသုံးငွေ ဘယ်လို သုံးစွဲမလဲ။ အခန်း(၆) အထွေထွေဆိုပြီးတော့ အသေးစိတ်ကိုရေးထားတာ ကျွန်တော်တို့ ဖြစ်ပါတယ်။ အဲဒီမှာ ဒီအသုံးစရိတ်တွေ၊ ဘတ်ဂျက် အသုံးစရိတ်တွေကို သုံးစွဲတဲ့ နေရာမှာ အခြေခံရမယ့် အချက်တွေ၊ ဘဏ္ဍာရေးကျင့်စဉ်ကြီးတွေ၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရတဲ့ အခါမှာ ဘယ်လိုသုံးစွဲရမလဲ၊ ငွေသားကိုဘယ်လိုကြီးကြပ်မလဲ၊ စာရင်းလုပ်ငန်းတွေကို ဘယ်လို တာဝန်ခံမလဲ၊ ဘဏ်မှ ချေးယူငွေကို ဘယ်လိုလုပ်မလဲဆိုတဲ့ အသေးစိတ်ဖော်ပြထားတာရှိပါတယ်။

အဲဒီနေရာမှာ ဥပမာအားဖြင့် သုံးစွဲငွေသည် ဘဏ္ဍာရေးစည်းမျဥ်းများနှင့် ညီညွတ်စေရ မည်။ ဒါ (၁)အချက်ပါ။ (၂) အချက်ကတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို လမ်းညွှန်ဖူးပါတယ်။ ကျူပ် ဖတ်ဖူးတယ်။ ခင်ဗျား စာအုပ်တစ်အုပ်မှာ တွေ့လိမ့်မယ်။ လူတစ် ယောက်ဟာ မိမိရဲ့ ဘဏ္ဍာငွေ ကို၊ မိမိရဲ့ငွေကို သုံးလို့ရှိရင် ဘယ်လိုသုံး

ရမလဲဆိုတဲ့ဟာနဲ့ ဥပမာကို နှိုင်းပြီးတော့ သုံးစွဲထားတာ ဒီစာအုပ်မှာ အတိအလင်းပါ ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါဟာ ကျွန်တော်တို့ ဒီနေ့ လက်တွေ့ဘဝတွေ ဘယ်လောက်ပြောင်းပြောင်း၊ စနစ်တွေ ဘယ်လောက် ပြောင်းပြောင်း ကျွန်တော်တို့ လိုက်နာရမယ့်အချက်တွေ ဖြစ်ပါတယ်။

အဲဒါကတော့ မလိုအပ်သောအသုံးစရိတ်များ အလေအလွင့် မရှိစေရန် အထူးဂရုပြုရမည်။ လိုက်နာရမည့်မူ တစ်ရပ်မှာ ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ ဝန်ထမ်းသည်လည်း အလားတူ ချင့်ချိန်ဝေဖန် သုံးစွဲရမည်။ ဒါ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို လမ်းညွှန်တဲ့ဟာ ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ရှိသူတိုင်းသည် မိမိ၏လုပ်ပိုင်ခွင့်ကို မိမိ အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များကို ရှောင်ရှားရမည်။ ခြွင်းချက်ပြုထားသော ကိစ္စများမှတစ်ပါး ပြည်သူ့ဘဏ္ဍာငွေများကို တစ်ဦး တစ်ယောက်သို့မဟုတ်အဖွဲ့အစည်းတစ်ခု၏အထူး အခွင့်အရေးအနေအဖြစ် အကျိုးကျေးဇူးဖြစ်ရန် မသုံးရ။ ရန်ပုံငွေကို ရည်ရွယ်ထား သည့် ကိစ္စရပ်များအတွက်သာ သုံးစွဲရမည်။ ငွေကြေးကိစ္စများကို ဆောင်ရွက်ရာ၌ ငွေသားပေးချေ ဆောင်ရွက်ခြင်းကို တတ်နိုင်သမျှရှောင်ရှား၍ ချက်လက်မှတ်ဖြင့် ထုတ်ပေးသည့်စနစ်ကို အတတ်နိုင်ဆုံး ကျင့်သုံးရန် ဖြစ်သည်။ ဒီနေ့ ကျွန်တော်တို့ အားလုံးဟာ Cash Economy ကြီးပါ။ ငွေထုပ်ကြီး ကိုင်ပြီးတော့ သုံးနေတဲ့ Economy ကြီးပါ။ ငွေစက္ကူ မမြင်ရလို့ရှိရင် ကျွန်တော်တို့မှာ မနေနိုင်တဲ့ ရောဂါ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို သက်သာရာ သက်သာကြောင်း အတွက် လွှတ်တော်ရုံးက ဆောင်ရွက်တဲ့အခါမှာလည်းပဲ ဘဏ်မှာ ငွေသားချက်လက်မှတ်နဲ့ ပေးတာထက် ငွေသားကို တိုက်ရိုက် လစဉ်ချီးမြှင့်ငွေများကို ထုတ်ပေးနေတဲ့ သဘော ဟာလည်း ဒီဟာက စဉ်းစားစရာလည်း ရှိပါတယ်။ ဒါက Cash Economy ဖြစ်တာနဲ့အမျှ ဘယ်လိုမှ Tax ကိုလည်းဘယ်လိုမှကောက်လို့မရပါဘူး။ အဲဒီတော့ ဒါက စောစောတုန်းက ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့ ဘဏ်စနစ်ဟာ ဖွံ့ဖြိုးရမယ်ဆိုတာ ဘဏ်စနစ်ဟာ Payment System ကောင်းမှ ဘဏ်စနစ်ဟာလည်း ဖွံ့ဖြိုးမှာဖြစ်ပါတယ်။ ဒါတွေဟာ ဆိုရှယ်လစ်ခေတ် ကတည်းက ဒါတွေဟာ ရေးသားထားတာတွေဖြစ်ပါတယ်။ ငွေကြေးကိုင်တွယ်သူ၏ လုပ်ငန်းခွင်သို့ အခြားသူများ ဝင်ခွင့်မပြုရဘူး။ Cash Holderဖြစ်တယ်တဲ့။ ငွေကြေးကိုင်သူသည် တာဝန်ရှိသူ

အရာရှိများ ခွင့်ပြုချက်မရဘဲ အလုပ်ခွင်မှ ထွက်ခွာသွားခွင့်မပြုဆိုတဲ့ ဒီလို အသေးစိတ်လေးတွေ ထည့်ထား တာဟာ၊ ဒီကိစ္စလေးတွေဟာ ဒီနေ့အထိ ဒါကို မှီဝဲပြီးတော့ပဲ သုံးစွဲနေတယ်လို့ ကျွန်တော် လေ့လာ သိရှိရပါတယ်။

နောက်ထပ်လည်း ပြုပြင်ပြောင်းလဲပြီးတော့လုပ်နိုင်တဲ့ အခြေအနေမရှိသေးတဲ့ အတွက် ဒီအကြံပြုချက်စာတမ်း၊ ကော်မတီရဲ့စာတမ်း၊ စာမျက်နှာ(၇)မှာ ငွေရေးကြေးရေး အပိုင်းမှာ အောက်ပါအကြံပြုချက်ကို ဖြည့်စွက်သင့်ကြောင်း ကျွန်တော်အကြံပြု တင်ပြအပ် ပါတယ်။ ဒါကတော့ ဘတ်ဂျက်ပါ အသုံးစရိတ်များကို တာဝန်ရှိသူ အားလုံးက ချင့်ချိန်ဝေဖန် တွက်ဆ သုံးစွဲကြရန်၊ ယင်းသို့သုံးစွဲရာ၌ သတ်မှတ်သည့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် အညီ စနစ်တကျသုံးစွဲရန်၊ ခေတ်နှင့်လျော်ညီသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြုစု ထုတ်ပြန်ခြင်း မပြုရသေးပါကလည်း ၁၉၈၆ ခုနှစ်က ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းကဲ့သို့ သိပ်သည်းကျစ်လစ်မှုရှိသည့် စည်းမျဉ်း စည်းကမ်းသစ်ကို အမြန်ဆုံး ထုတ်ပြန်ရန် ဆိုတဲ့အပိုဒ်ကို ဖြည့်စွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။အသုံးစရိတ်လျှော့ချရေးအပိုင်းကို ယခုကဲ့သို့တင်ပြသလို ရငွေပိုင်းမှာ ကိုယ်စားလှယ်ကြီးများလည်းပဲ ဆွေးနွေးသွားပြီဖြစ်ပါတယ်။ အခွန်အကောက် ကိစ္စတွေ၊ Taxation ကိစ္စတွေ ပိုမိုရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ Tax GDP Ratio ဟာ ကျွန်တော်တို့ နိုင်ငံမှာ အင်မတန်နိမ့်နေတယ်။ Tax ကို ရှောင်လွှဲတဲ့လူတွေကို အရေးယူနေ သလို စောစောက ကိုယ်စားလှယ်တစ်ဦးပြောသွားသလို Tax ကို တာဝန်ကျေပြီး မှန်မှန်ကန်ကန် ဆောင်ရွက်တဲ့ နိုင်ငံသားတွေကို လက်တွေ့ကျကျ တန်ဖိုးထားဂုဏ်ပြုဖို့ လိုအပ်ပါတယ်။ ထိုက်တန်တဲ့ အခွင့်အရေး ပေးဖို့လိုပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေပဲဖြစ်ဖြစ်၊ ကုန်သွယ်မှုအခွင့်အလမ်းပဲ ဖြစ်ဖြစ်၊ အခြား သင့်မြတ်တဲ့ အခွင့်အလမ်းများပေးပြီး ဆွဲဆောင် စည်းရုံးပညာပေးသင့်ပါတယ်။ ဒါကြောင့် အကြံပြုချက် စာမျက်နှာ(၈) အပိုဒ်(၈)မှာပါတဲ့ Tax GDP Ratio တက်ဖို့အတွက် အကြံပြုချက်ကို ကျွန်တော်အလေးအနက် ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အစိုးရရဲ့ ဝင်ငွေမှာ Revenueမှာ အဓိကအားဖြင့်က Taxation ဖြစ်ပါတယ်။ တစ်ဖက်ကလည်းပဲ ပို့ကုန်ကိစ္စတွေမှာ ပို့ကုန်တိုးမြှင့်ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပို့ကုန်မတိုးမြှင့်နိုင်ဘူးဆိုရင် ဝင်ငွေမရနိုင်ပါဘူး။ အဲဒီတော့ ဒီနေ့ ဒီအခြေအနေဟာ

အကြောင်း အမျိုးမျိုးကြောင့် Export ကို ကျွန်တော်တို့ လိုချင်သလို မတိုးမြှင့်နိုင်ပါဘူး။ Tax GDP Ratio နိမ့်နေပါတယ်။ ဒီလို အခြေ အနေမှာ ကျွန်တော်တို့က ချေးငွေတွေနဲ့ပဲ ဘတ်ဂျက်ကို လှည့်လည် နေရတာပဲ ဖြစ်ပါတယ်။ နိုင်ငံခြားချေးငွေကို ယူမလား၊ ပြည်တွင်းချေးငွေနဲ့ပဲ သွားမလားဆိုတာ ဒီနည်းပဲ ကျွန်တော်တို့ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားပို့ကုန်တိုးတက်ရေးနဲ့ နိုင်ငံခြားငွေပေးချေရေးလုပ်ငန်း(Foreign payment system)ဒီနေရာမှာ ကျွန်တော်တို့ ဟာ စဉ်းစားတဲ့ အခါတိုင်းကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများ အမြဲတမ်းသတိရပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ Trade sanction၊ Financial sanction ဘဏ္ဍာရေးအရ ပိတ်ပင်ကန့်သတ်မှုတွေ ကုန်သွယ်မှု အရ ပိတ်ပင်ကန့်သတ်မှုတွေဟာ ဒီနေ့ အကုန် မရုပ်သိမ်းသေးတဲ့အတွက် ချည်ထုံးတစ်ခု၊ ထိပ်တုံးတစ်ခု ကျွန်တော်တို့ကို ဆွဲထားဆဲဖြစ်တယ် ဆိုတာ ကျွန်တော်တို့ အားလုံး သတိရနေမှာပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံကို ဆက်ဆံရေးပြေလည်တယ်။ ဒါ ဒီမိုကရေစီ ခြေလှမ်းတွေ မှန်လာပြီဆိုပြီးတော့ US ကုမ္ပဏီတွေ၊ အမေရိကန်ကုမ္ပဏီတွေကို လာရောက် ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် တံခါးဖွင့် လိုက်ပါတယ်။ ဒါ US က ။ ဒါပေမယ်လို့ ကျွန်တော်တို့ အထည်ချုပ်လုပ်ငန်းတွေ ဖွင့်ပေးပြီလား CMP လုပ်ငန်းတွေရဲ့ Export ကို သူတို့ Import အနေနဲ့ လက်ခံပြီလား။ စဉ်းစားစရာတွေ ရှိပါတယ်။ ကန့်သတ်မှုတွေ ရှိနေပါတယ်။ ကျွန်တော်တို့ ဘဏ်တွေကို ဒီနေ့ အထိ Black list မှာ သွင်းထားဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ Financial Transition ကို ငွေရေးကြေးရေးကို ကျွန်တော်တို့ ပေးချင်သလိုပေးလို့ လွှဲချင်သလိုလွှဲလို့ မရနိုင်သေးဘူးဆိုတဲ့ ဒီချည်ထုံးကြီးကို ဘာလို့ ချန်ထားသလဲ။ တိုင်းပြည်ကို ချစ်တဲ့လူတိုင်းအနေနဲ့ ဒီချည်ထုံးကို ဘာလို့ချန်ထားသလဲ ဆိုတာ ရဲရဲကြီး ကြည့်ပြီး ရဲရဲကြီးစဉ်းစားပြီးတော့ သတိထားကြဖို့ လိုပါတယ်ဆိုတာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အသုံးစရိတ်အတွက် ကျွန်တော်တို့တစ်တွေဟာ export ကို ထင်သလို မလုပ်နိုင်တော့ဘူးလို့ ဆိုရင် ဒီနေ့ ငါးလုပ်ငန်းရှင်တွေ သိပါတယ်။ ရေလုပ်ငန်းရှင်တွေ သိပါတယ်။ CMP လုပ်ငန်းရှင်တွေ သိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ဟာ ပုဂ္ဂလိက ကဏ္ဍအတွက်ရော၊ နိုင်ငံပိုင်ကဏ္ဍအတွက်ပါ ဘဏ်ချေးငွေဟာ အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ဥပဒေမှာ ငွေချေးခြင်းဆိုတဲ့ဟာကို ကျွန်တော်တို့ ဒီမှာ ပြဋ္ဌာန်းထား ပါတယ်။ နောက်ဆုံး ဘတ်ဂျက် ဥပဒေမှာ အခန်း(၃)မှာ ကျွန်တော်တို့ပါ ပါတယ်။ ဒီမှာ

ငွေချေးတဲ့အလုပ်က ပြည်တွင်းမှာပဲ ဖြစ်ဖြစ်၊ ပြည်ပမှာပဲ ဖြစ်ဖြစ် ငွေချေးတဲ့အလုပ်ကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ရယူနိုင်ပါတယ်ဆိုပြီး ပုဒ်မ ၇ မှာ ပါ ပါတယ်။ ပုဒ်မ ၁၁ မှာ ၁၉၁၂-၁၃ ဘဏ္ဍာနှစ် လက်ရှိဘဏ္ဍာနှစ်မှာ ကျပ် (2.6) trillion ထက် မပိုရန် ၊ မပိုရ ဆိုပြီးတော့ အစိုးရက ဗဟိုဘဏ်က နေပြီးတော့ ငွေချေးမယ်ဆိုရင် ခင်ဗျား ဒီနှစ်မှာတော့ (2.6) trillion ထက် မပိုနဲ့ဆိုပြီးတော့ ကန့်သတ် ထားတာရှိပါတယ်။ ဒါက ဒီလိုကန့်သတ်ထားတာ။

အဲဒီတော့ ကန့်သတ်ထားတဲ့ ဘောင်ထဲကနေပြီးတော့ အစိုးရက ငွေချေးတော့မယ် လို့ဆိုရင် အဲဒီအပိုင်းကိုတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က Budget Law ကို ပြုစုလိုက်တဲ့အခါမှာ အတည်ပြုခဲ့ပါတယ်။ အဲဒီတော့ ဒီ Budget လိုငွေကို ကျွန်တော်တို့က ဘာနဲ့ သွားပြီးတော့ ဗဟိုဘဏ်က ယူသလဲ ဆိုတော့ Treasury Bills နဲ့ယူတယ်။ အစိုးရအဖွဲ့က ဒုဝန်ကြီး လောက်ကနေပြီးတော့ လက်မှတ် ထိုးပြီးတော့ ဗဟိုဘဏ်ကို အပ်လိုက် လို့ရှိရင် ဗဟိုဘဏ်က လိုတဲ့ငွေကို ထုတ်ပေးပါတယ်။ အဲဒီဟာက ကျွန်တော်တို့ ဖတ်ရတာ ကတော့ ဘဏ္ဍာရေးနဲ့အခွန် ဝန်ကြီးဌာန ရှင်းသွားတဲ့အထဲ မှာ ပါပါတယ်။ Interest Rate က (4) Percent ပါ။ (4) Percent ပါ။ အဲဒီတော့ ဒီမှာက ကျွန်တော်တို့က နှစ်စဉ်ဘဏ္ဍာ ဘတ်ဂျက် လိုငွေတွေကို Treasury Bills လို့ခေါ်တဲ့ ဗဟိုဘဏ်ကို အပ်ပြီးတော့ ငွေလွှဲလက်မှတ် အပ်ပြီးတော့မှ၊ လက်မှတ်ထိုးပြီးတော့မှ ကျွန်တော်တို့အစိုးရက ငွေချေးထားတာပါ။ ငွေချေးထား တာပါ။ အဲဒီငွေချေးမှုဟာ အရင်တုန်းက ပြည်ထောင်စုအစိုးရပေါ့လေ၊ အစိုးရတစ်ခုပဲရှိတယ်။ အခုဆိုရင် ပုဒ်မ ၁၅ မှာ ဘာပါလာပြီလဲ ဆိုတော့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများက ထောက်ပံ့ငွေဖြစ်စေ၊ ချေးငွေဖြစ်စေ ပြည်ထောင်စု လွှတ်တော် ၏ အတည်ပြုချက်ဖြင့် ရယူနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီတော့ စီးပွားရေးအဖွဲ့အစည်းတွေကို ပြုပြင်ပြောင်းလဲ ဖွဲ့စည်းလိုက်တဲ့အတွက် လိုအပ်သောငွေများကို ချေးငွေများနဲ့ ပေးတော့မယ်ဆိုတဲ့ သဘော ဖြစ်လာပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါ (၁)အချက် ပိုလာပါတယ်။ (၂)အချက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ၏ ဘတ်ဂျက်လိုငွေကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စရပ်များအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သောချေးငွေများ ထုတ်ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည် ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်လို့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ချေးငွေ

အပိုင်းမှာ (၃)ပိုင်းဖြစ်လာပါပြီ။ ပြည်ထောင်စုအစိုးရအပိုင်း၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများအပိုင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များဆိုပြီး (၃)ပိုင်း ဖြစ်နေပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဲဒီတော့ လောလောဆယ်မှာ ပြည်ထောင်စုလွှတ်တော်ကို မတင်ပြရသေး တဲ့အတွက် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းတွေကို ဘယ်ဘဏ်ကနေပြီးတော့ ငွေဘယ်လောက် ချေးမလဲ။ အတိုးနှုန်းကဘယ်လောက်လဲဆိုတာ၊ ယနေ့အထိ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မသိသေးပါဘူးခင်ဗျား။ ထို့အတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကိုရော ဘယ်ဘဏ်ကနေပြီးတော့ သူတို့လည်း ဘတ်ဂျက်ဆွဲတယ်။ သူတို့လိုငွေကို ဘာနဲ့ဖြည့်မလဲ။ ချေးငွေနဲ့ပဲဖြစ်ဖြစ်၊ ထောက်ပံ့ငွေနဲ့ပဲဖြစ်ဖြစ် ဖြည့်မယ်လို့ ဆိုထားပြီး။ အဲဒီတော့ ထောက်ပံ့ငွေကလည်း ဒါ ကျွန်တော်တို့ တက်လာရင် သိမှာပါ။ ချေးငွေက ဘယ်ဘဏ်ကနေပြီးတော့ ဘယ်ဘဏ်ကို Commercial Bank ကလား၊ စီးပွားရေးဘဏ်ကလား၊ ရင်းနှီးမြှုပ်နှံမှုဘဏ်ကလား။ ဘာအာမခံနဲ့ ချေးမလဲ။ ဗဟိုဘဏ်က ပြည်ထောင်စုအစိုးရက ချေးတဲ့ အခါမှာ Treasury Bills ကို လက်မှတ်ရေး ထိုးပြီးချေးတယ်။ အဲဒီဘဏ်တွေက ချေးတဲ့အခါမှာ အခုနက ကော်မတီရဲ့ အစီရင်ခံစာမှာ ပါတယ်။ အာမခံမဲ့၊ အာမခံထားသူအဖြစ် ဒီလိုပါပါတယ်။ အဲဒီတော့ ဒီအစိုးရအဖွဲ့တွေ၊ ပြည်နယ်/တိုင်းအစိုးရအဖွဲ့တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့တွေရဲ့ လိုငွေ၊ ချေးငွေတွေကို ဘယ်သူက အာမခံမလဲ။ ကျွန်တော်တို့ ပြည်ထောင်စု အစိုးရအဖွဲ့က အာမခံရမလား။ သူ့ဝန်ကြီးချုပ်က အာမခံမှာလား။ စဉ်းစားစရာတွေ တော်တော်ရှိ ပါတယ်။ အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဘာမှမသိနိုင်သေးပါဘူး။

ဒါကြောင့်မို့လို့ ဒုတိယအချက် အကြံပြုလိုတာက ဒီဘဏ်ချေးငွေဆိုတာ ဒီအထဲမှာ ပါပါတယ်။ ဒီဘဏ်ချေးငွေတွေကို ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းစွာ ကြိုတင်ညှိနှိုင်းအတည်ပြုချက် ရယူသင့်ပါတယ်။ ဒါစာမျက်နှာ(၇)မှာ၊ ဒီအကြံပြုချက်ကို ထည့်သွင်း သင့်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒီချေးငွေတွေရဲ့ အခြေအနေတွေကိုသိမှ ကျွန်တော်တို့ကလည်း လာမည့်ဘတ်ဂျက် (Supplementary Budget)၊ နောက်တစ်ခါ R.E ဒါတွေကို ကျွန်တော်တို့ဟာ ဝေဖန်သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အစိုးရရဲ့ ဗဟိုဘဏ်မှာရှိတဲ့ကြွေး၊ ပြည်သူတွေဆီကို ကျွန်တော်တို့က ထုတ်ရောင်းထားတဲ့ Treasury Bills တွေ ရှိသေးတယ်။

အဲဒီအတွက်ပေးရမယ့်ဟာ၊ သူတို့က ပြည်သူတွေကနေပြီးတော့ ဒါကို ငွေသားအဖြစ် ပြောင်းတဲ့ အချိန်အခါမှာ ကျွန်တော်တို့ ပေးရပါတော့မယ်။

**ဥက္ကဋ္ဌ**။ ။နိဂုံးချုပ်ပါ၊ ဦးဇော်မြင့်ဖေ။ ဦးဇော်မြင့်ဖေ၊ နိဂုံးချုပ်ပါ။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အဲဒီလို လွှတ်တော်က သိနေဖို့ဆိုလို့ရှိရင် ဒါ ကျွန်တော်တို့ လွှတ်တော်ကို သူတို့တင်ပြဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ Treasury Bills တွေနဲ့ အစိုးရအဖွဲ့က ဗဟိုဘဏ်မှ ငွေချေးခဲ့တာ စုစုပေါင်း ဘယ်လောက်ရှိပြီလဲ၊ ဘယ်လောက် ပြန်လည်ပေးဆပ်ပြီးပြီလဲ၊ ပြည်ထောင်စု လွှတ်တော်ကို အသိပေး တင်ပြသင့်ကြောင်း ထည့်သွင်းဖော်ပြသင့်ပါတယ်။ ဒါမှလည်း ပြည်ထောင်စု လွှတ်တော်ဟာ ပြည်ထောင်စုအစိုးရနဲ့လက်တွဲပြီးတော့ ကောင်းမွန်သောအဖြေများကို ရှာကြံနိုင်မှာဖြစ်ကြောင်း ကျွန်တော် အကြံပြုချက်(၃)ခုတင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၅**။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅**။

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ချစ်ခင်လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ညီ့သည်တော်များ ခင်ဗျား။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ဖလမ်းမြို့နယ်ရဲ့ အရှေ့ဘက်ခြမ်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ငွေရေးကြေးရေးနဲ့ အခွန်အကောက် ဆိုင်ရာကော်မတီ၏ အကြံပြုချက် စာစောင်အပိုဒ်(၇) စာကြောင်း အမှတ် ၅ မှ ၈ အတွင်းရှိ အခွန်ကောက်ခံခြင်းအား အခွန်ဝန်ထမ်းများဖြင့်သာ မဆောင်ရွက်စေဘဲ အခွန်ဝန်ထမ်းများအပြင် သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအာဏာပိုင်က ရွေးချယ်သတ်မှတ်သည့်

သမာသမတ်ကျသူများပါ ထည့်သွင်း၍အဖွဲ့ ဖွဲ့စည်းကာ ကောက်ခံမှုကို ဆောင်ရွက်ပေးသင့်သည်ဟု သူက အကြံပြု ထားတာကို ကောက်နုတ်ပြီးမှ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လုပ်ငန်းတစ်ခု ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဒီ တစ်ဦးတစ်ယောက်ကနေ ဆောင်ရွက်တာထက် အစုအဖွဲ့ကနေသော်လည်းကောင်း၊ ကျွန်တော်တို့ အပေါင်းအသင်း၊ လူစုလူဝေးကနေ ဆောင်ရွက်တဲ့အခါမှာ ပိုပြီးထိရောက်ပြီးမှ အောင်မြင်နိုင်ကြောင်းကို ဒီစာသားအရ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါပေမယ်လို့လည်း ကျွန်တော်တို့ ခုန ကိုယ်စားလှယ်တော်ကြီး ရှေ့က ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ ဒီ ဘယ်လောက်ပဲ အစုအဖွဲ့ ဘယ်လောက်ပဲများများ၊ ဒီ အခွန်ဝန်ထမ်းကနေပြီးမှပဲ တစ်ဦးတစ်ယောက်ထဲကပဲ လုပ်လုပ်၊ Corruption ကိစ္စမှာလည်း ဘယ်လိုနဲ့မှ လုပ်ချင်သပဆိုရင်လည်းပဲ ကျွန်တော်တို့ တားဆီးလို့ မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဒီဟာထက် ကောင်းမွန်တဲ့အချက်ကိုလည်း ကျွန်တော်တို့ ရှာဖွေပြီးမှ လုပ်နိုင်ရင် ပိုပြီးမှကောင်းမယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။

အခွန်ထမ်းဆောင်ခြင်းဆိုတဲ့ဟာမှာလည်း ကျွန်တော့်အနေနဲ့ ကောင်းမှု ကုသိုလ်ပြုတဲ့ သဘောလို့ပဲ ကျွန်တော် ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီ အခွန်ပေးဆောင်ရခြင်းဆိုတာ ကျွန်တော်တို့ အလဟဿဖြစ် မသွားဘဲနဲ့ တိုင်းပြည်တည်ဆောက်ရေး၊ ခုနပြောတဲ့ State Building ပဲ ဖြစ်ဖြစ်၊ နောက် ကျွန်တော်တို့ Capacity Building ပဲဖြစ်ဖြစ်၊ အဲဒီမှာ ကျွန်တော်တို့ ပြန်လည်ပြီးမှ အသုံးပြုတဲ့အခါမှာ တိုင်းပြည်အတွက် တိုးတက်ရာ၊ တိုးတက်ကြောင်း ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဓိက ဖော်ပြမယ်ဆိုရင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းမှာ သော်လည်းကောင်း၊ ကျွန်တော်တို့ အစိုးရဌာနဆိုင်ရာ အမြဲတမ်း ဝန်ထမ်းများကို လစာစရိတ်များကို သော်လည်းကောင်း၊ နောက်ဆုံးကျွန်တော် အနီးကပ်ဆုံး ပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လစဉ်ချီးမြှင့်ငွေများကိုပါ ကျွန်တော်တို့ ဒီ အခု အခွန်အတုတ် ကနေပြီးမှကျခံရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် အခွန်ဝန်ထမ်း များအနေနဲ့ ဤကဲ့သို့ ကောင်းမွန် သော လုပ်ဆောင်ခြင်းသည် သူတို့အတွက် ကုသိုလ်ရတဲ့ လမ်းကြောင်း တစ်ခုလို့ပဲ ကျွန်တော် မြင်ပါတယ်။ အဲဒါကြောင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလိုပဲ နိုင်ငံတော်နဲ့ သူတို့ ဝန်ထမ်းများ၊ တစ်ဖက်နှင့်တစ်ဖက် ကျွန်တော်တို့ အကျိုးပြုရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီအခွန် ထမ်းဆောင်ခြင်းသည်

ကောင်းမွန်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ အသီးရိပ်လို၊ လိုရိပ်ရှိဆိုသလို ကျွန်တော်တို့ ဤကဲ့သို့အလှူအတန်း သဘောနဲ့ သူတို့ ပေးဆောင်ခြင်းအားဖြင့် သူတို့အတွက်လည်း အကျိုးသက်ရောက်မှု ရရှိနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အခွန်ကောက်ခံတဲ့ အပိုင်းဆိုင်ရာမှာတော့ အနည်းငယ် အကြံပြုလိုပါတယ်။ ကျွန်တော်တို့ ဒီ အခွန်ကောက်ခံတဲ့အပိုင်းဆိုင်ရာမှာ လူကိုယ်တိုင်ကနေပြီးတော့မှ တစ်အိမ်တက်၊ တစ်အိမ်ဆင်း အလုပ်ရုံတစ်ခုဆင်း၊ တစ်ခုတက်ပြီးမှ အဲဒီလိုလုပ်မယ့်အစား ကျွန်တော်တို့ ကြိုတင်တွက်ချက်ပြီးမှ အဲဒီ အလုပ်ရုံ၊ စက်ရုံများရဲ့ အခွန်ထမ်းဆောင်ရမယ့် ငွေအရေအတွက်နဲ့ ၊ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ပေးဆောင်ရမယ့်၊ ထမ်းဆောင်ရမယ့် အခွန်များကို တွက်ချက်ပြီးမှ တစ်လအနေနဲ့သော်လည်းကောင်း၊ သုံးလနဲ့သော်လည်းကောင်း၊ ခြောက်လနဲ့သော်ကောင်း၊ တစ်နှစ်နဲ့သော်လည်းကောင်း ကျွန်တော်တို့ ဘဏ်မှာ မိမိအစီအစဉ်နဲ့ပဲ ပေးသွင်းခိုင်းလို့ရှိရင် ဒီကျမှ သံသယရှိသည့် ငွေအလေအလွင့်ရှိသည့်ဟာလေးတွေ ရှောင်တိမ်းနိုင်မှာ ဖြစ်ပါတယ်။ နောက် နောင်ကာလများမှာ ကျွန်တော်တို့ ဘဏ်ကတ်များကို အတိအကျ ပြန်လည်ပြီး သုံးနိုင်လို့ရှိရင်၊ စနစ်တကျသုံးနိုင်လို့ရှိရင် ကျွန်တော်တို့ ဒီဘဏ်ကတ်စနစ်နဲ့ ကျွန်တော်တို့ အွန်လိုင်းကနေ တစ်ဌာနနှင့် တစ်ဌာန၊ ပုဂ္ဂိုလ်ချင်းအရသော်လည်းကောင်း၊ ဘဏ်က ငွေကြေးကို ကျွန်တော်တို့ ဒါ စိတ်ချလက်ချနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာအခွန်ရုံးကိုလည်း ပေးပို့နိုင်မှာ ဖြစ်ပါတယ်။ နောက် ကျွန်တော် တစ်ခု ဆက်လက်ပြီး တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီ အပိုဒ် ၉၊ ပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ ၃ မှာ ဘာဖော်ပြထားလဲဆိုတော့ အခွန်ထမ်းများအတွက် ဝန်ထုပ် ဝန်ပိုးမဖြစ်ခြင်း ဆိုတဲ့အခါမှာ အဲဒီမှာ ကျွန်တော်တို့ အဲဒါအရေးကြီးပါတယ်။ ကျွန်တော်တို့ အခွန်ထမ်းများအနေနဲ့ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့က အဓိကလိုပါတယ်။ ဝန်ထုပ်ဝန်ပိုးထက် ကျွန်တော် ဖြည့်စွက်ချင်တာက မနိုင်မနင်းဖြစ်သော ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့က အဲဒါက အဓိက ကျွန်တော်တို့ သတိထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခွန်တစ်ခုတည်းကို၊ ပိုက်ဆံတစ်ခုတည်းကို မှီပြီးမှ သူတို့မှာ ဘယ်လောက်အထိ ခက်ခဲတယ်။ ဘယ်လောက်အထိ အောင်မြင်မှု မရှိဘူးဆိုတဲ့ဟာကို ကျွန်တော်တို့ မတွက်ချက်ဘဲနဲ့ ဒီအခွန်တစ်ခုတည်းကို သာမကဘဲဆီးပြီးမှ ကျွန်တော်တို့ ကောက်ခံနေမယ်ဆိုရင် ဒီအခွန်ထမ်းသမားအနေနဲ့ ဝန်ထုပ်ဝန်ပိုး မနိုင်မနင်းဖြစ်နေမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ အခွန်အထုပ်များကို ထမ်းဆောင်တဲ့အခါမှာ သူတို့ရဲ့ စိတ်ပါဝင်စားမှုရှိအောင်၊ နောက် သူတို့ရဲ့ လိုက်လိုက်လျောလျောနဲ့ ပါဝင်နိုင်အောင် ဆိုပြီးတော့ ဒီအခွန်ထမ်းများကနေပြီးမှ ဘယ်လောက်သတ်မှတ်မယ်ဆိုတာလည်း ကျွန်တော်တို့ တိကျမှန်ကန်စွာ ကူညီတွက်ချက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ သာဓကနဲ့ ကျွန်တော်တို့ ပြောချင်တာကတော့ ဒီအခွန်ကို ကြီးလေးတဲ့အခွန်ကို ပေးဆောင်စေခြင်းအားဖြင့် စိတ်ဝမ်းကွဲမှု မဖြစ်ကြောင်း ကျွန်တော်တို့တိုင်းပြည်ရဲ့ တည်ဆောက်မှုကိုလည်း ကျွန်တော်တို့ ထင်သလောက် အောင်မြင်မယ်မဟုတ်ပါဆိုတဲ့အကြောင်း အခွန်ထမ်းဆောင်သူများရဲ့ စိတ်ပါဝင်စားမှုရှိအောင်၊ ကျွန်တော်တို့ မည်သည့်ပုံစံနဲ့ စည်းရုံးမယ်၊ ဘယ်လိုပုံစံနဲ့ ကျွန်တော်တို့ ဟောပြောမယ်။ ဘယ်လိုပုံစံနဲ့ သူတို့ တိုင်းပြည်တည်ဆောက်မှုမှာ ကျွန်တော်တို့ စိတ်အားထက်သန်စွာ ပါဝင်နိုင်အောင် ဆိုတာကို ကျွန်တော်တို့ အားပေးရင်းပေးရင်း အများကြီးစည်းရုံးဖို့ လိုမယ်လို့ ကျွန်တော်ယူဆ ပါတယ်။ တိုင်းပြည်အတွက် ကျွန်တော်တို့ ဒီမြန်မာနိုင်ငံ၊ ဒီနိုင်ငံမှာ၊ ဒီနိုင်ငံအပေါ်မှာ ဒီမြေကြီး ပေါ်မှာနေပြီး စီးပွားရေးရှာပြီးမှ၊ စီးပွားရေးလုပ်ပြီးမှ အောင်မြင်တဲ့အခါမှာ ဒီတိုင်းပြည်အတွက် ကျွန်တော်တို့ ပြန်လည်ပြီးမှ အခွန်အတုတ်ကို မပေးဆပ်ဘူးဆိုရင် ကျေးဇူးကန်းရာလည်း ကျမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလုပ်ငန်းအောင်မြင်ခြင်း၊ စီးပွားရေးရှာနိုင်တဲ့လူ၊ အောင်မြင်တဲ့ ရှိတဲ့ကုမ္ပဏီများအနေနဲ့လည်း ဒီတိုင်းပြည်ကို တကယ်လို့ တိုင်းပြည်ကို ချစ်တယ်ဆိုရင် တစ်ထောင့် တစ်နေရာကနေပြီးမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တိုင်းပြည် တည်ဆောက်ရေးကို ကျွန်တော် ပါဝင်သင့်တဲ့အကြောင်း ကျွန်တော် ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနဲ့ အခွန်အကောက်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ဝိုင်းဝန်းဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပူးပေါင်းပြီး ပြန်လည်ပြုစု၍ ကော်မတီရဲ့ဆုံးဖြတ်ချက်အရ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အခုအစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၄း၂၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၄း၄၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် ဆင်းရဲ နွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော် နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာထက်သန်စွာ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနိုင်ပါရန် အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးဖြစ်နေသောချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာ ထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးပေး နိုင်ပါရန် အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက အမည်စာရင်း တင်သွင်းထား ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၄း၄၀။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ၏ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး ဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာ ထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါရန် အဆိုအပေါ်တင်ပြဆွေးနွေး ထောက်ခံသွားမှာ ဖြစ်ပါ တယ်။ ဦးစွာ အဆိုရှင်ဦးဟာရှိန်းဘွေ တင်ပြထားတဲ့ အဆိုရဲ့ အမည်က လေးအပေါ်မှာ အသုံးအနှုန်း စကားလုံးကလေးကို အဆိုရှင်နဲ့ ညှိနှိုင်းချက်အရ ပြင်ဆင်ဖို့အတွက် ကျွန်တော် တင်ပြပါမယ်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး ဖြစ်နေသောစကားလုံးကို မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း အမြင့်ဆုံးဖြစ် နေသော အသုံးအနှုန်းလေးနဲ့ ကျွန်တော် ပြင်ဆင်တင်ပြခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းဟာ မြင့်မားတယ် ဆိုတာက ရာခိုင်နှုန်းအားဖြင့် အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ရာခိုင်နှုန်း(၇၀)ကျော်ဆိုတာကတော့ အင်မတန် မြင့်ပါတယ်။(၇၀)ကျော်ဆိုတဲ့ဟာသည် ယေဘုယျသဘောပဲဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ် ရဲ့ ရာခိုင်နှုန်း အားဖြင့် ဆင်းရဲနွမ်းပါးမှုဟာ (၇၀)ရာခိုင်နှုန်းကျော်တဲ့နေရာမှာ တစ်ပြည်နယ်လုံး နဲ့ သက်ဆိုင်တာပဲ ဖြစ်ပါတယ်။ တစ်ပြည်နယ်လုံးနဲ့ သက်ဆိုင်သလို တစ်မြို့နယ်ချင်း၊

ကျေးရွာအုပ်စု တစ်ခုချင်းအတွက် ကိန်းဂဏန်းရရှိမှု ရှိပြီးလားဆိုတဲ့အပေါ်မှာ ကျွန်တော် ခွဲခြမ်းစိတ်ဖြာပြီးမှ ဆွေးနွေး တင်ပြလိုပါတယ်။ ဒီလို ကိန်းဂဏန်းတွေကို ရရှိဖို့အတွက် ဘာဆက်လုပ်ကြမလဲဆိုတာကို ဒါ စဉ်းစားတဲ့အခါမှာ ဒီမှာ တင်ပြထားတဲ့ နိုင်ငံတော်အပိုင်းနှင့် လုပ်ငန်းရှင်အပိုင်းနဲ့(၂)ခုတင်ပြတဲ့ အပေါ်မှာနိုင်ငံတော်အပိုင်းနဲ့လုပ်ဆောင်နေတဲ့ အရှိန်အဟုန် ဖြင့် လုပ်ဆောင်နေတဲ့အပေါ်မှာ ကျွန်တော် အကြံပြုတင်ပြသွားဖို့ ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ကျဖို့အတွက်၊ လျှော့ချဖို့အတွက်ကော်မတီတွေဖွဲ့တယ်။ မြို့နယ်အဆင့်အထိလည်း ဖွဲ့မှာပါ။ ဒီအချိန်မှာ ကော်မတီဖွဲ့တာကိုလည်းပဲ တိကျကျစ်လစ်ခိုင်မာ ဖို့လည်း လိုအပ်ပါတယ်။ ကော်မတီသာရှိပြီးမှ နယ်ကိုမဆင်းဘဲနဲ့ စားပွဲပေါ်ကနေ အလုပ်လုပ်လို့ မရပါဘူး။ ကော်မတီဝင် အားလုံးတွေဟာ နယ်ကို ရောက်ပြီလား။ အဲဒီတော့ကျွန်တော် စောစောက တင်ပြသလို ချင်းပြည်နယ်ရဲ့ ဆင်းရဲမှုနှုန်းဟာ ပြည်နယ်တစ်ခုတည်းနဲ့ပဲ ဆိုင်တာဖြစ် ပါတယ်။

မြို့နယ်တစ်ခုစီရဲ့ ဆင်းရဲမှုနှုန်းကိုလည်း ကိန်းဂဏန်းရရှိဖို့ လိုအပ်ပါတယ်။ ဒီလို ကိန်းဂဏန်းရရှိဖို့အတွက် မြေပြင်ကွင်းဆင်းလေ့လာမှု အခြေခံစာရင်းရရှိရေးဟာ နံပါတ်တစ် အရေးကြီးဆုံး ဖြစ်ပါတယ်။ ဒီလို အခြေခံကိန်းဂဏန်းကို ရရှိလာမှ ဘာဆက်လုပ်ကြမလဲ ဆိုတာကို ကျွန်တော်တို့ စဉ်းစားဆင်ခြင်တွေးတောပြီး စီမံချက်တွေ ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်အဆင့်မှာ ဖွဲ့စည်းထားတဲ့ ဒီ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီဟာ တိကျခိုင်မာမှု ရှိနေဖို့လိုပါတယ်။ သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေလည်း ပါဝင်သင့်ပါတယ်။ ဘာကြောင့် ကျွန်တော် ဒီလိုပြောရသလဲဆိုတော့ အရပ်ဘက် အဖွဲ့အစည်းမှာ NGO တွေ ရှိပါတယ်။ INGO တွေ ရှိပါတယ်။ ဒီ ဆင်းရဲမှုကို လျှော့ချတဲ့နေရာမှာ အစိုးရဌာန တစ်ခုတည်းနဲ့ လျှော့ချတာ မဟုတ်တဲ့အတွက်ကြောင့်၊ NGO တွေလည်း ပါဝင်တဲ့ အတွက်ကြောင့် လူမှုအဖွဲ့အစည်းတွေလည်း ပါဝင်နေတဲ့အတွက် သူတို့လည်း ဒီ ကော်မတီထဲမှာ ပါဝင်သင့်တယ်လို့ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလို အခြေခံကိန်းဂဏန်း ရရှိဖို့ဟာ အင်မတန် အရေးကြီးတာ ဖြစ်ပါတယ်။ အဲဒီတော့ တစ်ချိန်တုန်းက ၂၀၀၈၊ ၂၀၀၉ ခုနှစ်ဝန်းကျင်မှာ ချင်းပြည်နယ်မှာ ကြွက်ဘေးအန္တရာယ်ကျရောက်ပါတယ်။ ဒီ ကြွက်ဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ ကျွန်တော်တို့ ပလက်ဝမြို့နယ် အနေအထားကို ကြည့်မယ် ဆိုရင် စိုက်ပျိုးရေးဌာနက စာရင်းကောက်ပါတယ်။ စစ်တမ်းကောက်ပါတယ်။

သို့သော်လည်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ ညှိနှိုင်းတဲ့အခါမှာသူ ရရှိတဲ့စာရင်း အမှန်ကို အထက်ကို တင်ပြခွင့် မရပါဘူး။ အဲဒီတော့ အထက်ကို တင်ပြတဲ့ ကိန်းဂဏန်းတွေဟာ လက်ရှိလက်တွေ့မှာ ဖြစ်ပေါ်နေတဲ့ အနေအထားနဲ့ အင်မတန် ကွာခြားနေတာကိုလည်းတွေ့ရ ပါတယ်။ အဲဒီတော့ ဒီလို အနေအထားတွေဟာ ကျွန်တော် စောစောကပြောသလို မြေပြင် ကွင်းဆင်းမှု၊ တိကျခိုင်မာသော စာရင်းရရှိမှု မရှိတာကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီတော့ တချို့ တချို့သော NGOများ၊ ကုမ္ပဏီအဖွဲ့အစည်းများကလည်းပဲ ဒီ ကိန်းဂဏန်း ကြွက်ဘေးအန္တရာယ် ကျရောက်တဲ့အခါမှာ ရောက်ရှိပြီးမှ လူမှုအဖွဲ့အစည်းတွေ လာပြီးကူညီပံ့ပိုးတာ ရှိပါတယ်။ သူတို့ရဲ့ သူတို့နည်း၊ သူတို့ဟန် နဲ့ ကိန်းဂဏန်းတွေ ရရှိပါတယ်။ တကယ်တော့ ဒီ အခြေခံကိန်းဂဏန်းတွေ ဟာ အစိုးရဌာန အဖွဲ့အစည်းကနေ အတိအကျ ရရှိပြီးကာမှ ကျန်တဲ့အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း NGO ၊ INGO တွေဟာ ဒီအပေါ်မှာပဲ ကူညီထောက်ပံ့မှု ပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် တင်ပြလိုတာကတော့ ချင်းပြည်နယ်ရဲ့ ကိန်းဂဏန်းကို ရရှိသလို တစ်မြို့နယ်ချင်းရဲ့ ကိန်းဂဏန်းကို ရရှိဖို့ မြို့နယ်အုပ်စု၊ ကျေးရွာ ဇုန်တွေအလိုက် ကိန်းဂဏန်းကို ရရှိဖို့အတွက် တိကျတဲ့ စာရင်း၊ ဇယား၊ လက်တွေ့ သုတေသနပြုမှု လိုအပ်ပါတယ်။ ဒီလို စာရင်း၊ ဇယားကောက်တဲ့နေရာမှာ ဘာတွေကို အခြေခံသင့်သလဲဆိုရင် အထူးသဖြင့် ကျေးရွာတွေရဲ့ ဖွဲ့စည်းမှုကိုလည်း လေ့လာရမှာ ဖြစ်ပါတယ်။ ဒီလို ဆိုလိုခြင်းကတော့ တချို့သော ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ကျေးရွာတွေဟာ ပြည်ထဲရေးဝန်ကြီးဌာနမှာ စာရင်းမပါတဲ့ ကျေးရွာတွေ အများကြီး ရှိပါတယ်။ စာရင်းပါတာလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော် ကြုံသလောက် ကတော့ ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ ပြည်ထဲရေးမှာ စာရင်းမဝင်တဲ့ ကျေးရွာပေါင်း (၇၀)နီးပါး ရှိပါတယ်။ ဒီ (၇၀)နီးပါးဟာ နိုင်ငံတော်အထဲမှာ ရှိတယ်ဆိုတာ နိုင်ငံတော်အစိုးရက သိရှိပါသလား။ အဲဒီတော့ ဒီလို မသိရှိဘူးဆိုရင် ဒီလူတွေ ဒီရွာမှာ ဘာဖြစ်တယ်ဆိုတာ ဘယ်လိုလုပ် ကိန်းဂဏန်း ဖော်ပြလို့ရမလဲ။ ဒီလိုမျိုးတွေ ရှိပါတယ်။

ဒါကြောင့် တချို့ကျေးရွာတွေဟာ တရားဝင်ကျေးရွာ မဟုတ်တဲ့အတွက်ကြောင့် ကိုယ့်စား ဝတ်နေရေး ပြေလည်ရာပြေလည်ကြောင်းအနေနဲ့ ချင်းပြည်နယ်ရဲ့ အနေအထားအရ တောဟောင်းရင် စပါးကောင်းတယ်ဆိုတဲ့ အဆိုရှိပါတယ်။ တောဟောင်းတဲ့ နေရာမှာ သွားပြီးမှ

ပြောင်းတယ်။တောင်ယာခုတ်တယ်။ တောဟောင်းတော့ မြေသြဇာကောင်းတော့ စပါးကောင်းတယ်။ စပါး ရတယ်။ ဝမ်းစာဖူလုံတယ်။ အဲဒီတော့ ရွာမှာ မနေဘူး။ တောထဲအိမ်ထဲ ခွဲထွက်မှ ရွာကိုပါ တောထဲတောင်ထဲမှာ နေတယ်။ ဒီလိုမျိုးတွေ စုစုစည်းစည်း မရှိတဲ့ ကျေးရွာတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒီလိုမျိုးတွေ စုစုစည်းစည်းရှိဖို့ အတွက် နံပါတ်တစ် လုပ်ဆောင်ဖို့ လိုအပ် ပါတယ်။ အထူးသဖြင့် အခု ကျွန်တော်တို့ လက်ရှိအနေအထားအရ ဒီကျေးရွာတွေကို ဖွဲ့စည်းတဲ့ အခါကျတော့ လုပ်ထုံးလုပ်နည်းအတိုင်း အထက်ကညွှန်ကြားတဲ့ အခါကျတော့ ဒီ ကျေးရွာတစ်ရွာ တရားဝင်ဖြစ်ဖို့ဆိုတာဟာ အဆင့်ဆင့် မြို့နယ်မြို့နယ်၊ ပြည်နယ် ပြည်နယ်ကနေ ပြည်ထဲရေးစသည်ဖြင့် အစိုးရအဖွဲ့အထိ တင်ပြတဲ့အခါကျတော့ တချို့ ကျေးရွာတွေ ဟာ တရားဝင်ဖြစ်အောင် လုပ်ချင်တဲ့ ဆန္ဒရှိတယ်။သို့သော်လည်း သူတို့ဒီတရားဝင် ဖြစ်ဖို့ အတွက်အမှုတွဲ တစ်ခု တည်ဆောက်ဖို့ အတွက် လိုအပ်တဲ့ ငွေကြေး၊ လူအင်အား စသည်ဖြင့် အဆင့်ဆင့် လုပ်ရတဲ့အခါမှာ သူတို့ အတွက် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြစ်ပြီးမှ ဒီအတိုင်းနဲ့ပဲ သူတို့က တရားမဝင်ရွာအနေနဲ့ နေထိုင်တာလည်း အများကြီးရှိပါတယ်။ ဒီလို တရားမဝင်ရွာတွေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေ တွေကို ဘယ်သူကမှ မလေ့လာ မသိရှိကြဘူး လို့ ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျေးရွာတစ်ရွာရဲ့ စား၊ ဝတ်၊ နေရေးဖူလုံမှုအခြေအနေ၊ ဒီ ကျေးရွာတစ်ရွာ ဟာ ကျေးရွာမှာရှိတဲ့ ဧရိယာ အတိုင်းအတာနဲ့ ကျေးရွာအုပ်စုထဲမှာရှိတဲ့ လူဦးရေနဲ့ မျှတမှု ရှိ/မရှိ၊ သူတို့ ခုတ်ထွင်ရှင်းလင်း စားသောက်နေတဲ့ တောင်ယာမြေမှာရှိတဲ့ စပါးအထွက်နှုန်း ဒီ ကိန်းဂဏန်းတွေ လိုအပ်ပါတယ်။ သူတို့ နေ့စဉ် စားသောက်တဲ့ အသား၊ ငါး စားသောက်မှု အချိုးအစားကိုလည်း ကျွန်တော်တို့က စာရင်းပြုစုရမှာ ဖြစ်ပါတယ်။ တစ်နှစ်လုံးမှာမှ သုံးခါလောက် ခရစ်စမတ် ပွဲ ရှိကာမှ၊ သင်္ကြန်ပွဲ ရှိကာမှ အသား၊ ငါး စားတဲ့ ရွာတွေလည်း ချင်းပြည်နယ်မှာ အများကြီးရှိပါတယ် ဆိုတာ သတိပြုစေလိုပါတယ်။ ဒါကြောင့် ဒီအရာတွေကို ကျွန်တော်တို့က စာရင်းပြုစုရမှာ ဖြစ်ပါတယ်၊ အဲဒီတော့ စောစောကတင်ပြသလို လမ်းပန်း ဆက်သွယ်ရေးကိုလည်း ကိန်းဂဏန်းအားဖြင့် ကျွန်တော်တို့ကဖော်ပြနိုင်မှအဆင်ပြေမှာဖြစ်ပါတယ်။ လမ်း၊ ဒီရွာမှာ လမ်း ဘာလိုသလဲ။ လမ်း လိုသလား၊ တံတား လိုသလား စသည်ဖြင့် လိုအပ်ချက်အားလုံး ကိန်းဂဏန်းတွေရှိကာမှ ကျန်တဲ့ ဟာကို ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လက်ရှိ အနေအထားအရဆိုရင် ကျွန်တော်တို့ ပလက်ဝ မြို့နယ်ဟာ ကျွန်တော်

အရင့်အရင်ကလည်း တင်ပြဖူးပါတယ်။ ကားကို မမြင်ဖူးတဲ့ မြို့နယ် ဖြစ်ပါတယ်။ အဲဒီတော့ ပလက်ဝမြို့နယ်မှာ အရင်ဆုံးရောက်ဖူးတဲ့ ကားက သစ်တောဌာနက သစ်ထုတ်လုပ်တဲ့ ကား ဖြစ်ပါတယ်။ မြို့ထဲ မဝင်ပါဘူး။ သစ်တောထဲပဲ ဝင်သွားတယ်။ သစ်ထုတ်ပြီးရင်တော့ ပြန်သွားတယ်။ ဒုတိယကားကတော့ စည်ပင်က ဖြစ်ပါတယ်။ စည်ပင်က ကားကတော့ မြို့ထဲကိုဝင်တာနဲ့ လူတစ်ယောက်ကို တိုက်မိတယ်။ အဲဒီဟာသာ အဖတ်တင် ပါတယ်။ မီးသတ်ကားက မီးသတ်ဖို့အတွက် အဆင်မပြေ၊ အချင်းချင်း စကားများ၊ ဒီအတိုင်းပဲ မီးသတ်ဂိုဒေါင် ထဲမှာ အခုအချိန်အထိ လှောင်နေတာ၊ ဆိုလိုတာက လမ်းပန်းဆက်သွယ်ရေး မရှိသေးဘူး ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန်အရေးကြီးတယ်ဆိုတာ ဘယ်နေရာမှာ ဘယ်လမ်း ဖောက်သင့်တယ်။ ဘယ်ရွာမှာ လမ်း လိုအပ်တယ်ဆိုတာကို သာမန်အားဖြင့် ကြည့်ရုံနဲ့ မသိနိုင်ပါဘူး။ နိုင်ငံတော်အတွက်လည်း အင်မတန် ဝန်ထုပ်ဝန်ပိုး ဖြစ်တဲ့ အခါကျတော့ အဓိက (Main) ဖြစ်မယ့် နေရာတွေကို ရွေးချယ်ပြီးမှ ဒီလမ်းဖောက်လုပ်မှု ကိုလည်း ဦးစားပေးသင့် ပါတယ်။ ဒါကြောင့် ဒီဟာတွေကိုလည်း ကျေးရွာအုပ်စုက တောင်းဆိုလို့ ပေးတယ်ဆိုတာမျိုးထက် တကယ့်တကယ်အရေးကြီးမှု လိုအပ်သလား။ ဒီနေရာက ပိုအရေးကြီး နေသလား။ ဘယ်နေရာက ပိုအရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့က လေ့လာ တိုင်းထွာမှု လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်မြို့နယ်လုံးစာရင်းကို ရရှိပြီးကာမှ ကျန်တဲ့မြို့နယ်နဲ့ နှိုင်းယှဥ်ရမှာဖြစ်ပါတယ်။ ဒီ မြို့နယ်(၂)ခုကို နှိုင်းယှဥ်ပြီးမှ ဘယ်မြို့နယ်က အရေးကြီးသလဲ ဆိုတာ ဦးစားပေးရမယ်။ ထို့အတူ မြို့နယ်ထဲမှာ လည်းပဲ ဘယ်အုပ်စုက ပိုအရေးကြီးတယ်ဆိုတာ စာရင်း၊ ဇယားရရှိကာမှ ဘယ်အုပ်စုကို ဦးစားပေးသင့်တယ်ဆိုတဲ့ဟာ ကျွန်တော်တို့က လုပ်ဆောင်ဖို့လိုအပ်ပါတယ်ဆိုတာကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို လိုအပ်ချက်တွေကို ကျွန်တော်တို့ သိရှိပြီဆိုတဲ့အခါမှ တစ်ဖက်က နိုင်ငံတော်အပိုင်းနဲ့ ပံ့ပိုးဖို့ နံပါတ်တစ်အချက်က လက်ရှိ သတ်မှတ်နေတဲ့ နိုင်ငံတော်ရဲ့ ချပေးတဲ့၊ ခွင့်ပြုပေးတဲ့ ဘတ်ဂျက်တွေကိုလည်းပဲ ဒီရရှိတဲ့ စာရင်းအင်းပေါ်မှာ အခြေခံပြီးမှ အထူး အခွင့်အရေးတစ်ရပ် အနေနဲ့ ဘတ်ဂျက်တွေကို တိုးမြှင့်ပေးဖို့လည်း လိုပါတယ်။

နောက်တစ်ခါ ဒီလို အခက်အခဲတွေကို ဖြေရှင်းဖို့အတွက် ဘတ်ဂျက်နဲ့လည်း မနိုင်တဲ့ အတွက်ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအထူးရန်ပုံငွေတွေ ရရှိဖို့အတွက်လည်း လိုအပ်ပါ တယ်။ ဒီလို ရန်ပုံငွေ ရရှိဖို့အတွက် တစ်ဖက်က တင်ပြထားတဲ့ အဆိုရှင်တင်ပြထားသလို လုပ်ငန်းရှင်များ လိုအပ်ပါတယ်။ အလှူရှင်တွေ လိုအပ်ပါတယ်။ ဒီအလှူရှင်တွေကိုလည်း တရားဝင် ဖိတ်ခေါ်ပေးဖို့လည်း လိုပါတယ်။ လက်ရှိအနေအထားက ချင်းပြည်နယ်မှာ တာဝန်ခံတဲ့ သစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်း ဦးဆောင်ပြီးမှ မြို့နယ်အသီးသီးကို သွားရောက်ပြီးမှ လုပ်ငန်းရှင်တွေနဲ့ ကူညီပံ့ပိုးပါတယ်။ အရှိန်အဟုန် မြှင့်ပေးတာ ဖြစ်ပါတယ်။ ဒီလို အရှိန်အဟုန် မြှင့်ပေးတဲ့နေရာမှာ အနည်းငယ် အကြံပြုလိုတာတစ်ခု ရှိပါတယ်။ အဲဒီတော့ ဒီတာဝန်ခံ အနေနဲ့ မြို့နယ်အသီးသီးကို ကွင်းဆင်းတဲ့အခါမှာ မြို့နယ်တွေကို ရောက်တယ်။ အထူးသဖြင့် မြို့ကို ရောက်ပါတယ်။ တကယ်ကျတော့ ဒီ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တဲ့နေရာက မြို့မှာ မဟုတ်ပါဘူး။ ကျေးရွာတွေမှာ ဖြစ်ပါတယ်။ တချို့ကျေးရွာက အုပ်ချုပ်ရေးမှူးတွေက တင်ပြပါတယ်။ ကျွန်တော် တို့က လူကြီးတွေ ရောက်တယ်ဆိုတာလည်း မသိပါဘူးတဲ့။

အဲဒီတော့ ကျွန်တော်တို့ တင်ပြဖို့လည်းမသိပါဘူးဆိုတော့ မြို့နယ်အုပ်ချုပ်ရေးမှူး ကလည်း သိတဲ့အတိုင်းပဲ။ ခင်ဗျားတို့ ဘာမှ တင်ပြစရာမလိုဘူး။ ကျွန်တော် တင်ပြပြီးသား ဖြစ်တယ်။ခင်ဗျား ဘာတင်ပြစရာ ရှိသလားဆို တင်ပြစရာမရှိပါဘူး။ ဘာမှမတင်ပြနဲ့ တားထား တယ်။ တချို့ကတော့ အဲဒါကို ယုံလို့ မတင်ပြကြဘူး။ တချို့ ကျေးရွာအုပ်စုတွေက တင်ပြလိုက်တော့ တစ်ခါတည်းရသွားတယ်။ အဲဒီတော့ တချို့ အခြေအနေကို ကြည့်တဲ့အခါမှာ တကယ် စောစောက ကျွန်တော်ပြောသလို အရေးမကြီးဘဲနဲ့ ရလိုက်တာလည်းရှိသလို တကယ်အရေးကြီးပြီးမှ ရတာတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ် ကတော့ ချင်းပြည်နယ်မှာ ဆိုရင်တော့ ဒီ လုပ်ငန်းရှင်တွေ လှူတဲ့အလှူဟာ အများဆုံးဖြစ် ပါတယ်။ သိန်းပေါင်း(၁၀၀၀)နီးနီး ရှိပါတယ်။ ဒါကြောင့် အများကြီးလည်း ကျေးဇူးတင်ပါတယ်။

သို့သော်လည်းပဲ ဒီလိုမျိုး မြို့ပေါ်မှာ အစည်းအဝေးလာမတက်နိုင်တဲ့ ကျေးရွာအုပ်စုတွေ အများကြီးရှိပါတယ်။ ဒီမြို့နယ်အဆင့်မှာ တာဝန်ယူတဲ့ဌာနဆိုင်ရာ အကြီးအကဲတွေကလည်းပဲ ဒီ စာရင်း၊ ဇယားတွေကို ဘယ်ကရသလဲ။ အဲဒီတော့ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကျွန်တော် ကွင်းဆင်းလေ့လာမှုမှာ ဒါတွေကို စာရင်း၊ ဇယား

ယူထားပါတယ်။ ကျွန်တော့်ဆီမှာ ဥပမိရုပ် မကောင်းတဲ့ ကျောင်းစာရင်းတွေ အများကြီး ရှိပါတယ်။ ခေတ်ပုံအထောက်အထားတွေ ရှိပါတယ်။ ဘယ်နေရာမှာ တံတားဆောက်သင့်တယ် ဆိုတာ ကျွန်တော် စာရင်း၊ ဇယား ယူထားပါတယ်။ ဒီဟာတွေ ရှိပါတယ်။ ဒီဟာတွေကို ကျွန်တော် ဦးဝင်းထွန်း ပလက်ဝ မသွားခင်ကလေးမှာ ကျွန်တော် သူ့ရဲ့ရုံးမှာသွားမယ်။ အဲဒီ စာရင်း၊ ဇယား သွားပေးမယ်၊ သွားပေးမယ်နဲ့ တစ်နာရီ လောက် နောက်ကျသွားတော့ ကျွန်တော် အဲဒါကို သူ့အချိန်မီ မပေးနိုင်လိုက်ဘူး။ သို့သော်လည်း ကျွန်တော် ့ဆန္ဒကတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပေးလိုက်တဲ့ စာရင်းတွေဟာ တကယ့်လူထုအတွက် လိုအပ်တဲ့ဟာတွေကို ပေးလိုက်တာဖြစ်တယ်။ နောင်လည်း လိုအပ်တဲ့ အချက်အလက်တွေကို ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအလှူရှင်တွေကို လှူနိုင်ဖို့ အတွက် ဒီပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေဟာ နယ်မြေရဲ့ အနေအထား အခြေအနေတွေကို ပိုသိတဲ့သူဖြစ်တယ်။ ဘယ်နေရာမှာ ဘယ်ဟာက ပိုအရေးကြီးတာ ဖြစ်တယ်။

ဒါကြောင့် လုပ်ငန်းရှင်တွေနဲ့ ဒီလိုမျိုး တာဝန်ခံအနေနဲ့ နယ်မြေကို ကွင်းဆင်းပြီးမှ ဒီ ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ပေးတဲ့အခါမှာ ဒီ လွှတ်တော်ကိုယ်စားလှယ်များနဲ့လည်းပဲ ညှိနှိုင်း ဆောင်ရွက်မယ်ဆိုရင်တော့ ပိုမိုပြီးမှ ထိရောက်မယ်လို့ ခံယူခြင်းဖြစ်ပါတယ်။ ဒါကြောင့် ညှိနှိုင်း ဆောင်ရွက်သင့်တယ်။ ဘယ်ရွာမှာ ဘယ်တံတား၊ ဘယ်ကျောင်း၊ ဥပမိရုပ်မကောင်းတဲ့ ဘယ်ကျန်းမာရေးဌာနကို ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ဟာတွေက အချင်းချင်း အကြံပြုလို့ရတဲ့ ဟာကို ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကျတော့ ဒီစောစောကပဲ တင်ပြသလို ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန် လိုအပ်ပါတယ်။ မနေ့ကပဲ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးက UNDP အဖွဲ့နဲ့ တွေ့ဆုံတဲ့အခါမှာ ပြောသွားတဲ့စကားလုံးကို ကျွန်တော် မှတ်မိပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းပြီးမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ညှိနှိုင်း ဆောင်ရွက်ဖို့ဆိုတာကို အကြံပြုသွားတာကို ကျွန်တော် ကြားသိရပါတယ်။ သတင်းစာမှာ ဖတ်ရပါတယ်။

ဒါကြောင့် ဒီ UNDP, ICRC တွေ စတဲ့ NGO, INGO တွေဟာ လုပ်ငန်းဆောင်ရွက်တဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်၊ အထူးသဖြင့်

လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အကြံဉာဏ်ကို ရယူမယ်ဆိုရင် ပိုမိုထိရောက်မယ်လို့ ထင်ပါတယ်။ ဘာလို့ ဒီလို ကျွန်တော် ပြောရလဲဆိုရင် ဥပမာအားဖြင့် ကျွန်တော်တို့ ပလက်ဝမြို့နယ်ကိုပဲ နှိုင်းယှဥ်ကြည့် ပါမယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာဆိုရင် UNDP စီမံကိန်းဟာ နှစ်ပေါင်းအကြာကြီး ဖြစ်ပါပြီ။ သို့သော်လည်းပဲ ကျွန်တော် အမှန်အတိုင်း တင်ပြရမယ်ဆိုရင် UNDP လုပ်ငန်းဆောင်ရွက်တဲ့ နေရာဟာ စက်လှေ သွားနိုင်တဲ့နေရာသာ ဖြစ်ပါတယ်။ အဲဒီတော့ စက်လှေမရောက်နိုင်တဲ့ နေရာက UNDP စီမံကိန်း မရှိပါဘူး။ ဆိုလိုတာက သူတို့က စက်လှေနဲ့သွားလို့နေရာပဲ လုပ်တယ်။ စက်လှေ သွားလို့မရတဲ့ နေရာမှာ မလုပ်ဘူး။ နောက် တခြားသော NGO တွေ ရောက်လာတယ်။ စက်လှေသွားတဲ့ နေရာပဲ လုပ်တယ်။ သွားလို့မရတဲ့ နေရာမှာ မလုပ်ဘူး။ ဒီလိုဆို ကျွန်တော်တို့ တကယ်ခက်ခဲနေတဲ့ နေရာတွေမှာ ဒီ လုပ်ငန်းတွေဟာ၊ ဒီ NGO တွေဟာ အကျိုးပြုမှု ရှိသလား။ အဲဒီတော့ ကျွန်တော် နှိုင်းယှဥ်ကြည့်တယ်။ မတူပီမြို့နယ်မှာလည်းပဲ UNDP လုပ်ငန်းရှိတယ်။ ပလက်ဝမြို့နယ်မှာ လည်း ရှိတယ်။ သို့သော် မတူပီမြို့နယ်က UNDP ဟာ ဟို နယ်စွန်းနယ်ဖျားမှာ ရှိတဲ့ ရေပေးဝေရေးလုပ်ငန်းတွေကို သူတို့ကတောထဲ၊ တောင်ထဲ ဆင်းပြီးမှ လုပ်တယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ကျတော့ ဒီလိုမျိုးမရှိပြန်ဘူး။ အဲဒီတော့ သူတို့ရဲ့ Project ထဲမှာ ဘာကွာခြားလဲ ဆိုတာတော့ ကျွန်တော်တော့ ပြောလို့မရဘူး။ ကျွန်တော် ဆိုလိုခြင်းကတော့ တကယ့်လိုအပ်တဲ့ နေရာမှာ၊ အရေးတကြီးလိုအပ်တဲ့နေရာမှာ၊ ရေလိုအပ်တဲ့ နေရာမှာ၊ အစားအစာ ပြတ်လပ်တဲ့ နေရာမှာ ထိရောက်စွာ ကူညီပေးနိုင်ဖို့ လိုအပ်ခြင်းကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

ဒီလိုမှ မဟုတ်ရင်တော့ စက်လှေရောက်တဲ့နေရာမှာပဲ သွားမယ်။ ကားရောက်နိုင်တဲ့ နေရာမှာပဲ သွားမယ်ဆိုရင် ဟိုအဖွဲ့လည်း ကားနဲ့သွားတယ်။ ဟိုအဖွဲ့လည်း စက်လှေနဲ့ပဲ သွားမယ်ဆိုရင် ကျန်တဲ့ လမ်းလျှောက်ပြီးမှ ခြေလျင်ခရီးသွားတဲ့ နေရာတွေက ဘယ်အဖွဲ့အစည်း ပဲ လာလာ၊ ဘယ် NGO ပဲလာလာ ဘယ်တော့မှ စားရမှာ မဟုတ်ဘူးဆိုတာ သူတို့ရဲ့ အခက်အခဲကို ကျွန်တော် ဒီနေရာမှာ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး UNDP ဖြစ်စေ၊ ICRC ဖြစ်စေ၊ NGO များကို အစိုးရ အနေနဲ့ ဒီလိုမျိုး ခက်ခဲတဲ့နေရာမှာ စေလွှတ်တဲ့နေရာမှာ ဒီလိုမျိုး စောစောက တင်ပြတဲ့ ကိန်းဂဏန်းပေါ်မှာ အခြေခံပြီးမှတကယ် ခက်ခဲတဲ့ နေရာကိုပဲ ရွေးချယ်ပေးသင့်တယ်။ နှစ်ထပ်ကွမ်း အကူအညီ ရတာမျိုးထက် ဝေါ်ပြတ်တဲ့သူဟာ တစ်နပ်စား

ရရင်လည်း ပိုပြီးမှ သင့်မြတ်ပါတယ်။ ပိုပြီးမှ အဆင်ပြေပါတယ်လို့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီတော့ နောက်တစ်ခု ကျွန်တော်တင်ပြလိုတာကတော့ချင်းပြည်နယ်ရဲ့ ဆင်းရဲမှု အခြေခံအကြောင်းအရင်းဟာ တကယ်ကျတော့ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ဖြစ်ပါတယ်။ ဒီ ရွှေ့ပြောင်းတောင်ယာစနစ်ကို ပပျောက်ဖို့အတွက် ခေတ်အဆက်ဆက်က အစိုးရတွေလည်း ကြိုးပမ်းခဲ့ပါတယ်။ ကြိုးပမ်းတဲ့အပေါ်မှာ ကျွန်တော် သုံးသပ်ကြည့်မယ်ဆိုရင်တော့ တောင်ယာ မခုတ်ရ အမိန့်စာ ထုတ်တာ၊ တောင်ယာ မီးမရှို့ရ ဒါပဲ ကျွန်တော် တွေ့လိုက်တယ်။ ဒီတောင်ယာကို မခုတ်ရရင် ဒီလူတွေ ဘာစားမလဲ။ တောင်ယာ မခုတ်ရရင် ဆန် ဝယ်ဖို့က ဆန် က ဘယ်မှာ ရှိသလဲ။ သူတို့ရွာမှာ ဆန်ရောက်သလား။ အဲဒီတော့ လမ်းလည်းမရှိ။ ဆန်လည်း ဝယ်စရာမရှိဘဲနဲ့ တောင်ယာမခုတ်နဲ့ ဆိုရင်တော့ ထမင်းမစားနဲ့ဆိုတာနဲ့ အတူတူ ဖြစ်ပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ဘယ်လို တိုက်ဖျက်မလဲ။ တစ်ခါတည်း တောင်ယာ မခုတ်နဲ့ဆို အမိန့်စာ တစ်ခုထုတ်ရုံနဲ့ ဘယ်လိုမှ မပြီးပြတ်နိုင်သလို အောင်မြင်မှုလည်း မရှိနိုင်ပါဘူး။ အဲဒီတော့ ဒီဟာကို ပပျောက်နိုင်ဖို့အတွက် လိုအပ်တဲ့ အစီအမံတွေ၊ စီမံချက်တွေ၊ စီမံကိန်းတွေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်နဲ့ သင့်တော်မယ့် ကုန်းမြင့်လယ်ယာလုပ်ငန်းတွေ၊ ဥယျာဉ်ခြံလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့အတွက် လုပ်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အစိုးရကဏ္ဍအနေနဲ့ စံပြဥယျာဉ်ခြံ လုပ်ငန်းတွေကို တည်ထောင်ပေးဖို့ လိုပါတယ်။

အဲဒီတော့ ချင်းပြည်နယ်မှာ သင့်တော်တဲ့ ဖြစ်ထွန်းနေတဲ့ ရှေးရှေးက ကျွန်တော်ရှေ့က ဆွေးနွေးသွားကြတဲ့ “ဝ”ဥတို့၊ နောက်တစ်ခါ ကွမ်းစားဂမုန်းတို့၊ ကျွန်းသစ်တို့ ဒီဟာတွေကို စိုက်ပျိုးဖို့၊ အပင်တွေကို စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ “ဝ”ဥ ဟာ အင်မတန်မှ တန်ဖိုးလည်းကြီးမား လုပ်ရကိုင်ရတာလည်း လွယ်ကူတဲ့ အပင်တစ်မျိုး ဖြစ်ပါတယ်။ စီးပွားဖြစ်တဲ့ အပင်တစ်မျိုးဖြစ် ပါတယ်။ ဂျပန်နဲ့ တရုတ်က အများဆုံး ဝယ်တဲ့အခါကျတော့ ဒေသခံ ပြည်သူများအတွက် အလုပ်ဖြစ် ပါတယ်။ ဒါကြောင့် ဒီ “ဝ”ဥ လုပ်ငန်း လုပ်ကိုင်နိုင်ဖို့အတွက် နောက်တစ်ခါ ပလက်ဝမြို့နယ်မှာ ဆိုရင် အရင်က သူတို့ရဲ့ လူမှုဘဝကို လုံးဝပြောင်းလဲစေတဲ့ ကွမ်းစားဂမုန်း ဖြစ်ပါတယ်။ ဒီ ဂမုန်းဟာ ဂျင်းအတက်လောက်ပဲ ရှိပါတယ်။ သို့သော်လည်းပဲ တရုတ်က ဝယ်ပါတယ်။ ဒီတရုတ်က ဝယ်တဲ့ အခါကျတော့ ဈေးကောင်းကောင်းနဲ့ရတယ်။ ဒါနဲ့ ချမ်းသာတဲ့

သူတွေ ရှိသလို ဒါနဲ့ စားဝတ်နေရေး ပြေလည်သွားတာလည်း အများကြီးရှိပါတယ်။ အဲဒီတော့ တစ်ဖက်က ကျွန်တော် တင်ပြလိုတာက ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ပြီးမှ တစ်ဖက်က အဲဒီ ဥယျာဉ်ခြံထဲမှာ ကျွန်းပင်တွေစိုက်၊ ကွမ်းစား ဂမုန်းလည်း စိုက်၊ "ဝ"ဥ လည်းစိုက်၊ ငှက်ပျောပင်လည်း စိုက် ရောနှောပြီးမှ သီးညှပ်သဘောနဲ့ စိုက်လို့ ဖြစ်ထွန်းအောင်မြင်မှု ရရှိနိုင်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက်က တစ်ဖက်က ကျွန်းသစ်ဥပဒေတွေလည်း အများကြီးရှိတဲ့အတွက်ကြောင့် အကန့်အသတ်တွေ ရှိပါတယ်။ ကျွန်းသစ်ကို စိုက်ဖို့အတွက်၊ ဒီမြေကိုပိုင်ဖို့အတွက် လုပ်ရကိုင်ရတာမှာ အင်မတန် ခက်ခဲတာရှိ ပါတယ်။

ဒါကြောင့် ကျွန်းသစ်နဲ့ဆိုင်တဲ့ ဥပဒေတွေကလည်း သီးသန့် နိုင်ငံတော်က အသစ်ပြဋ္ဌာန်း မယ်ဆိုရင်တော့ အင်မတန် သင့်လျော်မယ်လို့ ထင်ပါတယ်။ အိန္ဒိယနိုင်ငံမှာဆို လူတိုင်းက ကျွန်းသစ်ကို စိုက်နေပါပြီ။ လူတိုင်းစိုက်တဲ့ ကျွန်းသစ်ကို လူတိုင်းကလည်း ရောင်းနိုင်ပါတယ်။ ဒီဟာမျိုးကိုလည်း ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု၊ တောင်ယာစနစ် ပပျောက်ဖို့ အတွက် အင်မတန်မှ အရေးကြီးလို့ ကျွန်တော် ဒီနေရာမှာ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ပြီးတော့ ချင်းပြည်နယ်မှာ ဖြစ်ထွန်းအောင်မြင်နေတဲ့ နွားနောက်တို့၊ ဆိတ်တို့၊ ဝက်တို့ မွေးမြူရေးကို ဆက်လက်ပြီးမှ ဦးစားပေး ဆောင်ရွက်စေသင့်ပါတယ်။ ဒီနေရာမှာ ရှေ့က ဆွေးနွေးသွားကြသလို နွားနောက်အတွက် ချေးငွေပေးခြင်းဟာ မသင့်တော်ပါဘူး။ ကျွန်တော်လည်း ဒီ မသင့်တော်ဘူး ဆိုတာကို ထောက်ခံတယ်။ ဘာလို့လဲဆိုတော့ နွားနောက် ဆိုတာ ဈေးကြီးတယ်။ အဲဒီတော့ ချေးငွေဆိုတာ တစ်နှစ်အတွင်းမှာ ပြန်ဆပ်တာမျိုး ဖြစ်တဲ့ အတွက်ကြောင့် တစ်နှစ်ပြည့်ရင်လည်း နွားနောက်ဆိုတာ ရောင်းလို့မရသေးပါဘူး။ (၃)နှစ်၊ (၄)နှစ် မှ ရောင်းလို့ရတဲ့အတွက်ကြောင့် အခက်အခဲရှိပါတယ်။

အဲဒါကြောင့် ဒီ နွားနောက်အစား ဆိတ်တို့၊ ဝက်တို့အတွက် မွေးမြူရေးအတွက် ချေးငွေတွေ ထုတ်ပေးမယ်ဆိုရင် ပိုပြီးမှ အဆင်ပြေမှာ ဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်အထိကတော့ ကျွန်တော်တို့ ပလက်ဝမြို့မှာဆိုရင် ဘယ်ချေးငွေမှ အစိုးရဆီကလည်း ချေးလို့ရတာမျိုး မကြားသေး ပါဘူး။ ချေးလည်း မချေးသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ချင်းပြည်နယ်မှာ မြို့နယ်တိုင်းတွေမှာလည်း တောင်သူတွေ အဆင်ပြေအောင် နိုင်ငံတော် ဒေသအသီးသီးမှာ ဖန်တီးပေးတဲ့ ချေးငွေ တွေကိုလည်း ရရှိနိုင်ဖို့အတွက် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်တော် တင်ပြလိုတာက လတ်တလော အမြန်ဆောင်ရွက်သင့်တဲ့

လုပ်ငန်းစဥ်ကို ကျွန်တော် တင်ပြလိုပါတယ်။လတ်တလော လိုအပ်တဲ့ ကျွန်တော် ခုနတင်ပြတဲ့ ဈေးငွေဖန်တီးပေးဖို့ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီလို ဆင်းရဲနွမ်းပါးမှု လျော့နည်းတဲ့နေရာဟာ တကယ်ကျတော့ ဝေးလံခေါင်သီတဲ့ နေရာဖြစ်တဲ့အခါကျတော့ အစိုးရဝန်ထမ်းဘက်ကလည်း အများကြီး မူတည် ပါတယ်။ ပညာမတတ်တော့ လုပ်စရာကိုင်စရာ အသိပညာနည်းလို့ ဆင်းရဲတာလည်း အများကြီးပါတဲ့အတွက်ကြောင့် အထူးသဖြင့် ကျောင်းဆရာတွေ ကိုယ့်နေရာကို မြဲဖို့လိုအပ်ပါတယ်။ ကျန်းမာရေး ဝန်ထမ်းတွေ ကိုယ့်နေရာရောက်ဖို့လိုပါတယ်။

အဲဒီတော့ အုပ်စုစာရေးတွေ ကိုယ့်နေရာကိုယ်ရောက်ဖို့လိုပါတယ်။ ကျွန်တော် စောစော က တင်ပြသလို စာရင်းဇယားတွေက သူတို့ကနယ်ကို မရောက်ဘူး။ တကယ့်တာဝန်ကျတဲ့ နေရာ မရောက်တဲ့အတွက်ကြောင့်စားပွဲပေါ်မှာ လုပ်သွားတဲ့အတွက်ကြောင့် ကိန်းဂဏန်းတွေ မမှန်ကန်ဘူး။ ဒါကြောင့် ကျွန်တော်တို့လက်ရှိ ပလက်ဝအနေအထားက ကျန်တဲ့နေရာနဲ့ မတူဘဲနဲ့ ပြည်နယ်က ဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေကလည်း အရောက်အပေါက်နည်းတယ်၊ နိုင်ငံတော်အကြီး အကဲတွေလည်း အရောက်အပေါက် နည်းသေးတဲ့ အတွက်ကြောင့် ဒီလိုကိန်းဂဏန်းတွေဟာ အမှန်တွေရရှိဖို့ ခက်ခဲတယ် ။ဒါကြောင့် ဒီ ကိန်းဂဏန်း အမှန်တွေ ရရှိဖို့အတွက်လည်း ဝန်ထမ်းတွေလည်း နေရာမှာမြဲဖို့လိုပါတယ်။ တချို့ကျတော့ အဝင်ပြတယ်၊ ပြန်သွားတယ်။ ဘယ်သူမှ ဒီဟာကို တိုင်ဖို့ အတွက်လည်း၊တောဖို့အတွက်လည်း ခက်ခဲတဲ့ အတွက်ကြောင့် ဘယ်သူမှ ဆက်လက် မလုပ် ဆောင်တဲ့ အတွက်ကြောင့် ပြည်သူတွေဟာ နစ်နာတယ် ဆိုတာကိုလည်း ကျွန်တော်အရေးတကြီး တင်ပြလိုခြင်း ဖြစ်ပါတယ်။ နောက်ဆုံး အနေနဲ့ တစ်ချက်ကတော့ နိုင်ငံသားကတ်တွေလည်း ပြုလုပ်ပေးဖို့လို အပ်ပါတယ်။ နိုင်ငံသား ကတ်တွေဟာ မိုးပွင့်စီမံကိန်းနဲ့လုပ်တယ်ဆိုတာဟာ မြို့ပေါ်မှာ အဝေးကြီးလာရတဲ့ အခါကျတော့ ခရီးစရိတ်က သုံးသောင်း၊ လေးသောင်းကုန်ပါတယ်။ မြို့ပေါ်မှာ တစ်ရက်ထဲနဲ့မပြီးနိုင်ဘူး။ သတ်မှတ်ချက် ရှိတဲ့အခါကျတော့ သူတို့က နည်းမျိုးစုံနဲ့ ချည်းကပ်မှ သူတို့က တစ်ရက် အတွင်းပြီး လုပ်တယ်။ ခြောက်ထောင်၊ ခုနှစ်ထောင်ပေး ရတယ်။

သူတို့ကမပေးနဲ့ဆိုလည်းသူတို့ကမရဘူး။ မပေးရင်ပိုဆိုးမယ်။ ဘာလို့လဲဆိုတော့ မပေးရင်အိမ်တစ်ခါပြန်မယ်။ တစ်သောင်း၊ နှစ်သောင်းကုန်မယ်၊ ခြောက်ထောင်ပေးရ တာသက်သာတယ်။ အိမ်ပြန်ရင် တစ်သောင်းကုန်မယ်၊ နှစ်သောင်းကုန်မယ်။ အဲဒါကြောင့်မို့

သူတို့ ကတော့ပေးရတယ်။ မပေးနဲ့ပြောလည်းမရဘူး။ အဲဒီတော့ ဒီဟာတွေကိုလည်း နိုင်ငံတော် အစီအစဉ်နဲ့ နယ်ကိုဆင်းပြီးတော့မှ မှတ်ပုံတင်တွေလုပ်ပေးမယ်ဆိုရင် သူတို့အတွက်ဆင်းရဲတဲ့ ကြားထဲက နည်းနည်းလေးတော့သက်သာရမယ်လို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ နောက်ဆုံး အနေနဲ့ တစ်ခုကတော့ သောက်သုံးရေလုံလောက်ဖို့အတွက် နေရာတကာမှာ လိုအပ်တဲ့ နေရာမှာ သောက်သုံးရေတွေကိုဖန်တီးပေးဖို့ လိုပါတယ်။ တချို့ရွာတွေမှာ သောက်သုံးရေက မလုံလောက်တဲ့ အခါကျတော့ ရောဂါဘယထူပြော၊ ရွာတွေအခြေအနေတွေ ကလည်း မတည်မြဲတဲ့အတွက်ကြောင့် ဟိုပြောင်းလိုက်၊ ဒီပြောင်းလိုက်ဖြစ်ပြီးမှ သောက်သုံးရေတွေက မလုံလောက်တဲ့ အခါကျတော့ ခက်ခဲမှုရှိပါတယ်။

ဒါကြောင့် ကျွန်တော်ချုပ်ပြီးမှ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်ဆည်းဖို့အတွက်၊နောက်တစ်ခါ ဆင်းရဲမှုလျှော့ချဖို့အတွက် အာဏာပိုင် အဖွဲ့အစည်းကလည်းပဲ ဒေသန္တရအခြေအနေနဲ့ ရင်းနှီးဖို့လိုအပ်ပါတယ်။ နိုင်ငံတော် အကြီးအကဲ ပုဂ္ဂိုလ်များ ကလည်း တစ်ခါ တစ်ရံကျတော့ ကျွန်တော်တို့လို ခက်ခဲတဲ့ဒေသမှာ လာရောက်ပြီး ကြည့်ရှုကြမယ် ဆိုရင်တော့ ပြည်သူတွေကကြိုဆိုကြမှာဖြစ်ပါတယ်။ ထိုနည်းတူ လုပ်ငန်းရှင်များ ကလည်း ဒေသန္တရအခက်အခဲတွေကိုလည်း ဗဟုသုတအဖြစ်သော် လည်းကောင်း၊ ကူညီလိုသော စေတနာဖြင့်သော် လည်းကောင်း၊ လာရောက်ကြည့်ရှုပြီးမှ ပံ့ပိုးပေးမယ် ဆိုရင်တော့ ပြည်သူများ အားလုံးကလည်းပဲ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြမှာ ဖြစ်တဲ့အကြောင်း ကျွန်တော်နိဂုံးချုပ် တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင် ဦးဟာရှိန်းဘွေက အနိမ့်ဆုံးနဲ့အမြင့်ဆုံး၊ ဦးဟာရှိန်းဘွေ၊အမှန်တော့ဟုတ်ပါတယ်။ ကျွန်တော်လည်းစောစောတည်းက သတိထားမိတယ်။ တကယ်တော့ ဟိုဟာဖြစ်ရမှာ။ အမြင့်ဆုံးဖြစ်ရမယ့်ကိစ္စ။ အဲဒီတော့ ပြင်ဖို့အတွက်ကိုခုန အဆိုပြော သွားတယ်။ ခင်ဗျား သဘောထားပြောပါ။

**အချိန်၊ ၁၅း၀၂။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ သုံးနေကြတဲ့ အတိုင်း ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးလို့သုံးတာ၊ အဲဒီလို အနိမ့်ကျဆုံးလို့သုံးတာ၊ အဓိပ္ပာယ်ကတော့ မထူးပါဘူး။ အဓိပ္ပာယ်အတူတူပါပဲ။

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၃။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒီအစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေရဲ့ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာ ထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ရန် အဆိုကို တင်ပြထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ခုနအဆိုရှင်ပြောတဲ့အနိမ့်ကျဆုံးဆိုတာ ကျွန်တော့်အနေနဲ့ ကျွန်တော်ရဲ့ ထင်မြင်ချက် ကတော့ ကိန်းဂဏန်းနဲ့တွက်လို့ရရင် ရာခိုင်နှုန်းနဲ့သတ်မှတ်ရင်တော့ အမြင့်ဆုံးဖြစ်နိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်။ စာအရေး အသား မြန်မာဝေါဟာရနဲ့ဆိုရင် ကျွန်တော် အနိမ့်ကျဆုံးလို့ ကျွန်တော် ယူဆပါတယ်။ နောက် အဆိုရှင်ကဒီမှာ နိုင်ငံတော်နဲ့အတူ ပြည်ပတိုင်းရင်းသား အဲပြည်ပလုပ်ငန်းရှင်ကြီးများ စကားလုံးလေးလည်း ထည့်ပေးပါဦးဆိုလို့ ကျွန်တော် အဲဒါကိုထပ်ပြီးတော့ ထည့်ပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ရဲ့ ပထဝီအနေ အထားကတော့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကတော့လေ့လာသိရှိပြီးသား ဖြစ်မှာ

ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသရဲ့လိုအပ်ချက်အရဆိုရင် အလိုအပ်ဆုံးက လမ်းပန်းဆက်သွယ်ရေးတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးကောင်းရင် ကုန်စည်စီးဆင်းဖြန့်ဖြူးမှု ချောမွေ့အောင်မြင်မယ်။ လိုရာခရီးပေါက်ရောက်မယ်။ ဒီလမ်းခရီးဟာ ကျွန်တော်တို့ ရှေးတိုင်းရင်းသားတွေအတွက် ကျွန်တော်တို့ ငွေအင်အားနဲ့ လူအင်အားနဲ့ ဖောက်လို့ရမယ့် နေရာမျိုး မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ စောင့်ရှောက်မှု၊ နိုင်ငံတော်ရဲ့ စောင့်ရှောက်မှုကို ကျွန်တော်တို့က အစဉ်အမြဲမျှော်လင့်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ချင်းပြည်နယ် ဒေသမှာ လမ်းခရီးအဖြစ် ကုန်းလမ်းခရီးတစ်ခုပဲ ရှိပါတယ်။ ထွက်ပေါက်ကုန်းလမ်းနဲ့ပဲ ကျွန်တော်တို့က အသက်မွေးကြောင်းလုပ်နေရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကုန်းလမ်းခရီးကို ကျွန်တော်တို့ ငွေအင်အား၊ လူအင်အား နဲ့မနိုင်တဲ့အတွက် နိုင်ငံတော်ကနေ ဦးစီးဦးဆောင်ပြီးတော့ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၊ နောက်ပြီးတော့ ပြည်ပလုပ်ငန်းရှင်ကြီးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှ ဒီလုပ်ငန်းကြီးတွေ အောင်မြင်မယ်လို့ ကျွန်တော်ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ချင်းပြည်နယ်မှာရှိတဲ့၊ ကျွန်တော်တို့မြို့နယ်၊ တွန်းဇံမြို့နယ်ရဲ့ ဖြစ်စဉ်လေးတစ်ခုနဲ့ ကျွန်တော် တင်ပြပါရစေ။ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း လုပ်ဆောင်နေတဲ့အချိန် ၂၀၁၀-၂၀၁၁ ခုနှစ်သစ်တောကြိုးဝိုင်း၊ ကြိုးပြင်တွေကို ကျူးကျော်ဝင်ရောက်ပြီးတော့ သစ်တောတွေကို ခုတ်ထွင်၊ ခုတ်လှဲပြီးတော့ မူးယစ်ဆေးဝါးဖြစ်တဲ့ ဘိန်းအကြီးအကျယ်စိုက်ပျိုးသဖြင့် သစ်တောပြုန်းတီးရေးသာမက ကျေးလက်နေပြည်သူများ မူးယစ်ဆေးဝါးသုံးစွဲပြီး သုံးစွဲသူများပြားလာသဖြင့် ကျွန်တော်တို့ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးမှ မြို့နယ်စီမံချက်များရေးဆွဲပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်နဲ့ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းပြီးတော့ စစ်ကြောင်း ငါးကြောင်းဖြင့် ဘိန်းခင်းနှိမ်နင်း တိုက်ဖျက်ရေးပြုလုပ်ပြီးတော့ ဘိန်းခင်းဧက (၁၂၇) ဧကဖျက်ဆီး နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီဘိန်းခင်းများဟာ ဘယ်လိုပဲ ဖျက်ဆီးဆီး အမြစ်မပျောက်ဘဲ ကျေနပ်ဖွယ်ရာ မရှိဘဲ ကျန်ရှိနေပါတယ်။

ဒီလိုကျန်ရှိနေသေးတဲ့ အကြွင်းအကျန် အပင်များရှိနေသေးတဲ့အတွက် ဆက်လက်ပြီးတော့ ရှင်သန်မှာကိုလည်း ကျွန်တော်တို့ စိုးရိမ်နေရပါတယ်။ ဒါကြောင့် ဒီလိုဘိန်းစိုက်မယ့်နေရာ

ဘိန်းခင်းအစား နှစ်ရှည်သီးပင်များဖြစ်တဲ့ ပိုးစာပင်ဖြစ်စေ၊ 'ဝ" ဥပင်ဖြစ်စေ ကျွန်တော်တို့ဒီလို အစားထိုးပြီး စိုက်လိုက်ရင် ဘိန်းခင်းတွေပပျောက်ပြီးတော့ မူးယစ်ဆေးဝါးသုံးစွဲသူလည်း ကင်းရှင်း ပြီးတော့ မိသားစုပြဿနာတွေ၊ လူမှုရေးပြဿနာတွေ လျော့ပါးလာမှာဖြစ်ပါတယ်။ ဒါမှ ဒေသဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဧကန်အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ဒေသ တစ်ခုချင်းရဲ့ ရေ၊မြေ၊တော၊တောင် ရာသီဥတုနဲ့ သင့်လျော်ကိုက်ညီတဲ့ နှစ်ရှည်သီးပင်၊ စားပင်များ၊ အမှန်တကယ် စီးပွားအကျိုးဖြစ်ထွန်းမယ့် အပင်များကိုစိုက်ပျိုးခြင်းဖြင့်ဝင်ငွေရရှိမှာ ဖြစ်ပါတယ်။ ဥပမာဆိုရင် မင်းတပ်၊ ကန်ပက်လက်မြို့ တွေမှာဆိုရင် အခုဖြစ်ထွန်းတဲ့ 'ဝ" ဥတွေ၊ ဘာတွေ စိုက်လိုက်ရင် အမှန်ပင် ကျွန်တော်တို့ ဖြစ်ထွန်းပြီးတော့ အောင်မြင်မှုရရှိမှာဖြစ် ပါတယ်။ ထို့အတူ မြောက်ပိုင်းမှာရှိတဲ့ တီးတိန်၊ တွန်းဇံမှာ ဆိုရင် အရင်က ကျွန်တော်တို့ အရင်ကခေတ်အဆက်ဆက် က စိုက်ပျိုးခဲ့တဲ့ ပိုးစာပင်၊မျောက်ငိုပင် စတဲ့အပင်တွေကို စိုက်ပျိုးရင် အောင်မြင်မှုများစွာ ရရှိမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီး နားချင်းနိုင်ငံများ ရင်ဘောင်တန်းနိုင်ရန်အတွက် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြို့နယ်အဆင့်မှစ၍ ကော်မတီများဖွဲ့စည်း ရေးဆွဲ ဆောင်ရွက်လျက်ရှိနေပါတယ်။ မြို့နယ်တစ်နယ်ရဲ့ အကျယ်အဝန်း၊လူဦးရေအချိုးအစားနဲ့ ပြည်သူတို့ရဲ့ နေမှုထိုင်မှုလိုအပ်ချက်၊ ပြည်သူတို့ရဲ့ စားသုံးမှုလိုအပ်ချက်နဲ့၊ အလုပ်အကိုင် အခွင့် အလမ်းများ လိုအပ်ချက်တို့အတွက် လယ်ယာမြေ၊ တောင်ယာမြေများ၊ နှစ်ရှည်သီးပင် စိုက်ခင်း ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းများ၊ သစ်တောသဘာဝပတ်ဝန်းကျင်နဲ့ ပြည်သူတို့ရဲ့ သောက်သုံး ရေလိုအပ်ချက်၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေနဲ့၊ ပြည်သူတို့ရဲ့ သွားရေး လာရေး လိုအပ်ချက်၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်း ဝယ်ရေးစတဲ့ ပြည်သူတို့ရဲ့ လိုအပ်ချက်ကိစ္စအဝဝကို ဖြည့်ဆည်းနိုင်ရန် အတွက်မြို့ရွာဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းပါအရ မြေအသုံးချမှုဝါဒနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေး တို့ဖြင့် စနစ်တကျစီမံ ဆောင်ရွက်မှသာ မြို့ပြနေပြည်သူများနဲ့ ကျေးလက်နေ ပြည်သူတို့၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ လက်တွေ့ကျကျဆောင်ရွက်ပါကမြို့ပြ ကျေးလက်နေ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက် လာမည်ကို မျှော်လင့်သုံးသပ် မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ရဲ့ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ကျပ်ငွေ သန်းပေါင်း သုံးထောင်ကို ကူညီပံ့ပိုးပါသဖြင့် များစွာကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အတွက် ပံ့ပိုးငွေဖြင့် ဆိုင်ကယ်လမ်းလေးတွေ ဖောက်လုပ်ပေးပါတယ်။ သောက်သုံးရေအတွက် စိမ့်စမ်းရေတွေသွယ်ဖို့ ပံ့ပိုးပါတယ်။ နောက်ပြီးတော့ ကျေးလက်ဒေသ အတွက် ကျေးရွာချင်းဆက် ကျွန်တော်တို့ လမ်းတွေ၊ ဘာတွေဖောက်ပေးပါတယ်။ နောက်ပြီးတော့ ချောင်းကူးတံတားတွေ၊ ကြိုးတံတားတွေလည်း ဆောက်ပေးပါတယ်။ နောက်ပြီးတော့ ကျောင်းမှာ ဆိုရင် ကျောင်း၊ ပညာရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ဥပဓိရုပ်မကောင်းတဲ့ ကျောင်းတွေကိုလည်း ဆောက်ပေးပါတယ်။ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးဆေးပေးခန်းတွေလည်း ဆောက်ပေးပါတယ်။

ဒီလိုနဲ့ ပံ့ပိုးတဲ့အတွက် သိသိသာသာလေးကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက် လာပါတယ်။ ချင်းပြည်နယ်တစ်ခုလုံးမှာ လူတန်းစားအများစုနေထိုင်တဲ့ ကျေးလက်ဒေသများရဲ့ ဖွံ့ဖြိုး တိုးတက်မှုဟာ အလှမ်းကွာဝေးနေဆဲဖြစ်ပါတယ်။ မီဒီယာများမှကျေးလက်ဒေသများသို့ အရောက်အပေါက် နည်းလှ ပါတယ်။ ကျွန်တော်တို့ရဲ့ဒေသကို ဖိတ်ခေါ်လျက် လာရောက် ဖြတ်သန်းကြည့်မယ်ဆိုပါက မြို့ပြထက်ကျေးလက်ဒေသများမှာ အမှောင်လွှမ်းဆဲ ဖြစ်နေပါတယ်။ ကျေးလက်မှာ ညအလင်း ရောင်မရှိခဲ့ခြင်းမှာ အစဉ်အဆက် အဆန်းမဟုတ်တော့ပါ။ ကျွန်တော်တို့ ဒေသရှိမြို့နယ် တချို့နဲ့ မြို့နယ်ခွဲမှာလည်း ရေအားလျှပ်စစ်၊ ဓာတ်အား၊ မီးလုံလောက်စွာဖြန့်ဖြူးပေးနိုင်ခြင်းမရှိ၊ ချင်းပြည်နယ်အစိုးရရဲ့တင်ပြချက်၊ တင်ပြချက်မှာ နယ်မြေအခြေအနေအရ လုပ်ဖို့အခွင့်အလမ်း မသာသေးကြောင်း၊ အခုလမ်းပွင့်လာပြီး လုပ်ပိုင်ခွင့်ရဖို့ပဲ လိုပါတယ်လို့ သိရှိရပါတယ်။ ကျေးလက် ဒေသအများစုဟာ အခုအထိ လျှပ်စစ်မီးရဖို့လက်လှမ်းမမှီသေးတဲ့ အခြေအနေမှာ ရှိနေပါကြောင်း၊ ဘတ်ဂျက်တွေချပေးပြီး လုပ်ပိုင်ခွင့်တွေပေးရင် အမြန်ဆုံးဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါ ကြောင်း၊ ကျေးလက်နေ ပြည်သူတို့မှာနေသာသော်လည်း ပညာအလင်း မရှိခဲ့ခြင်းမှာမူ အနာဂတ် အတွက် ရင်လေးစရာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြို့ပြကျေးလက်ပြောင်းလဲလိုပါတယ်။ ကျေးလက်ဒေသနဲ့ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို အချိန်ယူဆောင်ရွက်ရမည်လုပ်ငန်းဖြစ်၍

ဆိုဖွယ်ရာမရှိပါ။ သို့သော် ကျေးလက်ဒေသ အသိအမြင်၊ ပညာ၊ အမြင်တိုးတက်ခြင်း၊ တိုးတက်မြင့်မားရေး အပြောင်းအလဲမှာမူ အလျင်စလို လိုအပ်နေပြီဟု ရှုမြင်သုံးသပ်ပါတယ်။ မျက်စိမပွင့်၊ နားမပွင့် နေသေးသော မြို့ပြ၊ကျေးလက်နေပြည်သူများ၏ ဘဝရပ်တည်ရေး၊ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့နဲ့ အသိအမြင်၊ အသိပညာ၊ ဆင်ခြင်ဖွယ်ရာ အသိနည်းပါးသောအခါ မဖြစ်သင့်၊ မဖြစ်သင့်ထိုက်သည်များ ဖြစ်ပွားတတ်သည်ကို အမြင်များသူများ မြင်သိကြသည် ဖြစ်ပါတယ်။ အသိအမြင်များသူတို့ မြင်သိသောအခါ ဂရုဏာသက်ခြင်း၊ သင်ခန်းစာရခြင်းတို့မှာ မြို့နေ လူတန်းစားများသာ ဖြစ်ပါတယ်။ ထို့ကြောင့် ကျေးလက်ဒေသရဲ့ အနာဂတ်အသိအမြင် ဗဟုသုတ တိုးပွားရေးအတွက် ကျေးလက်ပညာရေး ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍတို့ကို မြှင့်တင်ပေး ကြရန် လိုအပ်ပါတယ်။ မြို့ပြကျေးလက်လူမှုစီးပွားရေး ဘဝမြင့်မား တိုးတက်ရေးအတွက် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု ပပျောက်ရေးစီမံချက်ပါ အတိုင်း အလေးအနက်ထား၍ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးဖို့ အကြံပြုဆွေးနွေးလိုပါတယ်။

ချင်းပြည်နယ် ဒေသတစ်ခုလုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများဟာပြည့်စုံအောင်ဖြည့်ဆည်းပေးခြင်း၊ ပြည်သူများစိတ်ဝင်စားမှုရှိသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်စိုက်ခင်းများ၊ စီးပွားဖြစ် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းကြီးများ၊ စက်ရုံစုကြီးများထူထောင်ပေးနိုင်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေးချောမွေ့စေခြင်း၊ အသိပညာ၊ အတတ်ပညာဆိုင်ရာ အခွင့်အလမ်း ဖန်တီးပေးခြင်း၊ ပြည်သူတို့၏အခက်အခဲများ ဖော်ထုတ်ဆွေးနွေးပေးနိုင်ခြင်း၊ အောက်ခြေ အဆင့်တွင် ဖြေရှင်းပေး နိုင်ခြင်းများကို ချက်ချင်းဖြေရှင်းပေးနိုင်ခြင်းဖြင့် ဒီမိုကရေစီကျင့်စဥ်နဲ့ အညီ နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း စတဲ့အကျိုးတရားများ ရရှိလာလိမ့်မယ်ဟု သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ပိုးမွေးမြူရေးလုပ်ငန်းအကြောင်းနဲ့အကြောင်းအရာလေး တင်ပြပါရစေ။ ချင်းပြည်နယ် တွန်းဇံမြို့နယ်ဟာ အခြေခံပထဝီနဲ့ဒေသရာသီဥတု အခြေအနေ အရ ပိုးစာပင်စိုက်ပျိုးရေး၊ ပိုးမွေးမြူရေးလုပ်ငန်းနဲ့ လိုက်လျောညီထွေမှုရှိသဖြင့် ၁၉၅၀ ခုနှစ်မှ ၁၉၅၆ အထိစက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှလည်းကောင်း၊ ၁၉၅၆ ခုနှစ်မှ

၁၉၉၂ ခုနှစ်အထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၉၃-၉၄ ခုနှစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ယခု စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဝါနဲ့ပိုးချည်ပညာပေး နဲ့နည်းပညာ ဖွံ့ဖြိုးရေးဌာနခွဲမှ ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးလုပ်ငန်းများကို လွှဲပြောင်းတာဝန်ယူခဲ့ ပါတယ်။ တွန်းဇံမြို့နယ်ရဲ့ ပိုးအိမ်ထုတ်လုပ်မှုမှာ ၂၀၀၀-၂၀၀၁ ခုနှစ်အထိ ပိုးအိမ် ၁၇၈၆၆ ပေါင် အထိ တိုးတက်ထုတ် လုပ်နိုင်ခဲ့သော်လည်း နောက်ပိုင်းထုတ်လုပ်မှုမှာ စရိတ်မြင့်မား၍ အမြတ်အစွန်းနည်း၍ ပိုးအိမ်ထုတ်လုပ်မှုများ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် တွန်းဇံမြို့နယ်ရဲ့ ပိုးအိမ်ထုတ်လုပ်ရေး လုပ်ငန်းပြန်လည် ရှင်သန်တိုးတက် ရေးအတွက် ပြင်ဦးလွင်စက်ရုံမှ ပိုးချည်ရစ်စက် ၂၆ စက်နဲ့ ပိုးချည်ငင်စက် ၂၆ စက်တို့အား တီးတိန် ပိုးချည်စက်ရုံသို့ အဆင့်မြှင့်တင်ပြောင်းရွှေ့ တပ်ဆင်လည်ပတ်ခဲ့ပါတယ်။ ပိုးစာပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် လုံလောက်သည့်ရင်းနှီးမြှုပ်နှံမှုဖြင့် စနစ်တကျ ဆောင်ရွက်ပါက စီးပွားရေး အကျိုးအမြတ်ရရှိသည့် လုပ်ငန်းဖြစ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဖြင့် ပိုးချည်စက်ရုံ ထူထောင်ခြင်း၊ ပိုးထည်များရက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေခြင်းဖြင့် ပိုးအိမ်ထွက်ကုန်များ ဈေးကွက်ရရှိလာနိုင်ကာ ပိုးမွေးတောင်သူများ အတွက်၊ မိသားစုဝင်ငွေတိုးတက်လာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပိုးစာပင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းအတွက် နိုင်ငံတော်နဲ့ ပြည်ပလုပ်ငန်းရှင်ကြီးများမှ၊ ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများ တတ်အားသမျှ စေတနာ ထက်သန်စွာ ဝိုင်းဝန်း ပူးပေါင်းပြီး ရွက်ကုန်လွှင့်၊ တက်စုံလှော်ခတ်ပေးနိုင်မှသာလျှင် ဆင်းရဲနွမ်းပါးမှု အနိမ့် ကျဆုံး အခြေအနေမှလွတ်မြောက်ပြီး ကျေးလက်ဒေသများဖွံ့ဖြိုးလာ၍ ဒေသခံပြည်သူများ အလုပ်အကိုင်များ ရရှိလာပြီး ဝင်ငွေရရှိ လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ သစ်တောပြုန်းတီးမှုဟာ ပိုမိုများပြားပြီး မြို့နယ်အလိုက်ကာကွယ်ထိန်းသိမ်းမှုများပြုလုပ်နေရပါကြောင်း၊ တောမီးရှို့ခြင်းကို လည်း တားဆီးရပါကြောင်း၊ ဒေသခံများမှ ရွှေ့ပြောင်းတောင်ယာမလုပ်ကြရန် ပညာပေး ဟောပြောပွဲများ ကျေးရွာများ အထိကွင်းဆင်း၍ ဟောပြောပေးလျက် မြေလွတ် မြေရိုင်းများတို့၌

အခြေခံပထဝီဒေသနဲ့ ကိုက်ညီသော နှစ်ရှည်ပင်များဖြစ်သော ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ သစ်မွှေးပင်အပြင် စားပင်ဖြစ်သော မျောက်ငိုပင်၊ ပျားလိမွော်၊ ပန်းသီးများစိုက်ပျိုးရန်နဲ့ လှေကားထစ်တောင်ယာစနစ်ကို အသုံးပြုရန်စီစဉ် ညွှန်ကြားထားလျက်ရှိပါတယ်။ ရွှေ့ပြောင်း တောင်ယာစနစ်ဟာ သမားရိုးကျစနစ်နဲ့ အသားကျနေပြီ ဖြစ်သော်လည်း ဝင်ငွေတိုးတက်မှုရှိသော သီးနှံပင်များနဲ့ အစားထိုးပြုပြင်ပြောင်းလဲပစ်ရန် ကြိုးစား ရမည်ဖြစ်ပါကြောင်း၊ သစ်တောဆက်လက် မပြုန်းတီးရန်အတွက် ပြည်သူလူထုများ အမြင်ပွင့်လင်းနားလည်စေရန် လိုပြီး နားလည် တတ်ကျွမ်းသူများ နဲ့ အသိပညာပေး ဟောပြောပွဲများ ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသင့်ကြောင်း၊ ဒေသခံပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှလည်း တွေ့မြင်သုံးသပ်ကြပါတယ်။

ခေတ်အဆက်ဆက်တွက်ချက် စစ်ဆေးအဖြေထုတ်ပြီး ယခုအခါ ချစ်ရေးပုံပြင်ရေးသား ကြရမည်ဖြစ်ပါတယ်။ ထို့ကြောင့် ဖွံ့ဖြိုးမှုတိုးတက်လာအောင်၊အခြေခံလိုအပ်ချက်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ ပေးခြင်းအားဖြင့် ပိုးမွေးတောင်သူတွေရဲ့ ဝင်ငွေနဲ့လူနေမှုဘဝကိုသာ နိုင်ငံတော်ရဲ့ အမျိုးသားရေးအကျိုးအတွက်ကိုပါ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ နိဂုံးချုပ် အနေနဲ့ မေတ္တာ၊ စေတနာ ၊ စာနာမှု ပေးစွမ်းနိုင်ရည်ရှိသော နိုင်ငံတော်နဲ့ ပြည်ပလုပ်ငန်းရှင်ကြီးများ၊ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်ကြီးများမှ ဦးစားပေး ကဏ္ဍနဲ့ ဦးစားပေးနယ်မြေများ ရွေးချယ်လျာထားသတ်မှတ်၍ ကူညီပံ့ပိုးပေးပါက ကျွန်တော်တို့ရဲ့ ချင်းပြည်နယ်(၉)မြို့နယ်နဲ့မြို့နယ်ခွဲအားလုံးဟာ လက်ရှိလူနေမှုဘဝ အနိမ့်ကျဆုံး အခြေအနေ မှ လွတ်ကင်းပြီး ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်းတင်ပြရင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၂၁။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်မှ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ အဆိုကို အထောက်အကူဖြစ်ဖို့အတွက် ဆွေးနွေးရမှာ ဖြစ်သော်လည်းပဲ အလျဉ်းသင့်လို့ မနေ့က အဆိုတစ်ခုကို ဆွေးနွေးတဲ့ နေရာမှာ ကိုယ်စားလှယ်တစ်ဦးက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရဲ့ အခြေအနေကို တင်ပြသွားတာနဲ့ပတ်သက်ပြီး အနည်းငယ်ထည့်သွင်း ရှင်းလင်းလိုပါတယ်။ အသေးစိတ် ဆွေးနွေး ရှင်းလင်းလိုသော်လည်း အချိန်ကို ငဲ့ညှာသော အားဖြင့် အကျဉ်းချုပ်သာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီကိုယ်စားလှယ်ကြီးဟာ သူ့ရဲ့ဆွေးနွေးချက်ကို လေးနက်အောင်၊ ဇာတ်နာအောင် အလွန်အကျွံတင်ပြလိုက်မိတာလို့ပဲ ကျွန်တော် ဖြေတွေးတွေးမိပါတယ်။ သူ့အနေနဲ့ ဆင်းရဲမှု ရာနှုန်းမြင့်မားတဲ့ မိမိလူမျိုးရဲ့အကျိုးကို ရှေးရှုပြောကြားခဲ့တာဖြစ်လို့ စေတနာလွန်ကဲ သွားတာပဲ ဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်။

သို့သော်လည်းပဲ လွှတ်တော်ရဲ့ဆွေးနွေးချက်တွေဟာ တစ်နိုင်ငံလုံးက ကျွန်တော်တို့ Sky Net Channel ကနေစောင့်ကြည့်နေကြတာမို့ ကလေးမြို့နယ်ရဲ့ အခြေအနေကို မသိတဲ့လူဟာ ဒီ Channel ကို ကြည့်မိပြီး အော် ကလေးမြို့မှာ ချင်းအမျိုးသားတွေ အနှိမ်ခံနေရတယ်လို့ အထင်အမြင်လွဲမှားသွားမှာ စိုးတဲ့အတွက် ကျွန်တော် ရှင်းလင်းတာ ဖြစ်ပါတယ်။ ကျွန်တော် လွဲမှားနေတာကို တည့်မတ်ပေးတာသာ ဖြစ်ပါတယ်။ ကျွန်တော် အပြစ်တင်တာလည်း မဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးသွားတဲ့အထဲမှာ အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့တာ ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းချင်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့နယ်မှာ ၂၀၁၁ ခုနှစ် ကျွန်တော်တို့ အစိုးရသစ်ပေါ်လာပြီးတဲ့ နောက်ပိုင်းမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကို အားလုံးအသစ် ပြန်လည်ရွေးချယ်ခဲ့ပါတယ်။ အဲဒီလို ရွေးချယ်တဲ့နေရာမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ ဝင်ရောက်စွက်ဖက်ခြင်း

မပြုဘဲ တောက်လျှောက် စောင့်ကြည့်လာခဲ့တာ ဖြစ်ပါတယ်။ ရွေးချယ်ခဲ့တဲ့ပုံစံဟာ အောက်ခြေကနေစပြီး ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ နယ်မြေမှူး အဆင့်ဆင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ ရွေးချယ်သွားတာ ဖြစ်ပါတယ်။ လျှို့ဝှက်နဲ့တစ်မျိုး၊ ပြောင်တစ်မျိုး ကျွန်တော့် လျှို့ဝှက်မဲပေးစနစ်တစ်မျိုး၊ ပြောင်မဲပေးစနစ်တစ်မျိုး နဲ့မဲစနစ်နဲ့ ရွေးချယ်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လိုချင်တဲ့သူကို ခေါင်းခေါက်ရွေးတဲ့ ပုံစံမဟုတ်ဘူး ဆိုတာကို ဒါ ကျွန်တော်တို့ကိုယ်တိုင် စောင့်ကြည့်လေ့လာ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လေ့လာတွေ့ရှိချက်အရ ချင်းရွာတွေမှာ ချင်းအုပ်ချုပ်ရေးမှူး ရပါတယ်။ ဗမာရွာတွေမှာ ဗမာအုပ်ချုပ်ရေးမှူး ဖြစ်သွားပါတယ်။ ချင်းနဲ့ဗမာ ရောနှောနေထိုင်တဲ့ ကျေးရွာတွေမှာ အင်အားများတဲ့ဘက်က အုပ်ချုပ်ရေးမှူး ရပါတယ်။ ဒါ ကျွန်တော် အဖြစ်မှန်ကို တင်ပြတာ ဖြစ်ပါတယ်။ နောက် သူ တစ်ခု တင်ပြတဲ့ ကလေးမြို့ရဲ့ ပညာရေးအခြေအနေကို ရှင်းလင်းပါမယ်။

သူပြောခဲ့သလို ကျွန်တော်တို့ အိမ်ခြေ(၅၀၀)မပြောနဲ့ အိမ်ခြေ(၁၀၀)နဲ့အထက်ရှိတဲ့ ချင်းရွာအားလုံးမှာ အစိုးရကျောင်းတွေ ရှိပါတယ်။ ရှိပြီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်ခြေ(၁၀၀)ရှိပြီး အစိုးရကျောင်းမရှိတဲ့ ရွာတစ်ရွာ ရှိပါတယ်။ အဲဒါကတော့ ဗမာရွာပါ။ ကလေးမြို့ရဲ့ တောင်ဘက် (၁၆)မိုင်လောက်မှာရှိတဲ့ အောင်ချမ်းသာဆိုတဲ့ ကျေးရွာဟာ ဗမာရွာဖြစ်ပါတယ်။ အိမ်ခြေ(၁၀၀)ကျော် ရှိပါတယ်။ သို့သော်လည်းပဲ အစိုးရကျောင်း မရှိသေး ပါဘူး။ နောက် ကျွန်တော်တို့ ကလေးမြို့ရဲ့တောင်ဘက် မိုင်(၃၀)ကျော်လောက်မှာ တောင်ကြားထဲက ရွာလေး တစ်ရွာ ရှိပါတယ်။ အဲဒါကတော့ ချင်းရွာပါ။ အတိအကျ ပြောရရင်တော့ ဖလမ်းလူမျိုးတွေ နေတဲ့ ရွာလေးပါ။ အိမ်ခြေ(၃၀)ပဲ ရှိပါတယ်။ ဒါပေမဲ့ အစိုးရကျောင်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါ အတိုချုံ့ပြောတာပါ။ ကလေးမြို့နယ်မှာ ကိုယ်စားလှယ်ကြီး ပြောခဲ့တဲ့ အခြေအနေမျိုး မရှိဘူး ဆိုတာ ရှင်းလင်း ပြောကြားခြင်း ဖြစ်ပါတယ်။

အခု ကျွန်တော် ဆက်လက်ပြီးတော့ ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို ဆက်လက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်တံခါးပေါက်လို့ တင်စားခေါ်ဝေါ်တဲ့ ကလေးမြို့မှာ နေထိုင်သူ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို အနီးကပ် မြင်တွေ့နေရ သူလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ချင်းပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ မြို့များ၊ ကျေးရွာများ အထူးသဖြင့် ကလေးမြို့နယ်နဲ့ဆက်စပ်နေတဲ့ ကျေးရွာများကို မကြာခဏ

သွားရောက်ခဲ့ဘူးပါတယ်။ တစ်နိုင်ငံလုံးရဲ့ ဆင်းရဲနွမ်းပါးမှု (၂၆)ရာခိုင်နှုန်းရှိတဲ့အချိန်မှာ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုဟာ (၇၃)ရာခိုင်နှုန်းရှိတယ်ဆိုတာ အံ့သြစရာ မရှိပါဘူး။ ချင်းပြည်နယ်ရဲ့ ဆင်းရဲရတဲ့ အဓိက အကြောင်းအရင်းကတော့ ချင်းတောင်တန်းကြီးရဲ့ မြင့်မားမတ်စောက်တဲ့ ပထဝီဝင်အနေအထားကြောင့် ဖြစ်ပါတယ်။ အဲဒီလို မြင့်မားမတ်စောက်တဲ့ ပထဝီဝင်အနေအထားကြောင့်မို့ လမ်းပန်း ဆက်သွယ်ရေးတွေ ခက်ခဲပါတယ်။ အမြဲတမ်း စိုက်ပျိုးနိုင်တဲ့မြေဧက နည်းပါးပါတယ်။ ရွှေ့ပြောင်း တောင်ယာကို အားထားရပါတယ်။ ရွှေ့ပြောင်းတောင်ယာကြောင့် တောတွေ ပြုန်းမယ်၊ တောတွေ ပြုန်းတော့ ရေအရင်းအမြစ်တွေ ပျောက်တယ်။ ရေအရင်းအမြစ်တွေ ပျောက်တဲ့အတွက် အကျိုးဆက်တွေ မကောင်းဘဲ ဒီလိုနဲ့ အဆိုးသံသရာလည်ပြီးတော့ နောက်ဆုံးမှာ ဒီဒေသက ပုဂ္ဂိုလ်တွေဟာ မူရင်းဒေသကို စွန့်ခွာပြီး ရေကြည်ရာ မြက်နုရာကို ပြောင်းရွှေ့ကြရတာ ဖြစ်ပါတယ်။ ဒါ သာဓကအနေနဲ့ ကျွန်တော် ပြောရရင်တော့ ကျွန်တော်ဟာ ချင်းပြည်နယ်က တိုင်းရင်းသားများ ပြောင်းရွှေ့တာကို အဓိက ထားပြီး ကျွန်တော် ဖောင်းပေး ဆွေးနွေးတာ ဖြစ်ပါတယ်။ ချင်းပြည်နယ်က အဓိက ပြောင်းရွှေ့တဲ့ နေရာဟာ ကလေးမြို့နယ်ကို ပြောင်းရွှေ့ပါတယ်။

ကလေးမြို့နယ်ကို ကျွန်တော်တို့ ချင်းတောင်ပိုင်းကရော၊ မြောက်ပိုင်းကရော အားလုံးဟာ ပြောင်းရွှေ့လာကြတာ ဖြစ်ပါတယ်။ သာဓကအနေနဲ့ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ချင်းတောင် ပေါ်က ရွာတွေဟာ အိမ်ခြေ (၃၀၊၄၀၊၅၀)လောက်ပဲ ရှိပြီး အိမ်ခြေ(၁၀၀)ကျော်တဲ့ ရွာနည်းပါးနေပြီ ဖြစ်ပါတယ်။ ကလေးမြို့နယ်ထဲက ချင်းပြည်နယ်အစပ်မှာတော့ ချင်းရွာကြီးတွေ (၃၀)ကျော် ရှိပါတယ်။ အဲဒီ(၃၀)ကျော်ဟာ အိမ်ခြေ(၃၀၀၊ ၄၀၀၊ ၅၀၀) ရှိတဲ့ရွာကြီးတွေ ဖြစ်ပြီး အများဆုံး အိမ်ခြေ (၂၀၀၀)ကျော်တဲ့ ရွာတွေတောင်မှ ဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြောချင်တဲ့အချက်ကတော့ ဒီအခြေအနေကို ထိန်းသိမ်းဖို့ လိုပါတယ်။ ဒီအခြေအနေ အတိုင်းပဲ ဆက်လက်သွားမယ်ဆိုရင် ချင်းပြည်နယ်မှာ လူဦးရေ လျော့နည်းနိမ့်ကျလာမယ်။

နောက် ရွာတော်တော်များများဟာလည်း ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်ဟာ နယ်စပ်ဒေသ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံနဲ့ နယ်ချင်းစပ်တဲ့ ပြည်နယ် ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်နိုင်ငံမှာ လူမရှိရင် အခြားအိမ်နီးချင်းနိုင်ငံတွေက ကျူးကျော် ဝင်ရောက်နေထိုင်မှာ ဖြစ်ပါတယ်။ ကျူးကျော် ဝင်ရောက်နေထိုင်တဲ့သူတွေဟာ မသမာသူတွေ

လည်း မြောက်မြားစွာ ပါလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ဒီအခြေအနေတွေကို မထိန်းသိမ်းရင် နိုင်ငံတော်ရဲ့ လုံခြုံရေးကိုပါ စိုးရိမ်စရာ ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအခြေအနေတွေ ကို ထိန်းသိမ်းကုစားနိုင်မယ့် နည်းလမ်းကတော့ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေပေးပြီး ဆင်းရဲမှုနှုန်းလျော့ကျအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် ရေ၊ မြေ၊ တောတောင် အနေအထားအရ သာမန်အားဖြင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးတယ် ပြောလို့ရပါတယ်။ သို့သော်လည်းပဲ အကူအညီအထောက်အပံ့များနဲ့ ဆောင်ရွက်ရင်ဖြစ်နိုင်တဲ့ လုပ်ငန်းတွေ အများကြီး ရှိပါတယ်။ ချင်းပြည်နယ်တစ်ခုလုံးမှာ နွားနောက်မွေးလို့ ရပါတယ်။ တောင်ပိုင်းမှာ “ဝ”ဥ စိုက်ပျိုးလို့ ရပါတယ်။ မြောက်ပိုင်းမှာ လက်ဖက်စိုက်ပျိုးလို့ ရပါတယ်။ ပေ(၃၀၀၀)အောက် နိမ့်တဲ့နေရာမှာ ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်းတွေ ကိုထူထောင်လို့ရပါတယ်။ ပန်းသီး၊ လိမ္မော်စိုက်ပျိုးခြင်း၊ ထင်းရှူးဆီထုတ်လုပ်ခြင်းနဲ့ ပိုးမွေးမြူခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လို့ရပါတယ်။ အခုတော့ ဒါတွေက အနည်းအကျဉ်းပဲ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ Mass Production စတင်နိုင်မှ ဆင်းရဲမှု လျော့ကျမှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ Mass Production စနိုင်ဖို့ဆိုတာ အရင်းအနှီးနဲ့ နည်းပညာတွေ လိုအပ်ပါတယ်။ ကျွန်တော် သာဓကတစ်ခုပြောရရင် ကျွန်တော်တို့ ချင်းပြည်နယ်ဟာ လက်ဖက် ပြည်နယ်ဖြစ်ပါတယ်။ လက်ဖက်ပြည်နယ်လို့ ပြောပါတယ်။ အဲဒီလက်ဖက်ပြည်နယ် ဖြစ်တဲ့ အတွက် ကျွန်တော်တို့ ဒေသရဲ့ အကြီးအကဲတွေက ကလေးမြို့က လုပ်ငန်းရှင်တွေကို တောင်ပေါ် မှာ လက်ဖက်စိုက်ခိုင်းပါတယ်။ စိုက်တဲ့အခါမှာ ငွေအင်အား အရင်းအနှီးနဲ့ တက်ပြီး စိုက်တဲ့အခါ မှာ ကျွန်တော်တို့ လုပ်ငန်းအောင်မြင်ပြီးတော့ WHO ကတောင်မှ ဆုတွေဘာတွေ ရရှိခဲ့တဲ့ သာဓက ရှိပါတယ်။ ဒါဟာ ဘာလဲဆိုရင် အရင်းအနှီးရှိရင် အောင်မြင်နိုင်တယ်ဆိုတဲ့ သာဓကကို ပြောပြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ Mass Production စနိုင်ဖို့အတွက် နည်းပညာတွေ၊ ငွေအရင်းအနှီးတွေ ထည့်ပြီးတော့ ကျွန်တော်တို့ ကူညီမယ်ဆိုရင် ချင်းပြည်နယ်ရဲ့ ဆင်းရဲမှုဟာ (၃၄) နှစ်အတွင်းမှာ ကျဆင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ အရင်းအနှီးနဲ့ နည်းပညာတွေ ရရှိဖို့အတွက် နိုင်ငံတော်အစိုးရတင်သာမက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ NGO၊ INGO များပါ ပါဝင်ကူညီဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ သို့ဖြစ်၍ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ တင်သွင်းခဲ့တဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၅း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၂၉။**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကျွန်တော်မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ တင်ပြထားတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဥပဒေအရ နယ်စပ်ဒေသနဲ့တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနဲ့ အညီ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားများရဲ့ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သွားမည်ဆိုတဲ့ ပြဋ္ဌာန်းချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေနဲ့လည်းပဲ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားများရဲ့ ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပဆိုင်ရာနဲ့ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်သွားရန် စီမံဆောင်ရွက် သွားနိုင်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်ပါအတိုင်းလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီနေရာမှာ ၁၉၉၁ ခုနှစ် ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၁

ခုနှစ်အထိကို ဒါ ဆောင်ရွက်ပေးသွားတဲ့ ရန်ပုံငွေပေါင်းချုပ်အနေနဲ့လည်း ကျွန်တော် တင်ပြလိုတာကတော့ သန်းပေါင်း(၁၂၁၀.၄၇) ရှိပါတယ်။ ကဏ္ဍအလိုက် ဆောင်ရွက်မှုများ ကိုတော့ ကျွန်တော် အချိန်ကို ငဲ့ညှာသောအားဖြင့် တင်ပြခြင်း မရှိတော့ပါဘူး။ ကျွန်တော် တင်ပြလိုတာကတော့ ချင်းပြည်နယ် အတွင်းမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်း အနေနဲ့ ကျွန်တော်တို့ အခုဒီနှစ် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ လျာထားတဲ့ ပဉ္စမငါးနှစ် အမျိုးသားစီမံကိန်းမှာ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ ချင်းပြည်နယ်အတွင်းမှာ နယ်စပ်ဒေသနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဥ်မြေသားလမ်း (၁၂၀)မိုင်အထိ လျာထားပြီးတော့ ကျောက်လမ်းအားဖြင့် (၄၅)မိုင်၊ ကတ္တရာလမ်းအဖြစ်မိုင်(၂၀)၊ ကွန်ကရစ်တံတားအနေနဲ့ကတော့ ပေအားဖြင့်(၂၆၀၀)နဲ့ သစ်သားတံတားပေအားဖြင့် (၁၀၀၀)ပေ၊ ကွန်ကရစ်ရေပြွန်အားဖြင့် အခု(၅၀)၊နောက်တစ်ခါရေပြွန်အားဖြင့်(၇၀၀)ပေ၊ စာသင်ကျောင်းဆိုလို့ရှိရင်တော့(၂၃)ကျောင်း၊ (၁၆)ခုတင်ဆံ့ဆေးရုံတစ်ရုံနဲ့ဆေးပေးခန်း(၂)ခန်း၊ကျေးလက်ကျန်းမာရေးဌာန(၃)ခုနဲ့ ကျေးလက် ကျန်းမာရေးဌာနခွဲ(၅)ခု ပါဝင်ပါတယ်။ ရေရရှိရေး လုပ်ငန်းအနေနဲ့(၆၅)ခု၊ မွေးမြူရေး ကုသရေးရုံး(၁)ရုံးနဲ့မွေးမြူရေးခြံ(၅)ခြံ၊ကျေးလက်မီးလင်းရေးလုပ်ငန်း(၂၀)ခုတို့ဆောင်ရွက်သွား မည်ဟု လျာထားခဲ့ပါတယ်။

ဒီနေရာမှာ ခုနက ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဆလိုင်းခွဲယန် ရဲ့ တင်ပြချက်အတိုင်း မြို့နယ်အဆင့်များအထိ ကွင်းဆင်း ပြီးတော့ အခြေခံကိန်းများ မှန်ကန်မှုရရှိစေရေး ဆောင်ရွက်သွား ပြီးတော့ ခုနက လျာထားတဲ့ Project များကို အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ် အတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ပူးပေါင်း ဆောင်ရွက်မှု အနေအထားလေးကိုလည်း အကျဥ်းတင်ပြ သွားပါမယ်။ WFP ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဥ်နဲ့ ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ ချင်းပြည်နယ် အတွင်းမှာ ဆန်နဲ့ စားနပ်ရိက္ခာဖြန့်ဝေရန် နားလည်မှု စာချွန်လွှာကို ကျွန်တော်တို့ ၂၂-၇-၂၀၁၀ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ဒီကာလတိုအတွင်းမှာ ကယ်ဆယ်ရေးထောက်ပံ့ခြင်း၊ လုပ်အားအတွက် အရေးပေါ်၊ လုပ်အားအတွက် စားနပ်ရိက္ခာ ထောက်ပံ့တာ၊ သင်တန်းအတွက် စားနပ်ရိက္ခာထောက်ပံ့တာ၊ မိခင်ကလေးကျန်းမာရေးအာဟာရ ထောက်ပံ့တာ၊(၅)နှစ် အောက်ကလေးအာဟာရနှင့် ကျန်းမာရေးနဲ့ HIV၊ TB ဝေဒနာရှင်များ ထောက်ပံ့ခြင်းနဲ့ ပညာရေးအတွက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်း၊ ဒေသခံဆရာ/ဆရာမများ ထောက်ပံ့ခြင်း လုပ်ငန်းများအပါအဝင် အမေရိကန် ဒေါ်လာအားဖြင့် (၁၉၄၉၁၉၉)ဖြင့် သဘောတူညီချက် ရရှိပြီးတော့ ဆောင်ရွက်လျက်ရှိရာမှာ အခု ၂၀၁၂ ခုနှစ်၊ ဇွန်လအထိကို ကျွန်တော်တို့ဆန်နဲ့ စားနပ်ရိက္ခာထောက်ပံ့မှုဟာ မက်ထရစ်တန်အားဖြင့် (၅၈၄၉.၄၇) မက်ထရစ်တန် ရှိကြောင်း ဖြန့်ဝေပြီးကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်အတွင်းမှာ ကိုယ်စားလှယ်ကြီးများတင်ပြ သွားတဲ့အတိုင်းပါပဲ နယ်စပ်ရေးရာဝန်ကြီးဌာနဲ့ UNDP ပူးပေါင်းပြီးတော့ ဝေးလံမြို့နယ်များ ဖြစ်တဲ့ လူမှုဖွံ့ဖြိုးရေး စီမံကိန်းမှာ CDRT လုပ်ငန်းတွေမှာ ပလက်ဝ၊ တီးတိန်၊ ထန်တလန်၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်များမှာ ပညာရေး၊ကျန်းမာရေး၊ ရေရရှိရေးနဲ့ ဝင်ငွေတိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီးတော့ လမ်းပြုပြင်ခြင်း လုပ်ငန်းက (၂၈)ခု ရှိပါတယ်။ ရေရရှိရေးကတော့ လုပ်ငန်း(၃)ခုရှိပါတယ်။ ဆည်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းက (၄၇) ခုရှိပြီးတော့ တိရိစ္ဆာန်မွေးမြူခြင်းလုပ်ငန်း အကောင်ရေအားဖြင့်ဆိုရင် (၅၀၀၀)ကျော်ရှိ ပါတယ်။ စပါးဘဏ်ထူထောင်ပေးခြင်းက လုပ်ငန်းက (၂၂၃)ခု ရှိပြီးတော့ ဆည်တည် ဆောက်ခြင်းက (၁၇)ခု ရှိပါတယ်။ အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေတိုးပွားရေးလုပ်ငန်း (၁၃၉)ခု ရှိကြောင်း တွေ့ရှိရပါတယ်။ ဒီနေရာမှာလည်းပဲ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များ တင်ပြသွားတဲ့ အတိုင်း ရေရရှိမှု မရှိသေးတဲ့ မြို့နယ်များ ကို မှန်မှန်ကန်ကန် ရေရှိရေးကိစ္စများမှာ အထက်ပါ ကုလသမဂ္ဂအစီအစဥ်များနဲ့ ပူးပေါင်းတဲ့ အခါမှာ Project ကို Survey လုပ်တဲ့အခါမှာ မှန်မှန်ကန်ကန် ရှိရေးအတွက် မျှတမှုရှိရေး အတွက် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခု တင်ပြလိုတာကတော့ ဒီနေ့ အိန္ဒိယနိုင်ငံနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဥ်နဲ့ ပတ်သက်ပြီးတော့ အိန္ဒိယသမ္မတနိုင်ငံ နဲ့ပူးပေါင်း ပြီးတော့ အိန္ဒိယနယ်စပ်နဲ့ ထိစပ်လျက်ရှိတဲ့ ချင်းပြည်နယ်၊ နာဂအုပ်ချုပ်ရေး ကိုယ်ပိုင်ရ ဒေသများမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ရန်

တစ်နှစ်မှာ အမေရိကန်ဒေါ်လာ (၅)သန်း တန်ဖိုးရှိတဲ့ စီမံကိန်းများကို (၅)နှစ်စီမံကိန်းနဲ့ စုစုပေါင်း အမေရိကန်ဒေါ်လာ(၂၅)သန်း ထောက်ပံ့ရေးအတွက် နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာကို ပြီးခဲ့တဲ့ မေလ ၂၈ ရက်နေ့က ကျွန်တော်တို့ လက်မှတ်ထိုးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းမှ ချင်းပြည်နယ်အတွက် ခုနက တင်ပြခဲ့ကြတဲ့ လိုအပ်ချက် ဖြစ်နေတဲ့ လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားရေးဘဝများ တိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ပေးရေး အကူအညီများကို အခု လာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စတင်ပြီးတော့ အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြချက်အရ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျွန်တော်တို့ ပလက်ဝမြို့နယ်၊ မင်းတပ်၊ မတူပီများမှာ တိုးချဲ့ရေပေးရေးလုပ်ငန်းများ၊ ထန်တလန်မြို့နယ် ရွာဘုတ်ကျေးရွာမှာ ရေရရှိရေးလုပ်ငန်း၊ သဘာဝအန္တရာယ်ဖြင့် ပျက်စီးသွားသော တီးတိန်နဲ့ တွန်းဇံမှာ ရှိတဲ့ ရေပိုက်လိုင်းများပြုပြင်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်း(၁၆၅.၂၉)သန်း၊ ကန်ပက်လက်မြို့မှာ မြေသားလမ်းအားဖြင့် (၉)မိုင်မှာ(၆.၅)မိုင်ဆောင်ရွက်ခြင်းနဲ့သစ်သားတံတား တည်ဆောက် ပေးခြင်းလုပ်ငန်း၊ တီးတိန်မြို့မှာလည်း တံတားများပြင်ဆင်ခြင်းလုပ်ငန်း၊ မတူပီမှာ ဆိုင်ကယ်သွားလမ်း (၈)မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းများအတွက် စုစုပေါင်း(၁၂၀.၇၄)သန်းအား လည်းကောင်း သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ ရေပေးဝေရေးနဲ့ လမ်းတည်ဆောက်ခြင်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်း နှစ်ရပ်ပေါင်းအတွက်ကိုတော့စုစုပေါင်းကျွန်တော်တို့ (၂၈၆.၀၃)သန်း သုံးစွဲခဲ့ပြီးကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လွှတ်တော် ကိုယ်စားလှယ်များရဲ့ တင်ပြချက် အရ ဖလမ်းမြို့နယ် ရိခေါဒါရ်မှာ ရေပေးဝေရေးအတွက်ကို (၈၃.၈)သန်း သုံးစွဲ၍ အခုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းပြီးစီးမှုမရှိသေးပါဘူး။ ဖလမ်းမြို့မှာ လည်းပဲ မြေသားလမ်း (၁၇)မိုင်၊(၂)ဖာလုံနဲ့ကတ္တရာလမ်း (၂)ဖာလုံ၊ပလက်ဝမှာ ဆိုင်ကယ်လမ်း ဖောက်လုပ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီးတော့ စုစုပေါင်း ကျွန်တော်တို့ (၁၃၁.၆၁)သန်း သုံးစွဲခဲ့ပြီးတော့ လာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ရန်ပုံငွေမှ လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ တင်ပြချက်အဆိုအရ ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နဲ့အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ မှလည်း တတ်အားသမျှ စေတနာထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ပါက ချင်းပြည်နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများစွာ အထောက်အကူဖြစ်စေနိုင်မယ်လို့ ယုံကြည်ပါကြောင်းနဲ့ ပြည်ထောင်စုအစိုးရအနေနဲ့ လိုအပ်တဲ့ဥပဒေများ၊ လုပ်ငန်းစဥ်များ ပြဋ္ဌာန်း ချမှတ်ပြီး လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော ချင်းပြည်နယ်ဒေသ ဖွံ့ဖြိုးရေး နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အစီအမံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၃၉။**

**ဥက္ကဋ္ဌ။** ။ UNDP နဲ့ မနေ့က တွေ့တဲ့အခါမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ သက်ဆိုင်ရာနယ်မြေဒေသက လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်ပင်ဖို့ လိုတယ်လို့ ပြောလိုက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကတော့ ခုန ဦးဆလိုင်းခွဲယန် တင်ပြသလိုပါပဲ အကုန်ရောက်တယ်၊ အကုန်လုံးသိတယ်။ သူက ဒီအားလုံးရဲ့ ကိုယ်စားပြုထားတာ ဖြစ်ပါတယ်။ အဲဒီ အခုလည်း သူတို့က Country Program က ဆွဲတုန်း ပြောတယ်။ စက်တင်ဘာကျမှ သူ Detail Program ထွက်မယ်ဆိုတယ်။ ဒါမျိုးတွေ ဆွဲတဲ့အခါမှာ ချင်းပြည်နယ်အတွက်ဆိုရင် ချင်းတိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ပြီးတော့ ဆွဲဖို့ ကောင်းပါတယ်။ ဒါတစ်ပိုင်း ပေါ့နော်။ အလားတူ UNDP လိုပဲ အလားတူ INGO တွေ၊ UN အဖွဲ့အစည်းတွေ အားလုံးကို ဗိုလ်ချုပ်တို့ ဝန်ကြီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့ ကိစ္စတွေအားလုံးကို ဒီလိုပဲ ဆောင်ရွက် ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ နောက်တစ်ခုကတော့ ဒီမှာ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများ ဆိုတဲ့ အဆိုမှာ ပါတဲ့ကိစ္စပေါ့နော်။ ဒီကိစ္စကလည်း လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပါပဲ။ ဒါခုန တိုင်းရင်းသားတွေက ချမ်းသာလာလို့ရှိရင် အားလုံး ဆင်းရဲသူကို မျှဝေပေးရမယ်ဆိုတဲ့ စိတ်ဓာတ်က ရှိရမယ်။ ဒါလေးကိုလည်း Organize လုပ်ပြီးတော့ ဝန်ကြီးဌာနက နည်းနည်း Organize လုပ်လိုက်ပါ။ လုပ်ပြီးတော့မှ ခုနကလို Servey လုပ်ပြီးတော့ INGO လုပ်သလို ကိုယ့်ပြည်တွင်းက NGO ကလည်း ဘာလို့မလုပ်နိုင်ရမှာလဲ၊ ဒီလိုလေးဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒီအချက် နှစ်ချက်ပေါ့။ ကောင်းပြီ။

**အချိန်၊ ၁၅:၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှစေတနာထက်သန်စွာ ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ပါရန် အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့အသင့်ရှိကြ စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုကို ထောက်ခံမဲ(၁၇၉)မဲ၊ ကန့်ကွက်မဲ(၁)မဲ၊ ကြားနေမဲ(၃)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများတဲ့အတွက် ဦးဟာရှိန်းဘွေရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၏ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)၏ အိမ်နီးချင်းနိုင်ငံများမှ လူမျိုးခြားများ မြန်မာနိုင်ငံတွင်း စိမ့်ဝင်ရောက်ရှိနေခြင်း မသမာသော နည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းများကို ဥပဒေစိုးမိုးရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် အထူးစီမံချက်တစ်ရပ်ချမှတ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅:၄၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က အိမ်နီးချင်းနိုင်ငံများမှ လူမျိုးခြားများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်ရောက်ရှိနေခြင်း၊ မသမာသော

နည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းများကို ဥပဒေစိုးမိုးရေး အတွက် အမျိုးသားရေးတာဝန်အဖြစ် အထူးစီမံချက်တစ်ရပ် ချမှတ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်နဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော် သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြတ်ဉာဏစိုး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါ လို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုလွှတ်တော်သို့ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ အိမ်နီးချင်းနိုင်ငံများက လူမျိုးခြားတွေ မြန်မာနိုင်ငံထဲကို စိမ့်ဝင်ရောက်ရှိနေခြင်း၊ မသမာသော နည်းလမ်းတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ကိုင်ဆောင်ထားခြင်းများကို ဥပဒေစိုးမိုးရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးစီမံချက်တစ်ရပ် ချမှတ် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ပထဝီအနေအထားအရ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီး(၂)ခုတို့ကြားမှာ တည်ရှိနေပါတယ်။ နောက်တစ်ခါ နိုင်ငံရဲ့ အနောက်ဖက် ထိစပ်နေတဲ့ နိုင်ငံတစ်ခုဟာဆိုရင်လည်း လူဦးရေသန်း (၂၀၀)နီးပါးရှိပြီးတော့ သူတို့နိုင်ငံရဲ့ နယ်နိမိတ်အကျယ်အဝန်းနဲ့ လူဦးရေ မျှတမှုမရှိတော့ဘဲနဲ့ လူဦးရေပေါက်ကွဲမှုနဲ့ ကြုံတွေ့နေရတဲ့ အဲဒီနိုင်ငံနဲ့လည်း ကျွန်တော်တို့ နိုင်ငံရဲ့အနောက်ဖက်မှာ နယ်နိမိတ်အားဖြင့်မိုင်ပေါင်းရာချီပြီးတော့ ထိစပ်တည်ရှိနေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုရင် သမိုင်းအစဉ်အဆက်က ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း နဲ့ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် တည်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံကို ကျူးကျော်ထိပါး ခဲ့တဲ့ နယ်ချဲ့ တွေလည်းရှိခဲ့ပါတယ်။

ဒီလို ပြည်ပကျူးကျော်မှုတွေကို အကြိမ်ကြိမ် တွန်းလှန်ခဲ့ပါတယ်။ ကိုလိုနီနယ်ချဲ့ တွေရဲ့ သိမ်းပိုက်မှုကိုလည်း တိုင်းရင်းသားညီအစ်ကိုတွေရဲ့ စုစည်းညီညွတ်တဲ့အင်အားနဲ့ပဲ တွန်းလှန်ခဲ့ တာပါ။ ဒီလိုတွန်းလှန်ခဲ့ပြီးတဲ့အခါမှာ လွတ်လပ်တဲ့ အချုပ်အခြာပြည်ထောင်စု

တစ်ခုအဖြစ် တည်ရှိခဲ့တဲ့အခါမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ မိတ်ဝတ်မပျက် နေထိုင်ခဲ့တာ ဖြစ်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ တိုင်းရင်းသား ညီအစ်ကို လူမျိုးပေါင်းစုံ (၁၃၅)မျိုး မှီတင်းနေထိုင်ပါတယ်။ ဒီ(၁၃၅)မျိုးလုံးဟာ ပြည်ထောင်စု စိတ်ဓာတ် အပြည့်နဲ့ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာတဲ့ ကျူးကျော်သူမှန် သမျှကို တွန်းလှန် ချေဖျက်နိုင်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။ ပြည်ပကျူးကျော်မှုတွေကို လက်ခံအား ပေး ကူညီခဲ့တဲ့ ဘယ်တိုင်းရင်းသားမျိုးနွယ်စုမှ သမိုင်းမှာ မရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ တော့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားမျိုးနွယ် မဟုတ်တဲ့ လူမျိုးခြားတွေဟာ မြန်မာနိုင်ငံရဲ့မြောက်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းမှာ နယ်နိမိတ်ချင်း ထိစပ် တည်ရှိနေတဲ့စီးပွားရေးအင်အားကြီး၊ လူဦးရေအားဖြင့်လည်း အင်မတန်မှ အင်အားကြီးတဲ့ နိုင်ငံကြီးတစ်ခုက လူမျိုးခြားတို့သည်လည်းကောင်း၊ ခုန ကျွန်တော်တင်ပြသွားခဲ့တဲ့ အနောက်ဖက် မှာ မိုင်ပေါင်းရာချီပြီးတော့ နယ်နိမိတ်ချင်းထိစပ်တည်ရှိနေတဲ့ လူဦးရေပေါက်ကွဲမှု နဲ့ ကြုံတွေ့နေရတဲ့ သူတို့နိုင်ငံရဲ့ အကျယ်အဝန်းအနေအထားနဲ့ သူတို့ လူဦးရေနဲ့ မမျှတတော့တဲ့ နိုင်ငံတစ်ခုက လူမျိုးခြားတွေကလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းကို တစ်စတစ်စနဲ့ စိမ့်ဝင်ရောက်ရှိလာတာကို စိုးရိမ်စဖွယ် တွေ့မြင်နေရပါတယ်။ လူမြိုလို့ လူမျိုးပျောက်မယ့် အခြေအနေကို မရောက်ရှိရအောင် ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ လက်တွဲပြီးတော့ အမျိုးသားရေး အသိစိတ်ဓာတ်နဲ့ ကာကွယ်စောင့်ရှောက်ဖို့ အချိန်ကျရောက်လာပါပြီလို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ အဲဒီမျိုးနွယ်ဝင်၊ ကျွန်တော်တို့ မျိုးနွယ်ဝင်တိုင်းကို ဆိုလိုတာမဟုတ်ပါဘူး။ ဒီအထဲမှာမှ ဧည့်နိုင်ငံသားတွေလည်း ရှိပါတယ်။ ဒါ ကျွန်တော်တို့ တရားဝင် အသိအမှတ်ပြုထားတဲ့ ဧည့်နိုင်ငံသားတွေပါ။ နောက်တစ်ခါ လူဝင်မှုကြီးကြပ်ရေးဥပဒေတွေနဲ့ နိုင်ငံသားဥပဒေတွေနဲ့ အညီအညွတ်ပေါ့နော်။ နိုင်ငံသားအဖြစ် ခံယူခွင့်ပေးထားတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာဆိုရင်ဖြင့် ဒါ မြန်မာ့အရေးကို ထာဝစဉ် အလေးထားမယ့် ညီအစ်ကို နိုင်ငံသားတွေ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံသား အရည်အသွေး ပြည့်မီပြီးတော့ တိုင်းပြည်နဲ့လူမျိုးကို ချစ်တတ်တဲ့သူမှန်သမျှကို ကျွန်တော်တို့ နိုင်ငံအနေနဲ့ လူမျိုးမခွဲ၊ ဘာသာမခွဲဘဲနဲ့ ညီအစ်ကို နိုင်ငံသားတွေအဖြစ် မိမိတို့

တိုင်းရင်းသား အားလုံးကနေပြီးတော့ နွေးထွေးစွာ၊ ချစ်ကြည်စွာ ဆက်ဆံတတ်တဲ့ အစဉ်အလာကောင်းလည်း ကျွန်တော်တို့ နိုင်ငံသားတွေမှာ ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ကျွန်တော်တင်ပြသွားတဲ့ ညီအစ်ကို မောင်နှမကောင်း၊ နိုင်ငံသားကောင်း မဟုတ်ဘဲနဲ့ မြန်မာနိုင်ငံအတွင်းကို တရားမဝင် ဝင်ရောက်လာတယ်။ နိုင်ငံသားဥပဒေတွေနဲ့လည်း မညီညွတ်ဘူး။ လူဝင်မှုကြီးကြပ်ရေး ဥပဒေတွေနဲ့လည်း ညီညွတ်မှုမရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့သူတို့ရဲ့ မျိုးဆက်တွေဟာ မသမာတဲ့နည်းလမ်းတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရယူကိုင်ဆောင်ထားတာကိုလည်း လက်တွေ့မှာ တွေ့မြင်နေရ ပါတယ်။ ကျွန်တော် တင်ပြချင်တာကတော့ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားတိုင်း ဒီလူတစ်ဦး၊ တစ်ယောက်ဟာ နိုင်ငံသားစစ်ပါတယ်လို့ ကျွန်တော်တို့ ပြောဖို့ခက်တဲ့အနေအထားမျိုးဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကျင့်ပျက်ခြစား၊ စရိုက်မမှန်ဘဲနဲ့တိုင်းပြည်နဲ့ လူမျိုးရဲ့မျက်နှာကို မထောက်ဘဲနဲ့ တိုင်းပြည်ကိုလက်ညိုးထိုး ရောင်းစားတဲ့ အကျင့်ပျက်ဝန်ထမ်းတချို့ရဲ့ လုပ်ရပ်တွေဟာ ကျွန်တော်တို့ အခုအချိန်မှာ တွေ့ရှိနေရပါတယ်။ နိုင်ငံသားစိစစ်ရေး၊ ကိုယ်ရေးရာဇဝင်များမှာ အချက်အလက်အခြေအနေ မှန်တွေကို ထိမ်ချန်ထားတာမျိုး၊ ဖုံးကွယ်ထားတာမျိုး၊ လိမ်လည် အစားထိုးဖော်ပြ ထားတာမျိုး တွေ ပြုလုပ်ပြီးတော့ ခုနလူမျိုးခြား၊နိုင်ငံခြားသားတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးနေတယ်ဆိုတာမျိုး သက်သေသာဓကတွေလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာဓက တစ်ခုတင်ပြရမယ်ဆိုရင် ကျွန်တော်နေထိုင်တဲ့ ရန်ကုန်မြို့ တော်ကြီးရဲ့ တာမွေမြို့နယ်အတွင်းမှာ အမျိုးသမီးတစ်ဦးဟာ အသက်အရွယ်(၆၀) ကျော်ပါပြီ။ အဲဒီအချိန်ကျမှ သူ့ရဲ့နိုင်ငံသားစိစစ်ရေးကတ်ပြားဟာ ပျောက်သွားပါတယ်။ ပျောက်သွားတဲ့ အခါကျတော့ အသစ်ပြန်လျှောက်တယ်။ အသစ်ပြန်လျှောက်တဲ့အခါမှာ သူတို့ရဲ့ မိသားစုရာဇဝင် ဇယားကို အခြေပြဇယားကို ကျွန်တော်တို့ရုံးမှာ ပြန်ထုတ်တဲ့အခါကျတော့ သက်ရှိ ထင်ရှားရှိနေ သေးတဲ့ အသက်(၈၀)ကျော်၊ သူ့အဖေရဲ့နေရာမှာ၊ နောက်တစ်ခါ သူ့ရဲ့ အသက်(၇၀)နီးပါး အရွယ်ရှိပြီဖြစ်တဲ့ အစ်မကြီးတစ်ယောက်ရဲ့နေရာမှာ လူမျိုးခြားတွေနဲ့ အစားထိုး ထားတာကို ဒါ တွေ့မြင်ခဲ့ရပါတယ်။ တွေ့မြင့်ခဲ့ရတဲ့အခါကျတော့ ဒါကိုလည်း ဒါပြုလုပ်ခဲ့တဲ့၊ ဆောင်ရွက်ခဲ့တဲ့ ဝန်ထမ်းကလည်း အခုဒီမြို့နယ်မှာ မရှိတော့ပါဘူး။

ဒါကိုလည်း သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနကို အချက် အလက်တွေနဲ့တကွပေါ့နော်။ ဒီမိသားစုက နေပြီးတော့ တိုင်ကြားထားတဲ့ ဖြစ်စဥ်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီလိုဖြစ်စဥ်တွေရှိတဲ့အခါကျတော့ ဒီလိုဖြစ်ရပ်တွေဟာ မိမိတို့ရဲ့ တိုင်းရင်းသား နိုင်ငံသားတွေရဲ့ နိုင်ငံသားအခွင့်အရေးတွေကို မသမာသော နည်းလမ်းမျိုးစုံ သုံးပြီးတော့ အလုယူ ခံနေရတယ်လို့ပဲ တင်ပြသုံးသပ်ချင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ မကြာသေးခင်က ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဥ်တွေမှာဆိုရင် ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ရှိတဲ့ အခြေအနေတွေကို မငြိမ်မသက်ဖြစ်စေဖို့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ဆောင်ရွက်ခဲ့ကြတဲ့ ဖြစ်စဥ်သာဓက တွေကလည်း ဒါပူပူနွေးနွေးပဲရှိပါသေးတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခင် အစိုးရများ လက်ထက်မှာလည်း တရားမဝင် ဝင်ရောက်လာသူများကို စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့တဲ့ နဂါးမင်းစစ်ဆင်ရေးတို့၊ ဟသ်ၤာစစ်ဆင်ရေးတို့၊ ဒီလိုစစ်ဆင်ရေးကြီးတွေနဲ့ လူဝင်မှု ကြီးကြပ်ရေး၊ ဥပဒေစိုးမိုးရေးတာဝန်တွေကို ထမ်းဆောင်ခဲ့တဲ့ အစဥ်အလာကောင်းတွေလည်း ရှိခဲ့ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြည်သူ့ကိုယ်စားလှယ်များ ပါဝင်တဲ့ သမ္မတရွေးချယ်ရေး အဖွဲ့က တင်မြှောက်ထားတဲ့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပေးထားတဲ့ ယနေ့ပြည်ထောင်စုအစိုးရဟာလည်း ပြည်သူတို့ရဲ့အကျိုးစီးပွားကို ကာကွယ်ရန် အလို့ငှာ တရားမဝင် ဝင်ရောက်လာသူများအရေး၊ မသမာသောနည်းလမ်းများဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ရယူကိုင်ဆောင်ထားကြတဲ့ လူမျိုးခြားတွေရဲ့ အရေးကို ဦးစီး၊ ဦးဆောင် ပြုပြီးတော့ တာဝန်ယူ၊ အရေးယူ ဆောင်ရွက်ပေးဖို့ အချိန်အခါ ကျရောက်နေပါပြီလို့ ရိုးသားစွာ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ပြည်ထောင်စုသား တိုင်းရင်းသား၊ နိုင်ငံသားအားလုံးက ဒီလိုဆောင်ရွက်ပေးမယ့် ပြည်ထောင်စုအစိုးရကို ကူညီဆောင်ရွက်ဖို့ အသင့်ရှိနေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အိမ်နီးချင်း နိုင်ငံများမှ လူမျိုးခြားများ မြန်မာနိုင်ငံအတွင်း စိမ့်ဝင်ရောက်ရှိနေခြင်း၊ မသမာသောနည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင် ထားခြင်းများကို ဥပဒေ စိုးမိုးရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် အထူးစီမံချက်တစ်ရပ် ချမှတ်ဖော်ထုတ်အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းအပ်ပါကြောင်း အများပြည်သူအကျိုးငှာ အပြုသဘောနဲ့ အဆိုပြု တင်ပြအပ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးဇူး အများကြီး တင်ပါတယ်။

**အချိန်၊ ၁၅း၅၃။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၅၃။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ရဲ့ အိမ်နီးချင်း နိုင်ငံများမှလူမျိုးခြားများမြန်မာနိုင်ငံအတွင်းစိမ့်ဝင်ရောက်ရှိနေခြင်း၊မသမာသော နည်းလမ်းများ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်ထားခြင်းများကို ဥပဒေစိုးမိုးရေး အတွက် အမျိုးသားရေးတာဝန်အဖြစ် အထူးစီမံချက်တစ်ရပ် ချမှတ်ဖော်ထုတ်အရေးယူ ဆောင်ရွက် သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းဟာ ယနေ့ အခြေ အနေတွေနဲ့ ကိုက်ညီနေတဲ့အတွက် အရေးတကြီး လုပ်ဆောင်ဖို့ လိုအပ်ပါကြောင်း ဤအဆိုကို ထောက်ခံအပ်ပါကြောင်း ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး မှ ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာ မြတ်ဉာဏစိုး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ အဆိုမှာ အိမ်နီးချင်းနိုင်ငံများမှလူမျိုးခြားများမြန်မာနိုင်ငံအတွင်း စိမ့်ဝင်ရောက်ရှိ နေခြင်း၊ မသမာသောနည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းများကို ဥပဒေစိုးမိုးရေးအတွက် အမျိုးသားရေးတာဝန် အဖြစ် အထူးစီမံချက်တစ်ရပ် ချမှတ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျာ။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ရှိပါတယ်။

**အချိန်၊ ၁၅း၅၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပုဒ်မ ၁၄၄ ရုပ်သိမ်းပြီးမှ ဒီအဆိုကို ဆွေးနွေးသင့်တယ်လို့ ထင်ပါတယ်။ လတ်တလောဆွေးနွေးလို့ရှိရင် မီးလောင်ရာ လေပင့်သလို မတည်ငြိမ်မှုတွေ ဆူပူမှုတွေပိုပြီး ဖြစ်လာနိုင်တယ်။ မနေ့ကပဲ ကျောက်တော်မှာ မီးရှို့သွားသေးတယ်။ တပ်မတော်နဲ့၊ ရဲနဲ့ပဲ အလုပ်ရှုပ်တာဖြစ်ပါတယ်။ ဒီအဆိုဟာ အခုမှ လုပ်သင့်တာမဟုတ်ပါဘူး။ အမြဲတမ်းပုံမှန်လုပ်ဆောင်သင့်တဲ့ လုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါတယ်။ အခုချိန်မှာတော့ အကဲဆတ်မခံတဲ့ အနေအထား ဖြစ်ပြီးတော့ ဆူပူဖို့တာစူနေတဲ့အချိန်မှာ ဒီဟာကို ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော် အနေနဲ့ မသင့်လျော်သေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ လတ်တလော muslims countries တွေကလည်း စောင့်ကြည့်နေတာကို ခံနေရတာ ဖြစ်ပါတယ်။ နဂါးမင်းစစ်ဆင်ရေး လုပ်တုန်း ကလည်း စစ်ဆေးမခံနိုင်တဲ့သူများဟာ ထွက်ပြေးကြရင်းနဲ့ တကယ့် Crisis ကြီးတစ်ခု ဖြစ်ပေါ် လာတာကို သမိုင်းမှာ ရှိပါတယ်။ အဲဒါနဲ့ ဟသ်ာစစ်ဆင်ရေးဆိုတာနဲ့ ပြန်ပြီးတော့ ဖြေသိမ့်ပြီးတော့ ပြန်ခေါ်ပြီးတော့ လက်ခံပေးရတဲ့ အနေအထားတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ လတ်တလောဆွေးနွေးဖို့ အချိန်နည်းနည်းစောလွန်းနေပါသေး တယ်လို့ ကျွန်တော့် အနေနဲ့ တင်ပြလို ပါတယ်။

**အချိန်၊ ၁၅း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၊ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ အကယ်၍ မတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ (၄၀)ဦးနှင့်အထက်ဖြစ်လျှင် လက်ခံဆွေးနွေးရန် သဘောတူသည်ဟုလည်းကောင်း၊ (၄၀)ဦး မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟု လည်းကောင်း၊ လွှတ်တော်သို့ ကြေညာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခု လက်ခံဆွေးနွေးရန် သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တပ်ရပ်ပြပါ။

[လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပြပါသည်။]

**ဥက္ကဋ္ဌ**။ ။ (၂၂)ယောက် ရပြီ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုမတ်တတ်ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦး မပြည့်တဲ့အတွက် ဒေါက်တာမြတ်ဉာဏစိုးရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် မရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၅း၅၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၉ ရက်နေ့ (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]